# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ တော်သလင်းလဆန်း (၄)ရက် ၊ အင်္ဂါနေ့ ၊ (15-9-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၃၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် Honorable Mr. TAKEI Shunsuke ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် Honorable Mr. TAKEI Shunsuke ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့နှစ်နိုင်ငံသည် ၁၉၅၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်က စတင်၍ သံတမန်ဆက်သွယ်မှုရှိခဲ့ပြီး အစဉ်အလာကောင်းမွန်ကာ ချစ်ကြည်ရင်းနှီးမှုခိုင်မာခဲ့သော မိတ်ဆွေနိုင်ငံများလည်းဖြစ်ကြပါကြောင်း၊ ထို့ပြင် မိမိတို့နှစ်နိုင်ငံသည် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့်အပြင် ပြည်သူအချင်းချင်းလည်း ရင်းနှီးကျွမ်းဝင်မှုရှိခဲ့ကြပါကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၂၅ ခုနှစ်၌ လွတ်လပ်၍ တရားမျှတသော

စာမျက်နှာ ၁၆ ကော်လံ ၁

## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာမိုင် (၁၁/၆)နှင့် (၁၁/၇)ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ်

စာမျက်နှာ ၁၉ ကော်လံ ၁



နယ်မြေခံတပ်မတော်သားများက ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)တာကိုယ်ထည်တိုက်စားခံရမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

## ထူးခြားသည့် နေ့အပူချိန်များ (၁၄-၉-၂၀၂၆)

| | |
|---|---|
| **မင်းဘူး** | **မြင်းမူ** |
| ၃၈ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ် | ၃၇ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| **စစ်ကိုင်း** | **အောင်လံ** |
| ၃၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ် | ၃၇ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် |
| **ညောင်ဦး** | **ဆင်ဖြူကျွန်း** |
| ၃၈ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် | ၃၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| **မကွေး** | **ရွှေဘို** |
| ၃၇ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ် | ၃၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| **ချောက်** | **ပခုက္ကူ** |
| ၃၇ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ် | ၃၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နေရာကျဲကျဲ၊ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## ဝေါန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေါန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ

စာမျက်နှာ ၁၉ ကော်လံ ၄

ရတနာပုံ ယနေ့ ဖတ်စရာ

**သန့်လျင်ရေနံချက်စက်ရုံ စီမံကိန်းအပိုင်း(၁)ကို စက်ရုံလည်ပတ်မှုနည်းစဉ် တစ်ဆင့်ချင်းအလိုက် စမ်းသပ်လည်ပတ်နေ**

စာမျက်နှာ - ၁၇

ရတနာပုံ
၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၅ ရက်

အယ်ဒီတာ့အာဘော်

# နိုင်ငံတော်တိုးတက်ဖို့ နိုင်ငံသားအားလုံးစည်းလုံးညီညွတ်စို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဟူသောတိုင်းရင်းသားများနှင့် တိုင်းရင်းသားမျိုးနွယ်စုဝင်များသည် သမိုင်းအစ ရှေးပဝေသဏီကပင် နိုင်ငံအနှံ့ နေရာဒေသအသီးသီး၌ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၍ အတူပေါင်းစည်းနေထိုင်လာခဲ့ကြသည်မှာ ယနေ့ကာလတိုင်ဖြစ်ပေသည်။

နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်၍ အချုပ်အခြာအာဏာခိုင်မာရေးနှင့် လူမှုစီးပွားဘဝများ သာယာဝပြောရေးအတွက် အဓိကကျသော မောင်းနှင်အားမှာ ထိုနိုင်ငံရှိ နိုင်ငံသူ၊ နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှု၊ တာဝန်သိမှုပေါ်တွင် များစွာတည်မှီနေသည်။ ရှေးနှစ်ပေါင်း များစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ့်ထီး၊ ကိုယ့်နန်းဖြင့် လွတ်လပ်သောအချုပ်အခြာအာဏာ ပိုင်ဆိုင်လာခဲ့သော မြန်မာနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင်ခံ့ညားထည်ဝါစွာ ရပ်တည်လာခဲ့ရာ ဤအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရမည်မှာ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားနှင့် တာဝန်သာဖြစ်ပေသည်။

**"တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့ အချိန်မှာလည်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ပြန်ပြီး စုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့ လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးက အရေးကြီးပါတယ်"**ဟု နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ယခုနှစ် ဇူလိုင် ၁၉ ရက် အာဇာနည်နေ့ အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့် စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်တွင် အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲညီညီ စည်းလုံးစွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကာ ကျော်ဖြတ်နိုင်ခဲ့သည်။ မိုခါမုန်တိုင်း (၂၀၂၃ ခုနှစ်)၊ ရာဂီမုန်တိုင်း (၂၀၂၄ ခုနှစ်)၊ မန္တလေးငလျင်(၂၀၂၅ ခုနှစ်) စသည့်သဘာဝဘေးတို့ကိုလည်း အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့အတူလက်တွဲ၍ စိန်ခေါ်မှုအမျိုးမျိုးကို ကျော်ဖြတ်နိုင်ခဲ့ပေသည်။ ထိုသို့ ကျော်ဖြတ်နိုင်ခဲ့ခြင်းမှာ စည်းလုံးညီညွတ်ခြင်း၏ သာဓကပင်ဖြစ်ပေသည်။ စိန်ခေါ်မှုနှင့် အခက်အခဲမှန်သမျှကို ရင်ဆိုင်ကျော်လွှားရာတွင် စည်းလုံးညီညွတ်မှုသည် အဓိကသော့ချက်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှု၊ အစုအဖွဲ့စိတ်ဓာတ်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် လက်တွဲဆောင်ရွက်ကြသည့်အခါ အတားအဆီးမှန်သမျှကို ကျော်ဖြတ်နိုင်ကာ အောင်မြင်မှုအသီးအပွင့်များကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ အနာဂတ်တွင် တိုင်းရင်းသားပြည်သူအားလုံးက ယခုထက်ပို၍ စည်းလုံးညီညွတ်စွာဖြင့် အခက်အခဲမှန်သမျှကို ကျော်ဖြတ်ကာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကို အတူတကွ တည်ဆောက်ကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပါသည်။

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၂၂၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၃၂၂၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၃၂၂၅ ဧက စိုက်ပျိုးရန် အတွက်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ မတ်ပဲ ၃၂၂၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်သွားပါမယ်" ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးသွားမည်ဖြစ်သည်။

မတ်ပဲကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ဝမ်းတွင်းမြို့နယ် ဖလန်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖလန်ကန်ကျေးရွာ၌ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၁ ဒသမ ၈၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့်လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဖလန်ကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၁၀၀ ကို ငွေကျပ် ၃၄ ဒသမ ၉ သန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၈၂ ဦးကို ငွေကျပ်၂၆ ဒသမ ၉၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၂ ဦးကို ရန်ပုံငွေကျပ် ၆၁ ဒသမ ၈၅ သန်း ထုတ်ချေးပေးထားကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးထံမှ သိရသည်။

**အောင်ရဲကျော်**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကကတစ်ငါးပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့



**လပွတ္တာ စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကကတစ်ငါး ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ကကတစ်ငါးပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ကကတစ်ငါး ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"လပွတ္တာကနေ ပြီးခဲ့တဲ့ တစ်လအတွင်း ကကတစ်ငါး ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကကတစ်ငါးတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်ခဲ့လို့ တင်ပို့ရောင်းချအားတက်ခဲ့တာပါ။ အခုလို ကကတစ်ငါးတွေ တင်ပို့အားတက်တော့ ရေလုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အဆင်ပြေလာပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ကကတစ်ငါး တစ်ပိဿာလျှင် ငွေကျပ် ၂၄၀၀၀ မှ ၄၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ပုသိမ်ကြီးမြို့နယ် သုံးအိမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပုသိမ်ကြီး စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ သုံးအိမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံ ဝန်ထမ်းများက စီမံကိန်း စက်ဝန်းကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သန်း ၃၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သုံးအိမ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၁၇ ဒသမ ၁ သန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၁၂ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ချောက်မြို့နယ် ပုပ္ပကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ချောက် စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုပ္ပကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပုပ္ပကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ပုပ္ပကန်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၈ ဦးကို ရန်ပုံငွေကျပ် ၇၁ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အထွေး**

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၃၂၇၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ထီးချိုင့် စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၃၂၇၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၁၇၅ ဧကနှင့် ဖူးစားပြောင်းဧက ၂၁၀၀ စုစုပေါင်း ၃၂၇၅ ဧကစိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ ပြောင်းသီးနှံဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးသွားပါမယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ပြောင်းသီးနှံစိုက်ပျိုးမည့်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် မရွေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မရွေးကျေးရွာ၌မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်း တာဝန်ခံ ဝန်ထမ်းများက မရွေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၆ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့်ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

မရွေးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၈ ဦးကို ငွေကျပ် ၂၇ ဒသမ ၀၇၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ကိုးသန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးကို ငွေကျပ် ၁၆ ဒသမ ၅၂၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၈ ဦးကို ရန်ပုံငွေကျပ် ၅၂ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း နှံ့ကားစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း နှံ့ကားစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဆန်စပါးအပြင် လယ်ယာထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိရာ ဇူလိုင်လအတွင်း နှံ့ကားစပါးတင်းရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း နှံ့ကားစပါး တင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ နှံ့ကားစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၇၀၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်က လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်နဲ့ ပုသိမ်ဈေးကွက်ကို အဓိကထား တင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ ဩဂုတ်လအတွင်း ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို နှံ့ကားစပါးတင်းရေ အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကို ဇူလိုင်လကထက် ဩဂုတ်လအတွင်းမှာ နှံ့ကားစပါးတင်းရေ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ အခုလို နှံ့ကားစပါးတွေ တင်ပို့ရောင်းချအား ကောင်းလာတော့ လယ်ယာထွက်ကုန်လုပ်ငန်းနဲ့ ဆက်စပ်သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်"ဟု ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့် နှံ့ကားစပါးအပါအဝင် လယ်ယာထွက်ကုန်ပစ္စည်းများကို ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက စနစ်တကျ ဝယ်ယူစုဆောင်းပြီး ရန်ကုန်ဈေးကွက်မှ လုပ်ငန်းရှင်များနှင့်ချိတ်ဆက်ကာ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသများသို့လည်း ဆက်လက်ဖြန့်ဖြူး ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဘဝတစ်သက်တာအတွက် ဗီတာမင် အပိုင်း(၁၉)

ပါမောက္ခကိုကိုအောင်





အာဟာရဓာတ်များ ဆုံးရှုံးမှုမရှိစေရန်အတွက် အခွံမနွှာဘဲ စားသုံးသင့်သော အစားအစာများကို တွေ့ရစဉ်။

**Although the peels of fruits and the barks of plants are nutritious for many species of animal, not all peels are suitable for human consumption. However, the peels of some vegetables and fruits are rich sources of concentrated nutrients for humans.**

**Prof. Ko Ko Aung**

**အခွံကိုပါ စားသုံးခြင်းဖြင့် ရရှိနိုင်သော အာဟာရများ**

ဟင်းသီးဟင်းရွက် အများစုတို့၏ အခွံများသည် အာဟာရဓာတ် အထူးကြွယ်ဝသည့် အစိတ်အပိုင်းများဖြစ်ကြသည်။ အခွံကို စားသုံးခြင်းမပြုဘဲ နွှာပြီး စွန့်ပစ်မိပါက အောက်ပါအာဟာရများ ဆုံးရှုံးသွားနိုင်သည်။ ဟင်းသီးဟင်းရွက်အခွံများထံမှ ရရှိနိုင်သော အဓိကအာဟာရများကို အောက်ပါအတိုင်း လေ့လာနိုင်သည်။

**အမျှင်ဓာတ်**

အခွံသည် အမျှင်ဓာတ်၏ အဓိကအရင်းအမြစ်ဖြစ်သည်။ အမျှင်ဓာတ်က အစာခြေစနစ်ကို ညှစ်အားပေးခြင်းဖြင့် ဝမ်းမှန်စေကာ အူမကြီး၏ ကျန်းမာရေးကိုလည်း ကောင်းမွန်စေသည်။ သွေးတွင်းသကြားဓာတ်နှင့် ကိုလက်စထရောကိုလည်း ထိန်းညှိပေးနိုင်သည်။

အမျှင်ဓာတ်ကို အဓိကရရှိနိုင်သော အခွံများမှာ သစ်တော်သီး၊ သစ်ကြားသီး၊ ပန်းသီး၊ သစ်တိုသီး၊ အာလူးနှင့် ခရမ်းချဉ်သီးတို့ ဖြစ်ကြသည်။

**ဗီတာမင်များ**

ခရမ်းချဉ်သီး၊ သခွားမွှေး၊ ကီဝီသီး၊ အာလူး စသောအသီးနှင့် မြေတွင်းဥများ၏ အခွံများသည် ဗီတာမင် C အလွန်ကြွယ်ဝသော အာဟာရအရင်းအမြစ်များဖြစ်ကြပြီး ကိုယ်ခံအားစနစ်၏ စွမ်းရည်ကို မြှင့်တင်ပေးသည်။ မုန်လာဥနီ၊ ရွှေဖရုံသီး၊ ကန်စွန်းဥ စသောအခွံအရောင် စုံလင်သည့်အသီးနှင့် မြေတွင်းဥတို့၏အခွံများတွင် မျက်စိနှင့် အရေပြားတို့၏ ကျန်းမာရေးအတွက် အရေးပါသော ဗီတာမင် A အဖြစ်ပြောင်းလဲနိုင်သည့် ဘီတာကယ်ရိုတင်း ကြွယ်ဝစွာ ပါဝင်နေသည်။

သခွားသီးနှင့် ကညွတ် စသောအစိမ်းရောင် ဟင်းသီးဟင်းရွက်တို့၏ အခွံများ၌ သွေးခဲမှု အတွက် အရေးပါသည့် ဗီတာမင် K ပါဝင်သည်။

**သတ္တုဓာတ်များ**

ငှက်ပျောသီး၊ အာလူး၊ ခရမ်းချဉ်သီးတို့၏အခွံများ၌ သွေးပေါင်ချိန်ကိုထိန်းညှိရန်နှင့် အာရုံကြောကြွက်သား၏ လုပ်ငန်းဆောင်တာများအတွက် အရေးပါသော ပိုတက်ဆီယမ်က ကြွယ်ဝစွာပါဝင်နေသည်။

ပဲအမျိုးမျိုးနှင့် ဟင်းနုနယ် စသည့်အပင်အခြေပြုအစားအစာတို့၏အခွံများ၌ သွေးအားကောင်းစေရန်နှင့် ဇီဝဆိုင်ရာ ဖြစ်ပျက်မှုတို့အတွက် အရေးပါသော သံဓာတ်နှင့် ဇင့်ဓာတ်တို့ပါဝင်သည်။

**ဓာတ်တိုးဆန့်ကျင် ပစ္စည်းများ**

အခွံတို့၏အရောင်များအလိုက် ကျန်းမာရေးကို အထောက်အကူပြုသည့် ဓာတ်တိုးဆန့်ကျင် ပစ္စည်းများက ကြွယ်ဝစွာပါဝင်နေကြသည်။

**အပြာရောင်၊ ခရမ်းရောင်အခွံများ**

စပျစ်သီး၊ ဘလူးဘယ်ရီသီးနှင့် ခရမ်းသီးမျိုးစိတ်အချို့၏အခွံများ၌ အန်သိုဆိုင်ယာနင်ဟုခေါ်သည့် ဒြပ်ပေါင်းများက ကြွယ်ဝစွာပါဝင်နေသည်။ ၎င်းဒြပ်ပေါင်းများက နှလုံးရောဂါ၊ ကင်ဆာရောဂါနှင့် မှတ်ဉာဏ်ချို့ယွင်းမှုတို့ကို ကာကွယ်ပေးနိုင်စွမ်းရှိသည်။

**အနီရောင်အခွံများ**

ပန်းသီးနှင့် ခရမ်းချဉ်သီးတို့၏အခွံများ၌ လိုင်ကိုပိန်းနှင့် ကွာစီတင်တို့ ကြွယ်ဝစွာပါဝင်သည်။ လိုင်ကိုပိန်းက ဆီးကျိတ်ကင်ဆာကို ကာကွယ်ပေးနိုင်စွမ်းရှိသည်။ ကွာစီတင်က နှလုံးကျန်းမာရေးအတွက် အထောက်အကူပြုကာ ဓာတ်မတည့်မှုကိုလည်း လျှော့ချပေးနိုင်စွမ်းရှိသည်။

**လိမ္မော်ရောင်၊ အဝါရောင်အခွံများ**

မုန်လာဥနီ၊ ရွှေဖရုံသီးနှင့် ကန်စွန်းဥအခွံများ၌ ဘီတာကယ်ရိုတင်း ကြွယ်ဝသည့်အတွက် ခန္ဓာကိုယ်ထဲသို့ ရောက်ရှိသည့်အခါ ဗီတာမင် A အဖြစ်သို့ ပြောင်းလဲသွားပြီး မျက်စိကျန်းမာရေးကို ကောင်းမွန်စေကာ ကိုယ်ခံအားစနစ်ကိုလည်း မြှင့်တင်ပေးသည်။

**အစိမ်းရောင်အခွံများ**

သခွားသီးနှင့် ပန်းဂေါ်ဖီစိမ်းအခွံများ၌ လူတိန်းနှင့် ဇီဇန်သင်းတို့ပါဝင်ပြီး မျက်စိအာရုံကြော ပျက်စီးခြင်းမှ ကာကွယ်ပေးသည်။ ထို့ပြင် အသက်အရွယ်ကြီးရင့်လာချိန်၌ ဖြစ်ပွားတတ်သည့် မျက်စိအတွင်း တိမ်ရောဂါကိုလည်း ကာကွယ်ပေးနိုင်သည်။

**သတိပြုပါ**

အခွံကိုပါစားသုံးကြရာတွင် အရေးကြီးသော အချက်တချို့ကို သတိပြုလိုက်နာကြရန်လိုအပ်သည်။

**စနစ်တကျ ဆေးကြောပါ**

မြေကြီး၊ ဖုန်မှုန့်နှင့် ပိုးသတ်ဆေး အကြွင်းအကျန်များ ကပ်ငြိနေနိုင်သည့်အတွက် ဟင်းသီးဟင်းရွက် ဆေးကြောသည့် Brush ဖြင့်ပွတ်တိုက်ပြီး ဆားရည်ဖြင့် စင်စင်ဆေးကြောရန် လိုအပ်သည်။

**အော်ဂဲနစ်ထွက်ကုန်များကို ဦးစားပေး ရွေးချယ်ပါ**

အော်ဂဲနစ်ဟင်းသီးဟင်းရွက်တို့၌ ပိုးသတ်ဆေး အကြွင်းအကျန် ကပ်ငြိနိုင်ခြေနည်းပါးသည့်အတွက် ၎င်းတို့၏အခွံများကို ရေစင်စင်ဆေးပြီး စားသုံးခြင်းက ကျန်းမာရေးအတွက် ပို၍သင့်လျော်ကောင်းမွန်ပါသည်။

**❖ ခရမ်းချဉ်သီး၊ သခွားမွှေး၊ ကီဝီသီး၊ အာလူး စသောအသီးနှင့် မြေတွင်းဥများ၏ အခွံများသည် ဗီတာမင် C အလွန်ကြွယ်ဝသော အာဟာရအရင်းအမြစ်များဖြစ်ကြပြီး ကိုယ်ခံအားစနစ်၏ စွမ်းရည်ကို မြှင့်တင်ပေးသည်။ မုန်လာဥနီ၊ ရွှေဖရုံသီး၊ ကန်စွန်းဥ စသောအခွံအရောင်စုံလင်သည့်အသီးနှင့် မြေတွင်းဥတို့၏ အခွံများတွင် မျက်စိနှင့် အရေပြားတို့၏ ကျန်းမာရေးအတွက် အရေးပါသော ဗီတာမင် A အဖြစ်ပြောင်းလဲနိုင်သည့် ဘီတာကယ်ရိုတင်း ကြွယ်ဝစွာပါဝင်နေသည်။ သခွားသီးနှင့် ကညွတ် စသောအစိမ်းရောင် ဟင်းသီးဟင်းရွက်တို့၏ အခွံများ၌ သွေးခဲမှုအတွက် အရေးပါသည့် ဗီတာမင် K ပါဝင်သည်။ ❖**


## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၇၅၀၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ဆားလင်းကြီး စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၇၅၀၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းထံမှ သိရသည်။

ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၇၅၀၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှစတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆားလင်းကြီးမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပဲတီစိမ်း ၇၅၀၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ ပဲတီစိမ်းစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးသွားပါမယ်"ဟု ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြသည်။

ဆားလင်းကြီးမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

## တောင်တွင်းကြီးမြို့နယ် ပျဉ်းမကြီးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**တောင်တွင်းကြီး စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည် ဖော်ဆောင်ရွက်မည့် ပျဉ်းမကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP) စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်ရခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့် အကျုံးဝင်သော စီမံကိန်းလုပ်ငန်းများ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရာ မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ပြီး ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုး ရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက ပြောပြ၍ သိရသည်။

**နွံ့ယဉ်**

## ပြည်အလှ တည်ကြပါစို့

\- ညီပါ ဟော့ ညီပါ၊
တိုင်းရင်းစုံ အင်အားနဲ့
ထင်ရှားတဲ့ မြန်မာ၊
ဇာတိသွေး မာန်ပါပါ
ရန်ခွာလို့ စံစရာပျိုး၊
မြန်မာတွေ ပြည်လှအောင်
ညီကြဖို့နှိုး။

\- ချီပါဟော့ ချီပါ၊
ချီလေလျှင် အောင်နန်းစိုက်
အောင်ပန်းပိုက် မြန်မာ၊
အခက်ခဲ တံတိုင်းကာ
မဆိုင်းစွာ ပိုင်းကာချိုး၊
မြန်မာတွေ ပြည်အလှဆီ
ချီကြဖို့နှိုး။

\- တည်ပါဟော့ တည်ပါ၊
တည်လေလျှင် အညီအမျှ
ပြည်လှမဲ့ မြန်မာ၊
တိုင်းရင်းတို့ စုစည်းကာ
တစ်ခုတည်းသာ ပြည်ထောင်စု၊
ကမ္ဘာ့အလယ်မှာဖြင့်
မြန်မာ့နယ် ပြည်မောက်အောင်
တည်ဆောက်ကြ ယခု။ ။

**လွမ်းလေးကို(သရက်)**

## အမရပူရမြို့နယ် လက်ပန်ဇင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အမရပူရ စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လက်ပန်ဇင်ကျေးရွာအုပ်စု လက်ပန်ဇင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၃ ရက်က လက်ပန်ဇင်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက မြစိမ်းရောင် ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးအရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြရန်နှင့် ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၆ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင်သူတစ်ဦးကို ငွေကျပ် သုည ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၁၁ ဒသမ ၁သန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ၁၆၁ ဦးကို ငွေကျပ် ၅၃ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၈ ဦးကို ရန်ပုံငွေကျပ် ၆၆ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးထံမှ သိရသည်။

**အောင်ရဲကျော်**

# ယူကရိန်းငြိမ်းချမ်းရေးအတွက် အဓိကအတားအဆီးကို အမေရိကန်အထူးသံတမန် ထုတ်ဖော်ပြောကြား

**ဝါရှင်တန် စက်တင်ဘာ ၁၄**

မော်စကိုနှင့် ကီယက်ဗ်မြို့တို့ အနေဖြင့် လုံခြုံရေးဆိုင်ရာမူဘောင်များနှင့် အပစ်အခတ်ရပ်စဲရေး ယန္တရားများ ဖော်ဆောင်ရေးအတွက် တိုးတက်မှုအချို့ရှိခဲ့သော်လည်း နယ်မြေပိုင်ဆိုင်မှုအငြင်းပွားဖွယ်ကိစ္စရပ်များနှင့် ပတ်သက်လာလျှင် နှစ်ဖက်ကြား အဓိကသဘောထားကွဲလွဲမှုများ ဆက်လက်တည်ရှိနေဆဲ ဖြစ်သည်ဟု အမေရိကန်အထူးသံတမန် Jared Kushner ကထုတ်ဖော်ပြောကြားခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

စစ်ရေးပဋိပက္ခကို အပြီးသတ်အဆုံးသတ် နိုင်ရန်အတွက် သံတမန်ရေးရာအရ ကြိုးပမ်းမှုများရှိနေသော်လည်း အဆိုပါ နယ်မြေဆိုင်ရာ ကွာဟချက်နှင့် အမြင်ချင်းမတူမှုများသည် နှစ်နိုင်ငံငြိမ်းချမ်းရေး ဆွေးနွေးပွဲများအတွက် အကြီးမားဆုံးသော အတားအဆီးတစ်ရပ် ဖြစ်နေဆဲဖြစ်ကြောင်း ၎င်းကအလေးပေးပြောကြားခဲ့သည်။

စစ်ရေးပဋိပက္ခကို အပြီးသတ်ဖြေရှင်းနိုင်ရေးအတွက် သက်ဆိုင်ရာခေါင်းဆောင်များနှင့် နိုင်ငံတကာ အသိုက်အဝန်းတို့က သံတမန်ရေးရာ ဆွေးနွေးညှိနှိုင်းမှုများကို ဆက်လက်လုပ်ဆောင်နေကြဆဲ ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : YZA



# အင်ဒိုနီးရှား ဂျာဗားပင်လယ်ပြင်တွင် ခရီးသည်တင်သင်္ဘော တိမ်းမှောက်နစ်မြုပ်မှုကြောင့် လူ ၁၂၉ ဦးပျောက်ဆုံးနေဆဲဖြစ်

**ဂျကာတာ စက်တင်ဘာ ၁၄**

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပင်လယ်ပြင်အတွင်း ခရီးသည်နှင့်သင်္ဘောသား အများအပြားတင်ဆောင်လာခဲ့သည့် ဗာဂိုထရန်စပို့-၈ ခရီးသည်တင်သင်္ဘောသည် ရာသီဥတုဆိုးရွားမှုနှင့်အတူ ဆက်သွယ်မှုပြတ်တောက်ကာ တိမ်းမှောက်နစ်မြုပ်ခဲ့မှုကြောင့် လူ ၁၂၉ ဦးမှာ ဆက်လက်ပျောက်ဆုံးနေဆဲ ဖြစ်သည်ဟု အင်ဒိုနီးရှား အမျိုးသားရှာဖွေရေးနှင့် ကယ်ဆယ်ရေးအေဂျင်စီ (Basarnas) က တရားဝင်ထုတ်ပြန်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ရေလမ်းကြောင်းမတော်တဆမှုကြောင့် ကနဦးအတည်ပြုထုတ်ပြန်ချက်များအရ လူခြောက်ဦးသေဆုံးခဲ့ပြီးဖြစ်ကာ ရေတပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက လှိုင်းကြီးပြီး မုန်တိုင်းထန်နေသည့် ရေပြင်တွင် အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆက်လက် လုပ်ဆောင်နေကြသည်။

သင်္ဘော နစ်မြုပ်ရသည့် အကြောင်းရင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ အာဏာပိုင်များက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိပြီး ဒေသတွင်းကယ်ဆယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : YZA

# ဗြိတိန်မှခွဲထွက်ရေးအတွက် စကော့တလန်၊ ဝေးလ်၊ မြောက်အိုင်ယာလန်နိုင်ငံတို့မှ ခေါင်းဆောင်များ အစည်းအဝေးပြုလုပ်မည်




**ကာဒစ်ဖ် စက်တင်ဘာ ၁၄**

ဗြိတိန်မှခွဲထွက်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးဆိုင်ရာ မဲဆွယ်စည်းရုံးမှုများကို ပိုမိုအားကောင်းလာစေရန်ရည်ရွယ်၍ စကော့တလန်၊ ဝေးလ်၊ မြောက်အိုင်ယာလန်နိုင်ငံတို့မှ အဓိကခွဲထွက်ရေးဝါဒီ နိုင်ငံရေးပါတီခေါင်းဆောင်များသည် ကာဒစ်ဖ်မြို့တွင် ထိပ်သီးဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပမည်ဟု တရားဝင် ထုတ်ပြန်ကြေညာခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ အစည်းအဝေးသို့ စကော့တလန် အမျိုးသားပါတီ (SNP) ခေါင်းဆောင် John Swinney၊ ဝေးလ်နိုင်ငံမှ Plaid Cymru ပါတီခေါင်းဆောင် Rhun ap Iorwerth၊ အိုင်ယာလန်ရီပတ်ဘလီကန်ပါတီ (Sinn Fein) မှ Michelle O'Neill တို့ တက်ရောက်ကြမည်ဖြစ်ပြီး သက်ဆိုင်ရာနယ်မြေများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြောင်းလဲမှုများကို ပြုလုပ်ပေးရန် ဗြိတိန်အစိုးရကို တိုက်တွန်းပြောကြားမည်ဖြစ်သည်။

ဗြိတိန်အတွင်းရှိ ဒေသဆိုင်ရာခွဲထွက်ရေး လှုပ်ရှားမှုများနှင့် ပတ်သက်၍ နိုင်ငံရေးအရအငြင်းပွားဖွယ်ရာ အခြေအနေများနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ဆွေးနွေးမှုများ ပိုမိုပြင်းထန်လာမည့် အနေအထားတွင်ရှိနေသည်ဟု နိုင်ငံတကာသတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

Ref : Xinhua

Trs : YZA

# ဟော်မုဇ်ရေလက်ကြား ယာယီရေလမ်းကြောင်းဆိုင်ရာ ဆွေးနွေးပွဲရွှေ့ဆိုင်း

**မတ်စ်ကတ် စက်တင်ဘာ ၁၄**

အီရန်နိုင်ငံနှင့် ပင်လယ်ကွေ့ဒေသတွင်းနိုင်ငံအချို့ကြား ဟော်မုဇ်ရေလက်ကြားတွင် ယာယီရေကြောင်းသွားလာရေး လမ်းကြောင်းတစ်ခု ဖော်ဆောင်ရန်အတွက် ယနေ့တွင် ကျင်းပရန်စီစဉ်ထားခဲ့သော ဆွေးနွေးပွဲကို ရွှေ့ဆိုင်းလိုက်ပြီဖြစ်ကြောင်း အိုမန်နိုင်ငံခြားရေးဝန်ကြီးက ထုတ်ပြန်ကြေညာခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါဆွေးနွေးပွဲကို အများသဘောတူညီချက် ရရှိစေရန်နှင့် နှစ်ဖက်ညှိနှိုင်းမှုများ ပိုမိုခိုင်မာစေရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ အချိန်ရွှေ့ဆိုင်းခဲ့ခြင်း ဖြစ်ကြောင်း အိုမန်နိုင်ငံခြားရေးဝန်ကြီး Badr Albusaidi က လူမှုကွန်ရက်စာမျက်နှာ၌ ဖော်ပြခဲ့သည်။

ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ရေကြောင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် သံတမန်ရေးရာ ဆွေးနွေးညှိနှိုင်းမှုများကို ဆက်လက်လုပ်ဆောင်သွားရန် နှစ်ဖက်လုံးက ကတိကဝတ်ပြုထားဆဲဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : YZA

# အီရန်မြေပြင်အတွင်း အမေရိကန်တပ်ဖွဲ့များလှုပ်ရှားနေသည့် မှတ်တမ်းသစ်ထွက်ပေါ်

**တီဟီရန် စက်တင်ဘာ ၁၄**

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား စစ်ရေးဆိုင်ရာ တင်းမာမှုများ မြင့်မားနေချိန်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ အီရန်နိုင်ငံအတွင်း တိုက်ရိုက်ဝင်ရောက် လှုပ်ရှားနေမှုကို ဖော်ပြထားသည့် လျှို့ဝှက်ရုပ်သံဗီဒီယိုဖိုင် အသစ်တစ်ခု ထွက်ပေါ်လာခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ရုပ်သံမှတ်တမ်းများနှင့် သက်ဆိုင်သည့် အသေးစိတ်အချက်အလက်များကို ယခင်က လျှို့ဝှက်ထားရှိခဲ့ရာမှ ယခုအခါ တရားဝင် ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာစစ်ရေးလေ့လာသူများနှင့် သတင်းမီဒီယာများကြား စိတ်ဝင်စားဖွယ်ရာနှင့် အာရုံစိုက်စရာကိစ္စရပ်တစ်ခု ဖြစ်လာခဲ့သည်။

နှစ်နိုင်ငံကြား ကာလရှည်ကြာဖြစ်ပွားနေသော ပထဝီနိုင်ငံရေးပဋိပက္ခများနှင့် စစ်ရေးအရအပြိုင်အဆိုင်လုပ်ဆောင်မှုများကို ယခုကဲ့သို့ မြေပြင်တပ်ဖွဲ့ဝင်များ၏ အထောက်အထားသစ် များဖြင့် ထပ်မံတွေ့ရှိရခြင်းသည် ဒေသတွင်း တင်းမာမှုများကို ပိုမိုဆိုးရွားစေနိုင်ပြီး အခြေအနေများကို ပိုမိုရှုပ်ထွေး သွားစေနိုင်ကြောင်း သိရသည်။

Ref : RT

Trs : YZA

# စစ်ရေးပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေသော်လည်း ဘက်အယ်လ်မင်ဒက်ဘ် ရေလက်ကြားသွားလာမှု ပုံမှန်နီးပါးရှိနေဟု ဟူသီလက်နက်ကိုင်အဖွဲ့ပြောကြား

**ဆာနား စက်တင်ဘာ ၁၄**



ယီမင်နိုင်ငံအနီးရှိဘက်အယ်လ်မင်ဒက်ဘ် ရေလက်ကြားဒေသတစ်ဝိုက်တွင် စစ်ရေးပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သော်လည်း အဆိုပါရေလက်ကြားအတွင်း ကုန်တင်သင်္ဘောများ သွားလာလှုပ်ရှားမှုမှာ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ကြောင်း ဟူသီလက်နက်ကိုင်အဖွဲ့က ထုတ်ပြန်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရေကြောင်း လုံခြုံရေးနှင့် ပတ်သက်၍ ဒေသတွင်းသင်္ဘောသွားလာမှု အခြေအနေများကို စဉ်ဆက်မပြတ် စောင့်ကြည့်လျက်ရှိပြီး ကုန်သွယ်ရေးသင်္ဘောများအတွက် လုံခြုံရေးဆိုင်ရာ အစီအမံများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့ ကုန်သွယ်ရေးအတွက် အရေးပါသော ရေလမ်းကြောင်းတစ်ခုဖြစ်သည့် အဆိုပါနေရာတွင် လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများကြားမှ ယခုကဲ့သို့သင်္ဘောသွားလာမှု ပုံမှန်နီးပါးဖြစ်လာခြင်းသည် နိုင်ငံတကာကုန်စည်ပို့ဆောင်ရေးအတွက် အရေးပါသော အခြေအနေတစ်ရပ်သို့ ရောက်ရှိလာခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : YZA

# အမေရိကန်ဒေါ်လာသန်း ၇၀၀ တန်ဖိုးရှိ အင်္ဂါဂြိုဟ်ပတ်ယာဉ်တည်ဆောက်ခွင့် ဘလူးအော်ရီဂျင်ကုမ္ပဏီထံပေးအပ်ထားမှုကို Rocket Lab ကုမ္ပဏီ ကန့်ကွက်ထား



**ဝါရှင်တန် စက်တင်ဘာ ၁၄**

အမေရိကန်ဒေါ်လာ သန်း ၇၀၀ တန်ဖိုးရှိ အင်္ဂါဂြိုဟ်ပတ်ယာဉ် တည်ဆောက်ခွင့် အမေရိကန် အမျိုးသား အာကာသအေဂျင်စီ ဘလူးအော်ရီဂျင် ကုမ္ပဏီထံ ပေးအပ်ထားမှုကို Rocket Lab ကုမ္ပဏီက ကန့်ကွက်ထားကြောင်း စက်တင်ဘာ ၁၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

နာဆာအဖွဲ့သည် အင်္ဂါဂြိုဟ် ဆက်သွယ်ရေးကွန်ရက် ဂြိုဟ်တု (MTN) အမည်ရှိ ဂြိုဟ်တု တည်ဆောက်ရေးနှင့် လွှတ်တင်ရေးတို့အတွက် ယခုလ အစောပိုင်းတွင် ဘလူးအော်ရီဂျင် ကုမ္ပဏီကို ရွေးချယ်ထားသည်။

သို့ရာတွင် နာဆာ၏ ဆုံးဖြတ်ချက်ကို မိမိတို့အနေဖြင့် ကန့်ကွက်ထားပြီး ဖက်ဒရယ်အစိုးရ တာဝန်ခံမှုဆိုင်ရာရုံး (ဂျီအေအို)သို့ တရားဝင် ကန့်ကွက်လွှာ တင်သွင်းထားသည်ဟု Rocket Lab ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

နာဆာ၏ MTN မစ်ရှင်ဆိုင်ရာ ဆုံးဖြတ်ချက်မှာ ကွန်ဂရက်လွှတ်တော်က ချမှတ်ထားသည့် မျှတသော ယှဉ်ပြိုင်မှုဆိုင်ရာ စည်းမျဉ်းနှင့် သွေဖည်နေဖွယ်ရှိကြောင်း Rocke Lab ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

MTN အာကာသယာဉ်သည် နာဆာ၏ အင်္ဂါဂြိုဟ်ပတ်အာကာသယာဉ်မှူး၊ အင်္ဂါဂြိုဟ် မျက်နှာပြင် လေ့လာရေးယာဉ်များနှင့် မြေပြင် ထိန်းချုပ်ရေး စခန်းများကြား ကြားခံဆက်သွယ်ရေး အာကာသယာဉ်အဖြစ် တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

၎င်းအာကာသယာဉ်ကို ၂၀၂၈ ခုနှစ်အတွင်း လွှတ်တင်နိုင်ရန် နာဆာအဖွဲ့က စီစဉ်ထားသည်။

Ref : Russia Today

Trs : KKO

# တစ်ရက်လျှင် နာရီဝက် လမ်းသွက်သွက်လျှောက်ခြင်းက ခြေလှမ်း ၁၀၀၀၀ လျှောက်ခြင်းကဲ့သို့ ကျန်းမာရေးအတွက် အကျိုးရှိ

**ကင်ဘာရာ စက်တင်ဘာ ၁၄**

တစ်ရက်လျှင် နာရီဝက် လမ်းသွက်သွက် လျှောက်ခြင်းသည် တစ်ရက်လျှင် ခြေလှမ်း ၁၀၀၀၀ လမ်းလျှောက်ခြင်းကဲ့သို့ပင် ကျန်းမာရေးအတွက် အကျိုးရှိကြောင်း သုတေသန ပညာရှင်များ၏ အဆိုကိုကိုးကား၍ စက်တင်ဘာ ၁၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဩစတြေးလျနိုင်ငံ ဆစ်ဒနီ တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ တစ်ရက်လျှင် နာရီဝက်မျှ လမ်းသွက်သွက် လျှောက်ခြင်းသည် ရောဂါဘယအမျိုးမျိုးကြောင့် သေချိန်မတန်ဘဲ သေဆုံးရနိုင်ခြေကို ၃၀ ရာခိုင်နှုန်းကျော် လျှော့ချပေးနိုင်ကြောင်း သိရသည်။

တစ်ရက်လျှင် နာရီဝက်မျှ လမ်းသွက်သွက် လျှောက်လှမ်းမှုသည် တစ်ရက်လျှင် ခြေလှမ်း ၅၀၀၀ အောက်သာ ရှိနိုင်သည့်တိုင် ကျန်းမာရေးအတွက် အကျိုးရှိကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ တစ်မိနစ်လျှင် ခြေလှမ်း ၉၀ နှုန်းဖြင့် နာရီဝက် လမ်းလျှောက်ပေးပါက ရောဂါဘယ အမျိုးမျိုးကြောင့် အသက်ဆုံးပါးနိုင်ခြေကို ၃၆ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

# ညပိုင်းအိပ်စက်ချိန် အလင်းရောင်ဖြင့်ထိတွေ့မှုကြောင့် နှလုံးဖွဲ့စည်းပုံနှင့်လုပ်ငန်းလည်ပတ်ပုံ ထိခိုက်နိုင်

**နယူးယောက် စက်တင်ဘာ ၁၄**

ညပိုင်း အိပ်စက်ချိန်အတွင်း အလင်းရောင်ဖြင့် ထိတွေ့မှုကြောင့် နှလုံး၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် လုပ်ငန်းလည်ပတ်ပုံ ထိခိုက်သွားနိုင်ကြောင်း သုတေသန ပညာရှင်များ၏အဆိုကိုကိုးကား၍ စက်တင်ဘာ ၁၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ယခင်ပြုလုပ်ခဲ့သော သုတေသနစာတမ်းများတွင် ညပိုင်းကာလ မီးအလင်းရောင်ဖြင့် ထိတွေ့မှုမှာ နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နိုင်ခြေ၊ နှလုံးရုတ်တရက်ဖောက်နိုင်ခြေ၊ လေဖြတ်နိုင်ခြေ မြင့်တက်လာမှုများနှင့် ဆက်စပ်နေကြောင်း တင်ပြထားသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ တူလိန်းတက္ကသိုလ်မှ သုတေသန ပညာရှင်များသည် ၎င်းတို့၏ လေ့လာချက်တွင် ညပိုင်းအိပ်စက်ချိန် မီးအလင်းရောင်နှင့်ထိတွေ့မှုကြောင့် နှလုံးဖွဲ့စည်းပုံနှင့် လုပ်ငန်းလည်ပတ်ပုံတို့ကြား ဆက်စပ်မှုကို အဓိက လေ့လာထားသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ ညပိုင်းအိပ်စက်ချိန် မီးအလင်းရောင်ဖြင့် ထိတွေ့မှုသည် နှလုံးဖွဲ့စည်းပုံနှင့် လုပ်ငန်းလည်ပတ်ပုံ ထိခိုက်ပျက်စီးသွားနိုင်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ အိပ်စက်ချိန်ကာလ အမှောင်ချထားမှုသည် သွေးဖိအားထိန်းချုပ်ထားနိုင်မှုနှင့် လေထုသန့်ရှင်းခြင်းကဲ့သို့ပင် နှလုံးကျန်းမာရေးအတွက် အရေးကြီးကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၁၁၀၇၁ ဦးတို့၏ ညပိုင်းအိပ်စက်မှုပုံစံများကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# Rocket Lab ကုမ္ပဏီက ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခု၏ ဂြိုဟ်တုတစ်စင်းကို အောင်မြင်စွာ လွှတ်တင်

**ဝါရှင်တန် စက်တင်ဘာ ၁၄**

အမေရိကန်နိုင်ငံ အခြေစိုက် Rocket Lab ကုမ္ပဏီသည် ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခု၏ဂြိုဟ်တုတစ်စင်းကို စက်တင်ဘာ ၁၂ ရက်တွင် အောင်မြင်စွာလွှတ်တင်ပေးခဲ့ကြောင်း စက်တင်ဘာ ၁၃ ရက် သတင်းများအရ သိရသည်။

အဆိုပါဂြိုဟ်တုကို အီလက်ထရွန်ဒုံးပျံဖြင့် နယူးဇီလန်နိုင်ငံမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း Rocket Lab ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

၎င်းဂြိုဟ်တုကို ပိုင်ဆိုင်သည့် အဖွဲ့အစည်းနှင့် ဂြိုဟ်တုအမျိုးအစားတို့ကို Rocket Lab ကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားခြင်းမရှိပေ။



သို့ရာတွင် လွှတ်တင်ပြီး မကြာမီမှာပင် အီလက်ထရွန်ဒုံးပျံသည် အဆိုပါဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၅၀၀ အကွာတွင်ရှိသည့် ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း Rocket Lab ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

လေ့လာသူတချို့၏ အဆိုအရ အထက်ပါဂြိုဟ်တုသည် အမေရိကန်နိုင်ငံ အခြေစိုက် Blue Sky ဂြိုဟ်တုနည်းပညာ ကုမ္ပဏီ၏ Gen-3 အမျိုးအစား ကမ္ဘာ့ဂြိုဟ်လေ့လာရေးဂြိုဟ်တုတစ်စင်းဖြစ်နိုင်ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် Rocket Lab ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သည့် ၁၆ ကြိမ်မြောက် အာကာသမစ်ရှင် ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# Impulse Space ကုမ္ပဏီ၏ မိုင်ရာအမျိုးအစားဂြိုဟ်တုနှစ်စင်း ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း၌ တစ်စင်းနှင့်တစ်စင်းချဉ်းကပ်၍ ယှဉ်တွဲပျံသန်းနိုင်ခဲ့

**ဝါရှင်တန် စက်တင်ဘာ ၁၄**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားအခြေစိုက် Impulse Space ကုမ္ပဏီ၏ မိုင်ရာအမျိုးအစားဂြိုဟ်တုနှစ်စင်းသည် ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း၌ တစ်စင်းနှင့်တစ်စင်းချဉ်းကပ်၍ ယှဉ်တွဲပျံသန်းနိုင်ခဲ့ကြောင်း စက်တင်ဘာ ၁၃ ရက် သတင်းများအရ သိရသည်။

LEO 3 မိုင်ရာ အမည်ရှိ ဂြိုဟ်တုနှင့် LEO 2 မိုင်ရာအမည်ရှိ ဂြိုဟ်တုတို့သည် တစ်စင်းနှင့် တစ်စင်း အနီးကပ်ယှဉ်တွဲပျံသန်းရေး မစ်ရှင်ကို ယခုနှစ် ဖေဖော်ဝါရီလတွင် စတင်ခဲ့သည်။

ယခုနှစ် စက်တင်ဘာ ၈ ရက်တွင်မှ LEO 3 မိုင်ရာနှင့် LEO 2 မိုင်ရာတို့သည် တစ်စင်းနှင့်တစ်စင်း မီတာ ၂၀၀ အကွာထိ ချဉ်းကပ်နိုင်ခဲ့ပြီး ယှဉ်တွဲပျံသန်းနိုင်ခဲ့ကြောင်း Impulse Space ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Impulse Space ကုမ္ပဏီသည် LEO 2 မိုင်ရာနှင့် LEO 3 မိုင်ရာ ဂြိုဟ်တုများကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလနှင့် ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဂြိုဟ်တုနှစ်စင်း အနီးကပ်ယှဉ်တွဲပျံသန်းမှုကို နိုင်ငံတကာ အာကာသအေဂျင်စီများကလည်း အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယခုနှစ် အစောပိုင်းတွင် ရုရှားအာကာသ အေဂျင်စီသည် ၎င်း၏ ဂြိုဟ်တုနှစ်စင်းကို တစ်စင်းနှင့်တစ်စင်း ၁၀ ပေထိ အောင်မြင်စွာ ချဉ်းကပ်၍ ယှဉ်တွဲပျံသန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# မန်ချက်စတာဒါဘီပွဲစဉ်များ၌ သွင်းဂိုးအများဆုံး ကစားသမားအဖြစ် မန်စီးတီးအသင်းမှ ဟာလန်းက ကိုးဂိုးဖြင့် ထိပ်ဆုံးတွင် ရပ်တည်




**မန်ချက်စတာ စက်တင်ဘာ ၁၄**

မန်ချက်စတာဒါဘီ ပွဲစဉ်ဖြစ်သည့် မန်ယူအသင်းနှင့် မန်စီးတီး အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်များ၌ သွင်းဂိုးအများဆုံးကစားသမားအဖြစ် မန်စီးတီးအသင်းမှ ဟာလန်းက ထိပ်ဆုံးတွင်ရပ်တည်နေကြောင်း Eurosports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဟာလန်းသည် စက်တင်ဘာ ၁၃ ရက်က မန်ချက်စတာဒါဘီပွဲစဉ်အဖြစ် ကစားခဲ့သည့် မန်စီးတီးအသင်းက မန်ယူအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်၌ ပွဲချိန် မိနစ် ၆၀ တွင် ဟာလန်းက အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့ပြီးနောက် မန်ချက်စတာဒါဘီပွဲစဉ်များတွင် သွင်းဂိုး ကိုးဂိုး ထိရှိလာခဲ့ကာ မန်ချက်စတာဒါဘီ သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

ဟာလန်း၏ နောက်တွင် မန်ချက်စတာဒါဘီ သွင်းဂိုးအများဆုံးကစားသမားစာရင်း၌ မန်ယူအသင်း ကစားသမားဟောင်း ရွန်းနီက ရှစ်ဂိုး၊ မန်စီးတီးအသင်းကစားသမားဟောင်း အဂူရိုက ရှစ်ဂိုး၊ မန်ယူအသင်းကစားသမားဟောင်း ကန်တိုနာက ခုနစ်ဂိုး၊ လက်ရှိ မန်စီးတီးအသင်းကစားသမားဖိုဒန်က ခုနစ်ဂိုးတို့ဖြင့် ရပ်တည်နေသည်။

ဟာလန်းသည် ယခုနှစ်ဘောလုံးရာသီတွင်လည်း မန်စီးတီးအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနေပြီး ပြိုင်ပွဲစုံခြောက်ပွဲကစားပြီးချိန်တွင် သွင်းဂိုးခြောက်ဂိုး သွင်းယူထားသူဖြစ်ကြောင်း သိရသည်။

Ref : Eurosports
Trs : STA

# The Solheim Cup ဂေါက်သီးရိုက် ပြိုင်ပွဲတွင် အမေရိကန်အသင်းကိုအနိုင်ရပြီး ယူရိုအသင်း ချန်ပီယံဆုဖလားဆွတ်ခူး

**အမ်စတာဒမ် စက်တင်ဘာ ၁၄**

နယ်သာလန်နိုင်ငံတွင် ကျင်းပခဲ့သည့် The Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ယူရိုအမျိုးသမီးအသင်းက အမေရိကန်အမျိုးသမီးအသင်းကို အနိုင်ရပြီး ချန်ပီယံဆုဖလားဆွတ်ခူးခဲ့ကြောင်း Sky Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



The Solheim Cup ပြိုင်ပွဲသည် အမျိုးသမီး ဂေါက်သီးရိုက်လောကတွင် အဆင့်အတန်းအမြင့်ဆုံးပြိုင်ပွဲတစ်ခုဖြစ်ပြီး ဥရောပအခြေစိုက်ကစားသမားများဖြင့် ဖွဲ့စည်းထားသည့် ယူရိုအသင်းနှင့် အမေရိကန်ကစားသမားများဖြင့် ဖွဲ့စည်းထားသည့် အမေရိကန်အသင်းတို့ ကစားရသည့်ပြိုင်ပွဲဖြစ်ကာ ပြိုင်ပွဲဝင်အသင်း တစ်သင်းတွင် ကစားသမား ၁၂ ဦးပါဝင်ကစားခဲ့ကြခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲကို သုံးရက်တာကျင်းပခြင်းဖြစ်ပြီး ပထမနေ့နှင့် ဒုတိယနေ့တို့တွင် အသင်းလိုက်ပွဲစဉ်များကစားကာ နောက်ဆုံးနေ့တွင် တစ်ဦးချင်းယှဉ်ပြိုင်ကစားပြီးနောက် စုစုပေါင်း ရမှတ်များကိုပေါင်းပြီး ချန်ပီယံဆုဖလားအတွက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပြိုင်ပွဲ၌ ပထမနေ့နှင့် ဒုတိယနေ့တို့တွင် နှစ်သင်းလုံးကွာခြားမှုမရှိခဲ့ဘဲ ရမှတ်ရှစ်မှတ်စီတူညီခဲ့သည့်အတွက် နောက်ဆုံးနေ့ဖြစ်သည့် စက်တင်ဘာ ၁၃ ရက်တွင် တစ်ဦးချင်းအဆုံးအဖြတ်ပွဲစဉ်များ ဆက်လက်ကစားခဲ့ရာ ပြိုင်ပွဲအပြီးတွင် ယူရိုအသင်းက ရမှတ် ၁၅ မှတ်ရရှိခဲ့ပြီး အမေရိကန်အသင်းက ရမှတ် ၁၃ မှတ်သာရရှိခဲ့သည့်အတွက် ယူရိုအသင်းက ချန်ပီယံဆုဖလားကို ဆွတ်ခူးခဲ့ပြီး ယခုတစ်ကြိမ်အပါအဝင် ကိုးကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sky Sports
Trs : STA

# အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာအသင်းက တောင်ကိုရီးယားအသင်းကို ငါးဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်

**ရန်ကုန် စက်တင်ဘာ ၁၄**

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီက မြန်မာအသင်းနှင့် တောင်ကိုရီးယားအသင်းတို့ကစားခဲ့ရာ မြန်မာအသင်းက ငါးဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက တောင်ကိုရီးယားအသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားခဲ့ကာ ပွဲချိန် ၂၈ မိနစ်နှင့် ၃၂ မိနစ်တို့တွင် Kim Min Ji၊ ပွဲချိန် ၃၇ မိနစ်တွင် Jang Sel Gi တို့က တောင်ကိုရီးယား အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် တောင်ကိုရီးယားအသင်းက သုံးဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း တောင်ကိုရီးယားအသင်းကပင် ဆက်လက်ဖိအားပေးကစားခဲ့ကာ ပွဲချိန် ၄၈ မိနစ်နှင့် ပွဲချိန် ၆၅ မိနစ်တို့တွင် တောင်ကိုရီးယား အသင်း ပင်နယ်တီနှစ်ကြိမ် ကန်ခွင့်ရရှိခဲ့ရာ တစ်ကြိမ်တိုင်ထိပြီး ဂိုးမဝင်ခဲ့ဘဲ ဒုတိယအကြိမ်တွင် မြန်မာအသင်း ဂိုးသမား မျိုးမြဲမြင့်မိမ်းက ကာကွယ်နိုင်ခဲ့သော်လည်း ပွဲချိန် ၅၉ မိနစ်တွင် Kim Min Ji၊ ပွဲချိန် ၇၆ မိနစ်တွင် Choe Yu Ri တို့ကတောင်ကိုရီးယားအသင်းအတွက် ဦးဆောင်ဂိုးများ ထပ်မံသွင်းယူခဲ့ပြီးနောက် ပွဲပြီးဆုံးချိန်တွင် တောင်ကိုရီးယားအသင်းက မြန်မာအသင်းကို ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# မျက်လုံးဒဏ်ရာကြောင့် UFC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်ကိုစွန့်လွှတ်ကြောင်း အက်စ်ပီနောကြေညာ

**လန်ဒန် စက်တင်ဘာ ၁၄**

UFC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံ အင်္ဂလန်ဖိုက်တာ အက်စ်ပီနောက မျက်လုံးဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်ဖြစ်သည့်အတွက် ချန်ပီယံခါးပတ်ကို စွန့်လွှတ်ခဲ့ကြောင်း Boxing Source သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အက်စ်ပီနောသည် မျက်လုံးခွဲစိတ်မှု အကြိမ်ကြိမ်ခံယူထားသော်လည်း သက်သာလာခြင်းမရှိသေးဘဲ မည်သည့်အချိန်ထိ အနားယူရမည်ကို မသိရှိရသေးသည့်အတွက် UFC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်ကို စွန့်လွှတ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ UFC ဟဲဗီးဝိတ်တန်းတွင် ပြင်သစ်ဖိုက်တာ စီရယ်ဂိန်းသည် ပြီးခဲ့သည့်ဇွန်လက ဘရာဇီးဖိုက်တာ ပါရဲရားနှင့် ထိုးသတ်ခဲ့ရာ အနိုင်ရပြီးနောက် အဆင့်(၁)နေရာတွင် ရပ်တည်နေသည့်အတွက် စီရယ်ဂိန်းက UFC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ်ကို လွှဲပြောင်းရယူရမည်ဖြစ်ပြီး ယာယီ UFC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်ပိုင်ဆိုင်မည်ဖြစ်သည်။

အက်စ်ပီနောက UFC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်ကို စွန့်လွှတ်ကြောင်း ကြေညာခဲ့သော်လည်း UFC ဖိုက်တာလောကမှ အနားယူမည်မဟုတ်ဘဲ ဒဏ်ရာ ပြန်လည် သက်သာလာခဲ့ပါက ချန်ပီယံခါးပတ်လုပွဲအဖြစ် ထပ်မံထိုးသတ်မည်ဖြစ်ပြီး စီရယ်ဂိန်းနှင့်သာ ပြန်လည်ထိုးသတ်လိုသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Boxing Source
Trs : STA

# ASEAN Shopee Cup ပြိုင်ပွဲ ခြေစစ်ပွဲ ဒုတိယအကျော့ပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက Ezra အသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့်အနိုင်ရရှိ

**ရန်ကုန် စက်တင်ဘာ ၁၄**

ASEAN Shopee Cup ပြိုင်ပွဲ ခြေစစ်ပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် ယနေ့ည ၆ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရှမ်းယူနိုက်တက် အသင်းနှင့် လာအိုကလပ် Ezra အသင်းတို့ ကစားခဲ့ရာ ရှမ်းယူနိုက်တက် အသင်းက ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရပြီး ခြေစစ်ပွဲ အောင်မြင်ခဲ့ကြောင်းသိရသည်။

ရှမ်းယူနိုက်တက် အသင်းနှင့် Ezra အသင်းတို့သည်ပထမအကျော့ပွဲစဉ်အဖြစ် စက်တင်ဘာ ၁၁ ရက်က ကစားခဲ့ရာ Ezra အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်အတွက် ရှမ်းယူနိုက်တက်အသင်း အနေဖြင့် ခြေစစ်ပွဲအောင်မြင်ရန် အနိုင်ရလဒ် လိုအပ်နေခြင်းဖြစ်သည်။



ယခုပွဲစဉ်တွင် မဖြစ်မနေအနိုင်ရလဒ်လိုအပ်နေသည့် ရှမ်းယူနိုက်တက်အသင်းက ပွဲစကတည်းက ဖိအားပေး ကစားခဲ့သော်လည်း Ezra အသင်း၏ အကောင်းဆုံး ပြန်လည် ဖိအားပေးမှုကြောင့် အကြိတ်အနယ်ရှိခဲ့ကာ ဂိုးသွင်းခွင့်များရရှိခဲ့ကြသော်လည်း အဆုံးသတ်ပိုင်း အားနည်းမှုများဖြင့် ပွဲချိန် မိနစ် ၉၀ ထိ နှစ်သင်းလုံးဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ပွဲချိန်မိနစ် ၉၀ ပြည့်ပြီးအချိန်ပို ၄ မိနစ်တွင် သက်ဝေမိုးက ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီးနောက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်အတွက် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုးစီတူညီနေခဲ့ပြီး အချိန်ပို မိနစ် ၃၀ ဆက်လက်ကစားခဲ့ရခြင်းဖြစ်သည်။

အချိန်ပို မိနစ် ၃၀ ဆက်လက်ကစားခဲ့ရာတွင်လည်း နှစ်သင်းလုံး ဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ပင်နယ်တီအဆုံးအဖြတ် ငါးကြိမ်စီကန်သွင်းခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ကြိမ်သာလွဲချော်ခဲ့ပြီး Ezra အသင်းက သုံးကြိမ် လွဲချော်ခဲ့သည့်အတွက် ရှမ်းယူနိုက်တက်အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရပြီး ခြေစစ်ပွဲ အောင်မြင်ခဲ့ကြောင်း သိရသည်။

STA

# တရုတ်နိုင်ငံက Type 19 သံချပ်ကာယာဉ်ကို ရွေ့လျားလေဆာကာကွယ်ရေးစနစ်အဖြစ်အသုံးပြုရန်ပြင်ဆင်နေ



တရုတ်နိုင်ငံသည် Type 19 သံချပ်ကာယာဉ်ကို ဒရုန်းအပါအဝင် ဝေဟင်ခြိမ်းခြောက်မှုများကို တုံ့ပြန်နိုင်သည့် ရွေ့လျားလေဆာ ကာကွယ်ရေးစနစ်အဖြစ် ပြောင်းလဲအသုံးပြုရန် ပြင်ဆင်နေကြောင်း Interesting Engineering သတင်းဌာနက စက်တင်ဘာ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၂၀၂၆ ခုနှစ် ဩဂုတ် ၂၉ ရက်က တရုတ်နိုင်ငံ၏ Type 19 သံချပ်ကာယာဉ်ပေါ်တွင် လေဆာစနစ်နှင့် ဝေဟင်ပစ်မှတ်များကို ရှာဖွေထောက်လှမ်းခြင်းနှင့် ခြေရာခံခြင်းအတွက် အာရုံခံကိရိယာများ တပ်ဆင်ထားသည့် မျိုးကွဲတစ်ရပ်ကို တွေ့မြင်ရကြောင်း သတင်းများက ဖော်ပြထားသည်။ အဆိုပါပုံရိပ်များ၏ အခြေခံအချက်များအရ ၎င်းစနစ်သည် အသေးစားဒရုန်းများကို တန်ပြန်ရန်ရည်ရွယ်ထားဖွယ်ရှိသည်။

ခေတ်သစ်စစ်ဆင်ရေးများတွင် အသေးစားဒရုန်းများကို ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့် တိုက်ခိုက်ရေး လုပ်ငန်းများအတွက် အလွန်ကျယ်ပြန့်စွာအသုံးပြုလာကြသဖြင့် ၎င်းတို့ကို ထိရောက်ပြီး ကုန်ကျစရိတ်သက်သာစွာ တန်ပြန်နိုင်ရေးသည် နိုင်ငံအများအပြားအတွက် အရေးပါသည့်စစ်ရေးလိုအပ်ချက်တစ်ရပ်ဖြစ်လာသည်။

Type 19 သည် ရှစ်ဘီးတပ်သံချပ်ကာယာဉ်အမျိုးအစားဖြစ်ပြီး ရွေ့လျားစစ်ကစားနိုင်စွမ်း ကောင်းမွန်သည့်အတွက် လေကြောင်းရန် ကာကွယ်ရေးစနစ်များ တပ်ဆင်အသုံးပြုရန် သင့်လျော်သည့် ပလက်ဖောင်းတစ်ရပ်အဖြစ် အသုံးချနိုင်သည်။ လေဆာစနစ်ကို ယာဉ်ပေါ်တွင် တပ်ဆင်ခြင်းအားဖြင့် အဆိုပါကာကွယ်ရေးစနစ်ကို တစ်နေရာတည်းတွင် အမြဲတမ်းတပ်ဆင်ထားရန်မလိုဘဲ လိုအပ်သည့်နေရာသို့ အလွယ်တကူ ရွှေ့ပြောင်းနိုင်မည်ဖြစ်သည်။ ထို့ပြင် မြေပြင်တပ်ဖွဲ့များနှင့်အတူ လိုက်ပါရွေ့လျားနိုင်ခြင်းကြောင့် ရှေ့တန်းတပ်ဖွဲ့များ၊ အရေးပါသည့် အခြေခံအဆောက်အအုံများနှင့် စစ်ရေးအထောက်အကူပြုနေရာများကို ဒရုန်းခြိမ်းခြောက်မှုမှ ကာကွယ်ပေးနိုင်ရန် ရည်ရွယ်ထားနိုင်သည်။ ယာဉ်ပေါ်တွင် လေဆာစနစ်တစ်ခုတည်းသာ တပ်ဆင်ခြင်းမဟုတ်ဘဲ ပစ်မှတ်ရှာဖွေရေးနှင့် ခြေရာခံရေးအတွက် အာရုံခံကိရိယာများကိုလည်း ပေါင်းစပ်အသုံးပြုထားခြင်းက အဆိုပါစနစ်ကို သီးခြားလေဆာလက်နက်တစ်ခုထက် ပိုမိုကျယ်ပြန့်သည့် Counter-UAS စနစ်တစ်ရပ်အဖြစ် ဖွဲ့စည်းရန် ရည်ရွယ်ထားနိုင်ကြောင်း ပြသနေသည်။

ဒရုန်းခြိမ်းခြောက်မှုများသည် အရွယ်အစား၊ အမြန်နှုန်း၊ ပျံသန်းနိုင်သည့် အမြင့်နှင့် အသုံးပြုသည့် နည်းပညာတို့အရ မတူညီကြသဖြင့် လေဆာစနစ်တစ်ခုတည်းကို အသုံးပြုခြင်းထက် အာရုံခံစနစ်များ၊ ကွပ်ကဲထိန်းချုပ်ရေးစနစ်များနှင့် အခြားတန်ပြန်ရေးနည်းလမ်းများနှင့် ပေါင်းစပ်အသုံးပြုခြင်းက ပိုမိုအရေးပါလာမည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးနည်းပညာဖွံ့ဖြိုးမှုများတွင်လည်း အသေးစားဒရုန်းများကို ရှာဖွေထောက်လှမ်းခြင်းနှင့် ခွဲခြားသတ်မှတ်ခြင်းအတွက် AI အခြေပြု ရေဒါနည်းပညာများကို စမ်းသပ်လုပ်ဆောင်နေကြောင်း သိရသည်။

ထို့ကြောင့် Type 19 သံချပ်ကာယာဉ်ပေါ်တွင် လေဆာစနစ်၊ အာရုံခံစနစ်နှင့် ပစ်မှတ်ခြေရာခံစနစ်တို့ကို ပေါင်းစပ်တပ်ဆင်ခြင်းသည် တရုတ်နိုင်ငံ၏ Counter-UAS နည်းပညာဖွံ့ဖြိုးမှုတွင် ရွေ့လျားစစ်ကစားနိုင်သည့် လေဆာလက်နက်စနစ်တစ်ရပ်အဖြစ် ဆက်လက်တိုးတက်ဖွံ့ဖြိုးလာနိုင်သည့်လမ်းကြောင်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။

**China turns Type 19 vehicle into potential mobile laser defense system for drone warfare** ကို ဘာသာပြန်ဆိုထားပါသည်။

# ဩစတြေးလျနိုင်ငံ၏ မြေပြင်မှဝေဟင်ပစ်ဒုံးကျည်စနစ် (NASAMS)က တိုက်ပွဲဝင်အသင့် တပ်ဖြန့်အသုံးပြုနိုင်ပြီဖြစ်

ဩစတြေးလျတပ်မတော်၏ မြေပြင်မှဝေဟင်ပစ်ဒုံးကျည်စနစ် (NASAMS)သည် တိုက်ပွဲဝင်အသင့် တပ်ဖြန့်အသုံးပြုနိုင်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု The Defense Post သတင်းဌာနက စက်တင်ဘာ ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါအောင်မြင်မှုသည် ဩစတြေးလျနိုင်ငံ၏ ပေါင်းစပ်လေကြောင်းနှင့် ဒုံးကျည်ရန်ကာကွယ်ရေးစွမ်းရည်ကို ပိုမိုခိုင်မာစေမည့် အရေးပါသော မှတ်တိုင်တစ်ရပ်ဖြစ်သည်။

NASAMS လက်နက်စနစ်သည် ဩစတြေးလျကာကွယ်ရေးတပ်ဖွဲ့ (ADF)၏စစ်ဆင်ရေး လိုအပ်ချက်များကို ပြည့်မီပြီးဖြစ်သဖြင့် လက်တွေ့စစ်ဆင်ရေးတာဝန်များတွင် အသုံးပြုနိုင်သည့် အခြေအနေသို့ ရောက်ရှိလာခြင်းဖြစ်သည်။ အဆိုပါစနစ်ကို ဩစတြေးလျ၏ တာတိုပစ်မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေး(SRGBAD) စီမံကိန်းအောက်တွင် တပ်ဆင်ဖော်ဆောင်ခဲ့ခြင်းဖြစ်ပြီး Joint Integrated Air and Missile Defence စွမ်းရည်၏ အတွင်းပိုင်းအလွှာအဖြစ် အဓိကတာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။

NASAMS လက်နက်စနစ်သည် ဩစတြေးလျတပ်မတော်၏ ယခင်အသုံးပြုခဲ့သည့် အနီးကပ်အကွာအဝေးလေကြောင်းရန် ကာကွယ်ရေးစွမ်းရည်များ၊ အထူးသဖြင့် RBS-70 ပခုံးထမ်းဒုံးကျည်စနစ်များကို အစားထိုးကာ အဓိကလေကြောင်းရန် ကာကွယ်ရေးစနစ်အဖြစ် တာဝန်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ဩစတြေးလျဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး Richard Marles က NASAMS ၏နောက်ဆုံးအဆင့် စစ်ဆင်ရေးစွမ်းရည်ရရှိခြင်းသည် ဩစတြေးလျ၏ ပေါင်းစည်း လေကြောင်းနှင့်ဒုံးကျည်ရန် ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရာတွင် အရေးပါသည့် မှတ်တိုင်တစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ NASAMS သည် ခေတ်မီပြီး စွမ်းဆောင်ရည်မြင့်မားသည့် လေကြောင်းရန်ကာကွယ်ရေးစနစ်တစ်ခုဖြစ်ကာ ဩစတြေးလျကာကွယ်ရေးတပ်ဖွဲ့ဝင်များ၊ အရေးပါသည့် စစ်လက်နက်ပစ္စည်းကိရိယာများနှင့် အခြေခံအဆောက်အအုံများကို လေကြောင်းခြိမ်းခြောက်မှုအမျိုးမျိုးမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း Richard Marles ကဆိုသည်။

NASAMS လက်နက်စနစ်သည် နော်ဝေနိုင်ငံ Kongsberg Defence & Aerospace ကုမ္ပဏီနှင့် အမေရိကန်ကာကွယ်ရေးကုမ္ပဏီ Raytheon တို့က နော်ဝေတော်ဝင် လေတပ်နှင့်ပူးပေါင်း၍ ဖွံ့ဖြိုးတည်ဆောက်ထားသည့် မြေပြင်မှဝေဟင်ပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်တစ်ရပ်ဖြစ်သည်။ အဆိုပါစနစ်တွင် ပေါက်ကွဲအားနှင့် အစိတ်အပိုင်းအစများ ပျံ့နှံ့စေသည့် ထိပ်ဖူးများတပ်ဆင်ထားသော ကြားဖြတ်ဒုံးကျည်များကို အသုံးပြုထားသည်။



ပစ်လွှတ်စင်တစ်စင်းလျှင် ဒုံးကျည်ခြောက်စင်းထိ သယ်ဆောင်နိုင်ပြီး ပုံသေတောင်ပံလေယာဉ်များ၊ ရဟတ်ယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များနှင့် ခရုဇ်ဒုံးကျည်များကို ကြားဖြတ်တိုက်ခိုက်နိုင်စွမ်းရှိသည်။ အဆိုပါဒုံးကျည်များ၏ ထိရောက်စွာတိုက်ခိုက်နိုင်သည့်အကွာအဝေးမှာ ကီလိုမီတာ ၆၀ ခန့်ထိရှိသည်။

NASAMS လက်နက်စနစ်၏ ဖြန့်ခွဲတပ်ဆင်ထားသည့် အာရုံခံစနစ်ကွန်ရက်သည် ခြိမ်းခြောက်မှုပစ်မှတ်များကို ကီလိုမီတာ ၁၂၀ ခန့် အကွာအဝေးမှ ရှာဖွေထောက်လှမ်းနိုင်ပြီး အမြင့် မီတာ ၂၁၀၀၀ ထိရှိသည့် ပစ်မှတ်များကို တိုက်ခိုက်ကြားဖြတ်နိုင်စွမ်းရှိသည်။

လက်ရှိတွင် NASAMS လက်နက်စနစ်ကို ယူကရိန်း၊ ဩစတြေးလျ၊ ချီလီ၊ စပိန်နှင့် အမေရိကန်နိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံကျော်က အသုံးပြုနေခြင်းသို့မဟုတ် ဝယ်ယူတပ်ဆင်ရန် ဆောင်ရွက်နေခြင်းဖြစ်သည်။ ထို့ကြောင့် ဩစတြေးလျတပ်မတော်အနေဖြင့် NASAMS လက်နက်စနစ်ကို အပြည့်အဝစစ်ဆင်ရေးအသုံးပြုနိုင်သည့် အဆင့်သို့ရောက်ရှိလာခြင်းသည် နိုင်ငံ၏အလွှာစုံလေကြောင်းနှင့် ဒုံးရန်ကာကွယ်ရေးစနစ်ကို ပိုမိုခိုင်မာစေမည့် အရေးပါသည့်တိုးတက်မှုတစ်ရပ် ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**Australia Declares NASAMS Air Defense System Fully Operational** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# မြန်မာ့ယဉ်ကျေးမှု စကားအရာအင်္ဂါများ

အောင်ကြည်ညွှန့်(တက္ကသိုလ်)

စကားပြောဆိုခြင်းသည်၊ လူမှုဆက်ဆံရေး မဏ္ဍိုင်ဖြစ်၍ အရေးအကြီးဆုံးဖြစ်သည်။ ပြောမှားဆိုမှားဖြစ်လျှင် ခိုက်ရန်ပင်ဖြစ်တတ်သည်။ နားလည်မှုလွဲနိုင်၍ အသက်ကိုပင် အန္တရာယ်ရှိနိုင်သည်။

ဗုဒ္ဓဘာသာ အဆုံးအမများအရ စကားများများ ပြောသောအားဖြင့် အမှားပါတတ်၏။ နှုတ်ကိုချုပ်တည်းသောသူသည် ပညာရှိ၏ဟုဆိုထားသည်။ ထို့ကြောင့် အကျိုးရှိမည့်စကားကိုသာ ချင့်ချိန်၍ ယဉ်ကျေးချိုသာစွာ ပြောဆိုခြင်းဖြင့် အပြစ်များကို ရှောင်ရှားနိုင်သည်။

စကားများများပြောဆိုသော ရဟန်းများတွင် အပြစ် ငါးမျိုးရှိသည်။ ၎င်းတို့မှာ–

- လိမ်လည်ပြောဆိုမိခြင်း
- ကုန်းတိုက်စကားကို ပြောဆိုခြင်း
- ကြမ်းတမ်းစွာ ပြောဆိုခြင်း
- အကျိုးမရှိ၊ အဓိပ္ပာယ်မဲ့စကား ပြောဆိုခြင်း
- အမှတ်တမဲ့ မှားယွင်းစွာ ပြောဆိုခြင်းတို့ဖြစ်သည်။ စကားများများပြောဆိုခြင်းကြောင့် သေဆုံးသည့်အခါ ချမ်းသာကင်းသော၊ မကောင်းရာဖြစ်သော ငရဲသို့ရောက်တတ်သည်။

ထို့ပြင် မြတ်စွာဘုရားဟောကြားတော်မူသော ၃၈ ဖြာမင်္ဂလာတရားတော်တွင် "သုဘာသိတာစ ယာဝါစ"ကောင်းသောစကားကို ပြောဆိုခြင်းသည် မင်္ဂလာတရားဖြစ်သည်ဟု ဟောကြားတော်မူခဲ့သည်။

ဆရာကြီး ဒဂုန်ဦးထွန်းမြင့်က မှန်ကန်ယဉ်ကျေး၊ ချိုသာအေး၊ ဆိုရေးတတ်ပါစေဟူသော မင်္ဂလာကဗျာဖွဲ့၍ လမ်းညွှန်ထားသည်ကို မှတ်သားရပါသည်။

ထိုနည်းတူ "လုပ်ကိုင်ပြောကြား၊ သတိထား၊ တရားမမေ့စေ"ဟူ၍လည်းကောင်း။ "ကိုယ်နှုတ်စိတ်ကြံ၊ မမိုက်မှားနဲ့ သုစရိုက်တရားကိုကျင့်ပါလေ" ဟူ၍ စပ်ဆိုဆုံးမထားသည်ကို လေ့လာမှတ်သားရပါ၏။ မင်္ဂလာတရားတော်တွင် ပြောဆိုသောစကား၏ အရေးပါပုံနှင့် သတိတရားလက်ကိုင်ထား၍ ပြောကြ၊ ဆိုကြရန်ဖြစ်သည်။

နှုတ်ရေး၊ နှုတ်ရာတွင် သတိရှိ၍၊ ယဉ်ကျေးသိမ်မွေ့စွာပြောဆိုရန် အရေးကြီးလှပုံကို အင်းဝခေတ် စာဆို ရဟန်းအကျော်အမော်၊ ဆရာတော် ရှင်မဟာရဋ္ဌသာရ၏ စကားပြောရာ၌ ယဉ်ကျေးချိုသာစွာ ပြောသင့်ကြောင်း ဆုံးမကဗျာလေးကို ဖော်ပြလိုက်ပါသည်။ ဆရာတော်က–

"တစ်ယောက်စကား
တစ်ယောက်နားမှာ
မခါးရအောင်
သတိဆောင်၍
မောင်တို့ဆိုလေ
ပျားသကာသို့ချိုလှစေ"

ဟူ၍ ချိုသာသောစကားပြောကြရန်၊ နားဝင်ချိုအောင် ပြောဆိုဆက်ရန် ဆိုဆုံးမခြင်းဖြစ်သည်။

လူတစ်ဦးနှင့်တစ်ဦး ပြောဆိုရာတွင် နှုတ်ထွက်စကားများသည် အလွန်အရေးကြီးလှသည်။ အကျိုးမဲ့သော စကားပြောဆိုခြင်းဖြင့် ဘဝကိုအချိန်မကုန်စေရန် ပညာရှိတို့မိန့်မှာခဲ့သည်။

သူတော်စင်များ၊ ဘာသာရေးကိုင်းရှိုင်းသော ပုဂ္ဂိုလ်များသည် စကားပြောရာ၌ ချိုသာသောစကားတို့ကို ဆိုတတ်ကြသည်ကို သတိပြုမိသည်။

တစ်ဦးနှင့်တစ်ဦး ပြောဆိုဆက်ဆံရာတွင် ကြင်နာသောစကား၊ ချိုသာသောစကားတို့ဖြင့် ပြောဆိုကြသည်။ သူတို့၏ စကားသံသည် နှစ်လိုဖွယ်၊ ချစ်ခင်ဖွယ်ရာဖြစ်ကြောင်း သတိပြုမိသည်။

လူလောက၌ စကားပြောရာတွင် နှုတ်ကြမ်း၊ အာကြမ်း၊ လျှာကြမ်း၊ ပြောတတ်သူများကို လူတို့မနှစ်သက်သဖြင့် ရှောင်ရှားကြသည်။ နှုတ်ကြမ်းသူတို့တွင် မိတ်ဆွေကောင်းများ မရတတ်ပေ။

ချိုသောစကားသည် ကောင်းကျိုးချမ်းသာရရှိနိုင်သည်။ ချမ်းမြေ့ဆရာတော်ကြီးက "သုဘာသိတာစယာဝါစာ" မင်္ဂလာတရားနှင့်ပတ်သတ်၍ ဤသို့ဖွင့်ဆိုပြသည်။

" ဟုတ်မှန်ကျိုးရှိ
အနှစ်ပြည့်၍
ပီယဝါစာ
သာယာချိုမြ
ကြားမဝဘဲ
ကြားရသူတွင်
အပူကင်းစင်လျက်
ဘဝင်ကြည်မွေ့
စိတ်ချမ်းမြေ့သော"

ဤသို့စကားကို ပြောဆိုခြင်းသည် မင်္ဂလာတရားဖြစ်ကြောင်း မိန့်တော်မူသည်။ "လောကနီတိ"ကမူ "ပညာရှိမရှိကို သူဆိုသော စကားအရာကိုဆင်ခြင်၍ သိနိုင်ရာ၏"ဟုဆိုထားသည်။ စကားအရာ အင်္ဂါလေးတန်ရှိသည်။ စကားကောင်း၏ လက္ခဏာလေးရပ်မှာ–

၁။ သုဘာသိတ – အကျိုးစီးပွားနှင့်ယှဉ်သည့် ကောင်းမြတ်သောစကား
၂။ ပီယဝါစာ –ချစ်နှစ်လိုဖွယ်ဆိုသောစကား
၃။ သစ္စဝါစာ – ဖြောင့်မှန်သောစကား
၄။ ဓမ္မဝါစာ –တရားတော်နှင့်ညီညွတ်သော စကားတို့ဖြစ်ပါသည်။

၎င်းစကားအင်္ဂါလေးတန်သည် ကောင်းမွန်မြင့်မြတ်သော စကားမျိုးဖြစ်ကြောင်း မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သည်။ ထို့ပြင် မြတ်ဗုဒ္ဓက–

– စကားကို ပြောသင့်ချိန်တန်မှပြောပါ။
– စကားသည် မှန်ကန်ပါစေ။
– စကားဆို သာပါစေ။ မကြမ်းပါနှင့်။
– စကားသည် အကျိုးရှိသောစကားဖြစ်ပါစေ။
–မေတ္တာတရားနှင့်ပြောဆိုသောစကားဖြစ်ပါစေ။

ဟူ၍ စကားကောင်းအင်္ဂါရပ်များကို ဟောပြသွန်သင်ဆုံးမခဲ့သည်။

စကားအရာ ပြောဆိုပုံနှင့်စပ်လျဉ်း၍ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမများ၊ ဆရာတော်ကြီးများ၊ ရှေးစာများ၊ ဆိုရိုးစကားများမှ ထုတ်နှုတ်၍ တင်ပြလိုက်သည်။ လူငယ်မောင်မယ်များ နေ့စဉ်စကားပြောဆိုရာတွင် မိမိပြောဆိုသော စကားများသည်၊ ယဉ်ကျေးသိမ်မွေ့၊ မွန်မြတ်ကောင်းမွန်၊ ချိုသာကြပါစေဟု ဆုတောင်းပေးသည်။ စကားများများ ပြောဆိုလျှင် "စကားစကားပြောပါများ စကားထဲက ဇာတိပြ"ဆိုသကဲ့သို့ အမှားပါတတ်ပုံ၊ အပြစ်ရှိတတ်ပုံကို လေ့လာမှတ်သားရသည်။

စကားပြောခြင်းနှင့်ဆိုင်သော မြန်မာမှု၊ ယဉ်ကျေးမှုကန့်သတ်ချက်များ၊ စည်းဘောင်များရှိသည်ကိုလည်း လေ့လာမိသည်။

စကားပြောမည်ဆိုပါလျှင် "စကားခြောက်ခွန်း လူ၌ထွန်း လေးခွန်းကိုပယ်၊ နှစ်ခွန်းတယ်"ဟူရာ ၅ နှင့် ၆ ကိုသာ ပြောဆိုရာ၏။ ကျန် ၁၊ ၂၊ ၃၊ ၄ ကို ပယ်ရာ၏ဟု သုခမှတ်စုတွင် ဖော်ပြထားသည်။

(၁) ဟုတ်လည်းမဟုတ်၊ သူလည်းမနာလို အကျိုးလည်းမရှိ။
(၂) ဟုတ်ကားဟုတ်၏၊ သူကားမနာလို၊ အကျိုးလည်းမရှိ။
(၃) ဟုတ်လည်းမဟုတ်၊ အကျိုးလည်းမရှိ သူကားနာလို၏။
(၄) ဟုတ်လည်းဟုတ်၏၊ သူလည်းနာလို၏၊ အကျိုးကားမရှိ။
(၅) ဟုတ်လည်းဟုတ်၏၊ အကျိုးလည်းရှိ၏၊ သူကားမနာလို။
(၆) ဟုတ်လည်းဟုတ်၏။ အကျိုးလည်းရှိ၏၊ သူလည်းနာလို၏။

မြတ်စွာဘုရားသည် လူတို့ပြောဆိုသော စကားခြောက်ခွန်းအနက် လေးခွန်းကိုပယ်ကာ "ဟုတ်မှန်၊ အကျိုးရှိ၊ သူနာလို"ဟူသောစကားနှင့် "ဟုတ်မှန်၊ အကျိုးရှိ၊ သူမနာလို"ဟူသော စကားနှစ်ခွန်းကို သုံးစွဲအပ်သည်ဟု ညွှန်ပြတော်မူသည်။

စကားပြောရာတွင် စကားအရာ အင်္ဂါ ၁၀ ပါးကိုလည်း သုခမှတ်စုတွင် တွေ့ရသည်။ ၎င်းတို့မှာ–

၁။ ကာလဝါဒီ = ပြောချိန်ပြောခွင့်သင့်မှ ပြောဆိုခြင်း။
၂။ ဘူတဝါဒီ = ဟုတ်မှတ်သောစကားကို ပြောဆိုခြင်း။
၃။ ဓမ္မဝါဒီ = တရားနှင့်စပ်သည်ကိုသာ ပြောဆိုခြင်း။
၄။ အတ္ထဝါဒီ = အကျိုးနှင့်စပ်သည်ကိုသာ ပြောဆိုခြင်း။
၅။ ပီယဝါဒီ = ချစ်ဖွယ်သောစကားကိုသာ ပြောဆိုခြင်း။
၆။ မိဟိတပုဗ္ဗဘာဏီ = ပြုံးရွှင်ခြင်းကို ရှေးဦးပြု၍ ပြောဆိုခြင်း။
၇။ မိတဘာဏီ = မပိုမလွန်ချင့်ချိန်၍ပြောဆိုခြင်း။
၈။ အတုရိတဝါဒီ = အဆောတလျင် မပြောဆိုခြင်း။
၉။ ပေါရီ = ပြည်ကြီးသူပြည်ကြီးသားတို့၏ ဓလေ့ထုံးစံသို့လိုက်၍ပြောဆိုခြင်း။ (မြို့ကြီးသူမြို့ကြီးသားကိုဆိုလိုသည်)
၁၀။ ဝိသဒဝါဒီ = သန့်ရှင်းသေချာအက္ခရာဌာန်ကရိုဏ်းကျအောင် ပြောဆိုခြင်း။

တို့ဖြစ်ပါသည်။

ယခုအခါတွင် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာ မြန်မာ့ဆိုရိုးစကားလာ စကားကြီးဆယ်မျိုးကိုတင်ပြလိုက်ရပါသည်။ စကားကြီးဆယ်မျိုးမှာ–

၁။ ရေကူးညာတင်(လိုသည်ထက်ပိုပြောသောစကား)
၂။ ကောင်ပင်ရိတ်လှီး(တစ်ခွန်းထဲနှင့် အပိုင်ပြောသည့်စကား)
၃။ ရေစီးဖောင်ဆန်(စကားပြောဆိုရာ၌ လက်ဝင်ပင်ပန်းသောစကား)
၄။ အိုးတန်ဆန်ခပ်(တစ်ဖက်လူနှင့်တန်သလောက်ပြောသောစကား)
၅။ ဆီပွတ်ကျည်ပွေ့(တဖြည်းဖြည်းကိုယ်ဘက်ပါအောင် ပတ်ချွဲ၊ နှပ်ချွဲပြောသောစကား)
၆။ ဆင်ဇွေ့ရန်ရှောင်(ထမင်းရေပူလျှာလွှဲတာဝန်ရှောင်သောစကား)
၇။ တောင်သူယာခုတ်(အခြေခံကို ပထမပြော၍ လိုရာကို နောက်မှပြောသောစကား)
၈။ ကြက်ဆုတ်ခွပ်ပစ်(မိမိအသားစီးရသည့်အခါ အပိုင်ပြောဆိုနည်း)
၉။ ရေစစ်ကရား(စကားအကုန်ပြောနည်း)
၁၀။ ခက်တင်မောင်းနင်း(မတင်မကျစကား)

စကားပြောဆိုရာ၌ ရှောင်ရန်၊ ဆောင်ရန်၊ သတိပြုစရာ၊ လေ့လာစရာ၊ စကားအင်္ဂါအမျိုးအမျိုးကို မြန်မာမှုနယ်ပယ်မှ စကားပြောနည်းအဖုံဖုံကို စုံလင်အောင် လေ့လာဖော်ပြလိုက်ပါသည်။

**ကိုးကား**

**– သုခမှတ်စု။**

❖ လူတစ်ဦးနှင့်တစ်ဦး ပြောဆိုရာတွင် နှုတ်ထွက်စကားများသည် အလွန်အရေးကြီးလှသည်။ အကျိုးမဲ့သော စကားပြောဆိုခြင်းဖြင့် ဘဝကိုအချိန်မကုန်စေရန် ပညာရှိတို့မိန့်မှာခဲ့သည်။ သူတော်စင်များ၊ ဘာသာရေးကိုင်းရှိုင်းသော ပုဂ္ဂိုလ်များသည် စကားပြောရာ၌ ချိုသာသောစကားတို့ကို ဆိုတတ်ကြသည်ကို သတိပြုမိသည်။ တစ်ဦးနှင့်တစ်ဦးပြောဆိုဆက်ဆံရာတွင် ကြင်နာသောစကား၊ ချိုသာသောစကားတို့ဖြင့် ပြောဆိုကြသည်။ သူတို့၏ စကားသံသည် နှစ်လိုဖွယ်၊ ချစ်ခင်ဖွယ်ရာဖြစ်ကြောင်း သတိပြုမိသည်။ လူလောက၌ စကားပြောရာတွင် နှုတ်ကြမ်း၊ အာကြမ်း၊ လျှာကြမ်း ပြောတတ်သူများကို လူတို့မနှစ်သက်သဖြင့် ရှောင်ရှားကြသည်။ နှုတ်ကြမ်းသူတို့တွင် မိတ်ဆွေကောင်းများ မရတတ်ပေ။ ❖

# နှယ်ပေမဲ့ မရစ်တွယ် ဇာတ်လမ်းတွဲကို စက်တင်ဘာလနောက်ဆုံးပတ်တွင် Showlike Application မှ ထုတ်လွှင့်သွားမည်




**ရန်ကုန် စက်တင်ဘာ ၁၄**

Showlike Application ၏ မူပိုင်ဇာတ်လမ်းတွဲဖြစ်သည့် နှယ်ပေမဲ့ မရစ်တွယ် ဇာတ်လမ်းတွဲကို စက်တင်ဘာလ နောက်ဆုံးပတ်တွင် Showlike Application မှ ထုတ်လွှင့်တင်ဆက်သွားမည် ဖြစ်ကြောင်း ဒါရိုက်တာ ရဲနောင်ထံမှ သိရသည်။

အဆိုပါ နှယ်ပေမဲ့ မရစ်တွယ် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို တီနိုက ရေးသားထားပြီး Eric Linnက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ရဲနောင်က တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဘဝရဲ့ အဓိပ္ပာယ်ကို ကိုယ်တိုင်မသိဘဲ တူညီနေတဲ့နေ့ရက်တွေကိုသာ ငြီးငွေ့ဖွယ် ဖြတ်သန်းနေတဲ့အခြေခံလူတန်းစားမိန်းကလေးတစ်ယောက်။ သူ့ရဲ့ဘဝထဲကို အလင်းရောင်တွေ ယူဆောင်လာပေးမဲ့ သူဌေးသားလေးနဲ့ မတော်တဆ တွေ့ဆုံခဲ့တဲ့အခါ ကံကြမ္မာက သူတို့နှစ်ယောက်ကို တကယ်ပဲ ဆုံစည်းပေးခဲ့တာလား၊ ဒါမှမဟုတ် နာကျင်မှုတွေဆီ ခေါ်ဆောင်သွားဖို့လား ဆိုတာကို နှယ်ပေမဲ့ မရစ်တွယ် ဇာတ်လမ်းတွဲမှာကြည့်ရှုရမှာပါ။ မကြာခင် ပရိသတ်တွေရဲ့ ရင်ထဲကို ရောက်ရှိလာတော့မှာမို့ အားလုံးပဲစောင့်မျှော်ပေးကြပါအုံး"ဟု ဒါရိုက်တာ ရဲနောင်က ပြောပြသည်။

နှယ်ပေမဲ့ မရစ်တွယ် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ရှိန်းတင်ထူး၊ ဇင်မျိုး၊ ဆုထက်၊ ထူးပုလဲရတနာ၊ အင်ကြင်ဖူး၊ ဂွမ်းပုံကြီး၊ အိမ့်ကြာဖြူနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# နိုင်ငံတကာ အကောင်းဆုံးအော်စကာဆုအတွက် Fjord ရုပ်ရှင်ဇာတ်ကားကို ရိုမေးနီးယားတင်သွင်း

**ဘူခါရက်စ် စက်တင်ဘာ ၁၄**

၉၉ ကြိမ်မြောက် အော်စကာ ရုပ်ရှင်ဆုပေးပွဲ နိုင်ငံတကာ အကောင်းဆုံး အော်စကာဆု အတွက် Fjord အမည်ရှိ ရုပ်ရှင်ဇာတ်ကားကိုရိုမေးနီးယားနိုင်ငံက ရွေးချယ် တင်သွင်းထားကြောင်း စက်တင်ဘာ ၁၃ ရက် သတင်းများအရ သိရသည်။

Fjord ဇာတ်ကားသည် နိုင်ငံရေးနှင့် ဘာသာရေးယုံကြည်မှုတို့ကို အခြေခံရိုက်ကူးထားသည့် ဒရာမာဇာတ်ကား ဖြစ်ကြောင်း သိရသည်။

Fjord ဇာတ်ကားတွင် ရိုမေးနီးယား မင်းသား ဆီဘက်ရှန်စတန်နှင့် နော်ဝေမင်းသမီး ရီနာတီရိန်းဆဗီတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Fjord ဇာတ်ကားကို ရိုမေးနီးယား ဒါရိုက်တာ ခရစ္စတီယန်မန်ဂူးက ရိုက်ကူးပေးထားပြီး အဆိုပါဇာတ်ကားကို ယခုနှစ် ကန်းနိုင်ငံတကာ ရုပ်ရှင်ပွဲတော်၌ ပွဲဦးထွက်ပြသခဲ့ရာ Palme d' or အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုကို ရရှိခဲ့သည်။

၉၉ ကြိမ်မြောက် အော်စကာ ရုပ်ရှင်ဆုပေးပွဲကို ၂၀၂၇ ခုနှစ် မတ် ၁၄ ရက်တွင် လော့စ်အိန်ဂျလိမြို့တော်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# တေးသံရှင် ပူစူး၊ မေခလာ၊ Lဆိုင်းဇီတို့၏ Melodies of The Rain တေးဂီတဖျော်ဖြေပွဲကို Judson Entertainment Bar တွင် ပြုလုပ်သွားမည်

**ရန်ကုန် စက်တင်ဘာ ၁၄**

တေးသံရှင် ပူစူး၊ မေခလာ၊ Lဆိုင်းဇီတို့၏ Melodies of The Rain တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ Judson Entertainment Bar ၌ စက်တင်ဘာ ၂၆ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ပူစူးထံမှ သိရသည်။

အဆိုပါ တေးသံရှင် ပူစူး၊ မေခလာ၊ Lဆိုင်းဇီတို့၏ Melodies of The Rain တေးဂီတ ဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Judson Entertainment ၏ ပင်တိုင်တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"မိုးရာသီရဲ့ အေးမြမှုနဲ့အတူ ရင်ကို ငြိမ့်ညောင်းသွားစေမဲ့ Melodies of The Rain Live Music Show ကို Judson Entertainment မှာ ကျွန်တော်နဲ့အတူ




မမေခလာ၊ Lဆိုင်းဇီတို့ အတူတူ ရှိနေကြမှာ ဖြစ်ပါတယ်။ မိုးစက်လေးတွေ တဖွဲဖွဲကျနေတဲ့ စက်တင်ဘာ ညနေခင်းတစ်ခုမှာ ရင်ထဲအေးမြသွားစေမဲ့ အလွမ်းသီချင်းလေးတွေကို နားထောင်ရင်း ဂီတကို အပြည့်အဝ ခံစားကြဖို့ စက်တင်ဘာ ၂၆ ရက်မှာ Judson Entertainment မှာ ဆုံကြမယ်"ဟု တေးသံရှင် ပူစူးက ပြောပြသည်။

တေးသံရှင် ပူစူး၊ မေခလာ၊ Lဆိုင်းဇီတို့၏ Melodies of The Rain တေးဂီတ ဖျော်ဖြေပွဲကို Judson Entertainment Bar ၌ စက်တင်ဘာ ၂၆ ရက် ညနေ ၆ နာရီတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Copperhead ဇာတ်ကား၌ မင်းသမီး လိုင်လာဂျော့ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် စက်တင်ဘာ ၁၄**

Black Label Media ရုပ်ရှင်ကုမ္ပဏီ၏ Copperhead ဇာတ်ကားတွင် ဩစတြေးလျနွယ်ဖွား အမေရိကန်မင်းသမီး လိုင်လာဂျော့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၃ ရက် သတင်းများအရ သိရသည်။

Copperhead ဇာတ်ကားတွင် လိုင်လာဂျော့သည် မင်းသား မိုင်းတယ်လာ၊ ဂျေဆင်မိုမိုအာ၊ ကိုင်ဖာ ဆူသာလန်း၊ မင်းသမီး အက်ဒရီရာ အာဂျိုနာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Copperhead ဇာတ်ကားသည် မူးယစ်ဆေးဝါးအရောင်းအဝယ်လုပ်ငန်း အရှုပ်တော်ပုံတစ်ရပ်ကို ဝါရင့်စုံထောက်တစ်ဦးနှင့် လူငယ်စုံထောက်တစ်ဦးတို့ ပူးပေါင်းဖော်ထုတ်ခဲ့ပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Copperhead ဇာတ်ကားကို ဒါရိုက်တာ ဂျွန်စဝက်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ချက်ဖီးဟန်းနှင့် ဂျေတော့စကော့တို့က ရေးသားပေးထားသည်။

လက်ရှိတွင် Copperhead ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို စတင်နေပြီဖြစ်ကြောင်း Black Label Media ကုမ္ပဏီက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# Mister International 2026 ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု အလှမောင်ယုဂံ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၄**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် Mister International 2026 ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု အလှမောင်အဖြစ် Mister Myanmar 2026 အလှမောင် ယုဂံ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း အလှမောင် ယုဂံထံမှ သိရသည်။

အဆိုပါ Mister International 2026 ပြိုင်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် စက်တင်ဘာ ၁၃ ရက်မှစတင်ကာ စက်တင်ဘာ ၂၆ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ဒီပြိုင်ပွဲက ပြည်ပထွက်ပြိုင်တာ ဒုတိယအကြိမ်ပါ။ အခုကက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိနေဖို့လိုပါတယ်။ နိုင်ငံတကာက ကိုယ်စားပြုတွေအနေနဲ့လာတာမို့ ကိုယ့်ဘက်ကလဲ လျော့နေလို့တော့ မရဘူး။ ကျွန်တော်တို့ မြန်မာတွေက Perfect ဖြစ်စေချင်တာပါ။ အဲဒီစေတနာကို နားလည်ပေမဲ့ ကျွန်တော်တို့ဘက်က ပြင်ဆင်ရတာ ခက်ပါတယ်။ အမှားပါခဲ့ရင်လဲ ကြိုတောင်းပန်ပါတယ်။ အနည်းဆုံးTop-10 ထိရအောင် ယူခဲ့မှာပါ။ ဒီပြိုင်ပွဲမှာ ကျွန်တော်ကတော့ အကောင်းဆုံးကြိုးစားသွားမှာပါ"ဟု အလှမောင် ယုဂံက ပြောပြသည်။

အဆိုပါ Mister International 2026 ပြိုင်ပွဲတွင် ဗီယက်နမ်၊ ဂျပန်၊ ဘရာဇီး၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ တရုတ်၊ အိန္ဒိယ၊ ကိုရီးယား၊ စပိန်၊ မလေးရှား၊ ပြင်သစ်၊ ကျူးဘား၊ ပနားမား၊ အဇာဘိုင်ဂျန် စသည့် နိုင်ငံများမှ နိုင်ငံကိုယ်စားပြု အလှမောင်များ ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သိရသည်။

ASH

# Members of so-called PDF groups and ethnic armed groups return the legal fold together with arms and ammunition due to their abhorrence of acts of terrorism that cause loss of life and damage to the property and livelihoods of ethnic people, their desire to live and carry out livelihoods peacefully and to pursue education in peace with growing trust in and acceptance of the peace initiatives of the State and the Tatmadaw









Officials systematically welcome members of various armed groups, including the PDF, who have returned to the legal fold along with weapons and ammunition.

**Nay Pyi Taw September 14**

Due to their abhorrence of acts of terrorism that cause loss of life and damage to the property and livelihoods of ethnic people; their desire to live, work and earn a living peacefully and pursue education in peace; the Government's enactment of laws and welcoming of those wishing to return to the legal fold; their desire to reunite with their families and live and work freely under the protection of the law; the arrangements made by the relevant authorities to ensure their security and enable them to live and work freely among the people after entering the legal fold; and their growing understanding of the peace processes of the State and the Tatmadaw, members of so-called PDF groups and ethnic armed groups are entering the legal fold together with their arms and ammunition.

Furthermore, as the Tatmadaw has consistently placed a high priority on maintaining the stability and peace of the State, it has achieved successes in counter-terrorism operations, regained full control of areas temporarily controlled by terrorist groups, and fully reopened communication routes. Local ethnic people have heartily supported these developments, and, with their enthusiastic support and trust in the Tatmadaw, have increasingly cooperated and participated in efforts alongside the Tatmadaw. As a result, members of armed terrorist groups have been reporting to nearby military camps and security police outposts and returning to the legal fold.

Members of so-called PDF and ethnic armed groups bringing along with arms and ammunition returning to the legal fold were welcomed at relevant military commands systematically. Officials provide those who return to the legal fold with awareness sessions on relevant provisions of the law and have them sign undertakings. They are also provided with appropriate cash rewards for the arms and ammunition they bring with them, as well as foodstuffs, before being systematically handed over to their parents or guardians.



Officials systematically welcome members of various armed groups, including the PDF, who have returned to the legal fold along with weapons and ammunition.

Those who understand the peace process and genuine attitude of the State and the Tatmadaw have returned to the legal fold since 2021.

*See Page 13*






**Officials inspect the weapons and ammunition brought in by members of various armed groups, including the PDF, as they return to the legal fold.**




**Officials systematically welcome members of various armed groups, including the PDF, who have returned to the legal fold along with weapons and ammunition, and provide them with cash rewards and relief supplies.**

*From Page 12*

In this regard, 25 men and one woman, totalling 26 returnd to the legal fold along with 22 assorted arms and acceossories in Nay Pyi Taw Command, 134 men and three women, totalling 137 with 44 arms and related equipment in Northern Command, 690 men and 204 women, totalling 894 with 11 assorted arms and accessories in North-East Command, 296 men and 29 women, totalling 325 with 90 guns and accessories in Eastern Command, two men and two women, totalling four with one small arm and related quipment in Eastern Central Command, 13 men with 11 arms and accessories in Triangle Region Command, 149 men and five women, totalling 154 with 48 arms and related accessories in South-East Command, 69 men and 11 women, totalling 80 with 27 assorted arms and related equipment in Coastal Region Command, 170 men and 28 women, totalling 198 with one small arm and related accessories in Yangon Command, 147 men and five women, totalling 152 with 35 arms and accessories in South-West Command, 12 men in Western Command, 532 men and 48 women, totalling 580 with 133 assorted arms and related accessories in North-West Command, 2,645 men and 281 women, totalling 2,926 with 229 arms and related equipment in Central Command, and 152 men and 19 women, totalling 171 with 60 arms and accessories in Southern Command. So, a total of 5,672 individuals including 5,036 men and 636 women returned to the legal fold bringing along with 692 assorted firearms.

Members of so-called PDF group who have returned to the legal fold had joined PDF terrorist groups and some ethnic armed groups as a result of inducement, financial incentives, threats and coercion employed through various means by the CRPH and NUG, which they themselves had created as part of their political agenda. They reportedly became unable to accept the terrorist acts carried out for the interests of those groups, including threatening, arresting and killing innocent civilians and government employees, as well as planting mines and carrying out explosive attacks to destroy infrastructure, roads and bridges that were not military targets. Although they had taken up arms under the banner of political causes, they came to realize that they themselves had become involved in terrorism.

Those members also reportedly faced hierarchical discrimination within those groups, including bullying, abuse and killings among members, sexual violence, harsh living conditions and severe hardship. In addition, their morale declined as they became increasingly unable to withstand the Tatmadaw's offensive operations. They also wished to contribute positively to the State and the people who had suffered losses as a result of their actions, *See Page 14*





**Officials inspect the weapons and ammunition brought in by members of various armed groups, including the PDF, as they return to the legal fold.**





**Weapons and ammunition brought in by members of various armed groups, including the PDF, seen upon their return to the legal fold.**

***From Page 13***

and came to understand the State's peace process. Consequently, they abandoned the armed struggle and returned to the legal fold.

Those who have returned to the legal fold are being welcomed and received, provided with the necessary assistance and support, and systematically handed back to their parents or guardians. There are still individuals wishing to return to the legal fold. Those wishing to return to the legal fold and work together with the Government and the Tatmadaw for the benefit of the State and their respective regions are urged to promptly contact and report to the nearest district or township administrative bodies, military camps or police stations. Those who make such contact and report will be welcomed and provided with the necessary assistance and support. Appropriate cash rewards are also being provided for the arms and ammunition brought in.

The following are some accounts from those who have returned to the legal fold: -

In Interview 1

An individual who joined the PDF in December 2024 detailed his experiences, stating that after completing four months of basic training and four months of special commando training, he served as a squad leader operating alongside the KNU in the Pulaw region. He alleged that PDF personnel faced discrimination, harsh labor, and high-risk assignments, claiming that officers ordered operations remotely while engaging in extortion, toll collection, and purchasing private homes in Thailand. Citing constant fear, hardship, and disillusionment, he stated that he eventually took a company commander's firearm and surrendered to the Tatmadaw, where he reported receiving proper treatment, sustenance, and care, while urging remaining PDF members to surrender and return to the legal fold.

Interview 2

I served with the Black Tiger group in Myingyan, where I held the position of demolition leader. I began participating in this revolution at the age of 14—that is to say, from 2022 onward. Upon joining, I was required to undergo training. After completing it, I was deployed directly to the front line. There, I served as a mine leader in northern Myingyan. I took part in numerous engagements and was assigned to various locations. Following these deployments, I witnessed considerable exploitation from above. Many of the leaders were involved in the use of marijuana and WY pills. We, however, did not engage in such activities. A great many of them used narcotics. In truth, it was the comrades at the lower levels who remained on the ground, carrying out the work without receiving any benefits. When the military launched offensives, the leaders would flee in their vehicles, abandoning the comrades to their fate. They took all the weapons and fled. I came over to the light because of their cruelty, brutality and oppression. When I did so, the military welcomed me warmly. It was not as they had claimed—that I would be killed or cut down. It was not as they said. I would also like to extend an invitation to the brothers, sisters and comrades who may follow later to come over as well.

Interview 3

When I first joined the terrorist organization, I was only 15 years old. The reason I joined was that the organization came to our village to recruit and give speeches. They collected recruits under a mandatory "one person per household" policy. They threatened that if a family didn't send someone, they would harm the family and kill our parents, so out of fear, I joined. Once inside the organization, we had to undergo three months of military training. During those three months, there was inadequate medical care. Because of this, some people couldn't bear the hardship and tried to flee. If they were caught escaping, they were beaten, tortured, or killed. Terrified by this, we pushed through and completed the training. After military training, we were assigned to public relations duty. We had to stand guard at checkpoints along the main public roads. They collected extortion money under the guise of taxes. They even demanded half the market value of barrels of oil. Since they charged such high rates, some civilians couldn't afford to pay. For those who couldn't pay, they seized the oil barrels and confiscated their belongings. Some civilians were detained under suspicion. Once detained, they were tortured and beaten—their fingernails and toenails were pulled out, and boiling water was poured over their heads. Although they claimed, "The people are our parents," their actions completely contradicted their words. While they told us comrades that everyone was equal, their officers went to KTVs, indulged with promiscuous women, drank, inhaled ketamine, and used yaba (methamphetamine). Every night they went out, they spent hundreds of thousands. Male comrades also raped female members. From what I personally witnessed, a female trainee was called out late at night under the pretext of needing to talk and was raped. Without taking any responsibility, they merely sent the girl back to the provinces, while the perpetrator faced no punishment whatsoever. Because of this, we felt unsafe staying there. We couldn't bear to let our lives be ruined in that place, so we fled. After escaping, I tried to defect to the legal fold. They had brainwashed us, saying that if we surrendered to the Tatmadaw, the women would be raped and the men would be conscripted once they turned 18. ***See Page 15***

*From Page 14*

Terrified, I asked a friend who had defected earlier if everything was alright. My friend replied that everything was fine, told me not to worry, and said the Tatmadaw was welcoming defectors warmly. We then contacted the responsible captains here and crossed over. When we arrived, everyone welcomed us warmly. They provided everything we needed. We live and eat just as they do. Coming out of the darkness and into the light was absolutely the right choice. Therefore, I urge our friends, brothers, and sisters still over there: do not let your lives be ruined by staying; come and enter the light with the Tatmadaw. Once we return home after defecting, we pledge to live honorably, earn an honest living for our parents, our country, and our people, and never commit such mistakes again.

100



A returnee to the legal fold gives an interview.



A returnee to the legal fold gives an interview.



A returnee to the legal fold gives an interview.

# Pwintbyu Township finishes cultivation of more than 60,000 acres of rainfed paddy

**Pwintbyu September 14**

Local farmers have so far planted 68,338 acres of rainfed paddy in Pwintbyu Township of Magway Region, according to the township Agriculture Department.

During this year's monsoon crop cultivation season, 70,033 acres of rainfed paddy have been earmarked for cultivation in Pwintbyu Township. Cultivation began in July, and 68,338 acres have been planted to date, according to the township authorities.

"During this year's monsoon crop cultivation season, 70,033 acres of paddy have been targeted for cultivation in Pwintbyu Township. As of today, paddy has been planted on 68,338 acres. We are making efforts to meet the targeted acreage. We are also conducting field-level agricultural extension activities for farmers to improve paddy yields, including selecting and cultivating quality and pure varieties, using proper cultivation methods, using irrigation water systematically, and preventing golden apple snail infestations," said Daw Moe Moe Wai, Head of the Pwintbyu Township Agriculture Department.

In Pwintbyu Township, the Agriculture Department, Department of Agricultural Mechanization, and Irrigation and Water Utilization Management Department are jointly providing support to enable farmers to meet the targeted acreage for monsoon paddy cultivation this year. The support includes promoting the cultivation of high-yielding paddy varieties, ensuring the use of proper cultivation methods, and preventing pests and diseases, with the aim of ensuring adequate rice supplies and generating a surplus.

If paddy is cultivated with improved yields, it will not only ensure sufficient rice for local consumption but also allow surplus production to be sold, thereby generating income and improving local socioeconomic conditions. Therefore, efforts should be made to expand paddy cultivation across all areas, said Daw Moe Moe Wai.

Ye Win Naing (NyaungU)



Farmers are seen cultivating monsoon paddy in a field.

# Tamu District to grow more than 2,000 acres of winter sesame

**Tamu September 14**

Statistics of Tamu District Agriculture Department stated that local authorities have earmarked cultivation of more than 2,000 acres of winter sesame in Tamu District of Sagaing Region this year.

For the 2026-2027 winter crop cultivation season, Tamu District has earmarked a total of 2,420 acres for winter sesame cultivation, with 1,685 acres in Myothit Township, 355 acres in Tamu Township and 380 acres in Khampat Town.

"More than 2,000 acres of winter sesame have been targeted for cultivation in Tamu District during the winter crop cultivation season. We will make efforts to meet the targeted acreage. Sesame cultivation has been increasing year by year, with most sesame being cultivated in the winter season. As an oilseed crop, sesame cultivation is in a successful position," said U Myo Thein, Head of the Tamu District Agriculture Department.

This year, the respective Township Agriculture Departments in Tamu District will provide farmers cultivating winter sesame with agricultural extension services on expanding sesame cultivation, proper cultivation methods, Good Agricultural Practices (GAP), the use of quality and pure seeds, and the cultivation of high-yielding varieties.

Crops cultivated and produced under GAP generally have better quality and can fetch higher prices than those produced using other cultivation methods. They can also be sold not only in domestic markets but also exported to foreign markets. Therefore, farmers adopting GAP are expected to gain greater economic benefits, which will contribute to improvements in their socioeconomic conditions.

206

# 11 injured in ammonia gas leak at S. Jordan's industrial complex

**Amman September 14**

Eleven people suffered suffocation on Monday following an ammonia gas leak at the industrial complex in Jordan's southern port city of Aqaba, according to Nedal Musa Al Ouran, commissioner for environment and public safety at the Aqaba Special Economic Zone Authority.

He said the incident occurred around noon during maintenance work on an old pump or pressure device belonging to a Japanese company. A small amount of ammonia that had previously accumulated at the site leaked during the maintenance work.

The injuries ranged from mild to moderate cases of suffocation, with some of those affected receiving treatment at the industrial complex's clinic and others being transferred to the hospital, according to Ouran.

He said the workers had initially followed safety procedures, but their proximity to the leak exposed them to the gas.

Ouran said the leak was brought under control shortly after it occurred, adding that civil defense personnel and security forces were at the site and technical checks had confirmed that the situation was under control.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# သာစည်-ရွှေညောင်-တောင်ကြီးရထားလမ်းပိုင်းကို ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၄**

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ယနေ့နံနက်ပိုင်းက တောင်ကြီးမီးရထားရိပ်သာ၌ ဝန်ကြီးဌာနလက်အောက်ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နိုင်ငံ့ဝန်ထမ်းပီသစွာဝန်ထမ်းကျင့်ဝတ်နှင့်အညီ တာဝန်ကိုကျေပွန်စွာထမ်းဆောင်ရန်၊ ဌာနအချင်းချင်း ပူးပေါင်းညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်၊ ဌာနရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ သန့်ရှင်းကောင်းမွန်ရေးအမြဲဆောင်ရွက်ရန် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တောင်ကြီးဘူတာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘူတာသန့်ရှင်းသပ်ရပ်ရေးနှင့် ယာဒ်ဝင်းအတွင်းရှိ ကလော-မြင်းဒိုက်၊ ကလော-အောင်ပန်းလမ်းပိုင်း၌ စီးလုံးငှားပြေးဆွဲပေးသည့် ရှုခင်းကြည့် RGC ရထား၏ လိုအပ်ချက်များ ပြန်လည်ပြုပြင်ပေးရန် မှာကြားသည်။



ဆက်လက်၍အထူးရထားဖြင့်တောင်ကြီးဘူတာမှ ပေါမူဘူတာထိ လိုက်ပါစီးနင်းပြီး ရထားလမ်းပိုင်းနှင့် ထိသိမ်အပိုင်းပတ် ရထားလမ်းတာပေါင်များ ကြံ့ခိုင်ကောင်းမွန်ရေး၊ မြေထိန်းနံရံနှင့် ရေထွက်ပေါက်များကောင်းမွန်စေရေး ပြုပြင်ဆောင်ရွက်ထားမှုကို အသေးစိတ်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် သာစည်ဘူတာသို့ ရောက်ရှိရာ ဘူတာအဝင်ရထားလမ်းခုံးကျော်တံတားအသစ်တည်ဆောက်မည့်နေရာနှင့် ဘူတာအသစ်တည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့နံနက်ပိုင်းကလည်း သာစည်မြို့နယ် ယင်းမာပင်ဘူတာမှ အထူးရထားဖြင့် လိုက်ပါစီးနင်းပြီး ယင်းမာပင်-ကလောရထားလမ်းပိုင်းကိုလည်းကောင်း၊ လယ်ပြင်နှင့် ပထမလွန်းထိုးဘူတာကြား မိုင်တိုင်အမှတ်(၃၄၆/၀)ရှိ ရွှေမင်းဘုန်းတံတားကိုလည်းကောင်း၊ ပထမလွန်းထိုးဘူတာနှင့် ခွေးရုပ်ဘူတာတို့ကိုလည်းကောင်း၊ ဆင်တောင်နှင့်မြင်းဒိုက်ဘူတာကြား မိုင်တိုင်(၃၅၉/၁၆-၂၀)ရှိ အရှည်ပေ ၈၃၀ ရှိသော ကမ်းပါးနီလိုဏ်ဂူကိုလည်းကောင်း၊ ကလောဘူတာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တံတား၊ လမ်း၊ အဆောက်အအုံဦးစီးဌာနများ၏ သုတေသနနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲတွင် တည်ဆောက်ရေးသုံးပစ္စည်းများ၏အရည်အသွေးကို ခတ်ခွဲစမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိ



နေပြည်တော် စက်တင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး တံတား၊ လမ်း၊ အဆောက်အအုံဦးစီးဌာနများ၏ သုတေသနနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ၌ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ပစ္စည်းများ၏အရည်အသွေးကို ခတ်ခွဲစမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် တည်ဆောက်ရေးသုံးပစ္စည်းများ ခတ်ခွဲစမ်းသပ်နေမှုနှင့် ဘိုးပိုင်များဆောင်ရွက်ရာတွင် ကြံ့ခိုင်မှုစစ်ဆေးသည့် ကိရိယာများ၊ ခတ်ခွဲခန်းသုံးပစ္စည်းများကို ယနေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ လမ်းဦးစီးဌာန၏ သုတေသနနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲရှိ လမ်းတည်ဆောက်ရေးလုပ်ငန်းတွင် အသုံးပြုသည့် မြေသားခတ်ခွဲစမ်းသပ်ခြင်း၊ မြေသားအရည်အသွေးအရ လမ်းဒီဇိုင်းပုံစံများတွက်ချက်ရေးဆွဲထုတ်ပေးခြင်း၊ ကတ္တရာအရည်အသွေးစစ်ဆေးခြင်း၊ လမ်းတည်ဆောက်ရေးသုံးပစ္စည်းများ အရည်အသွေးစစ်ဆေးခြင်း၊ လမ်းလုပ်ငန်း အရည်အသွေးပြည့်မီ ကောင်းမွန်စေရေးစစ်ဆေးသည့် ခတ်ခွဲခန်းသုံးပစ္စည်းများကိုလည်းကောင်း၊ အဆောက်အအုံဦးစီးဌာန၏ သုတေသနနှင့် အရည်အသွေး ထိန်းသိမ်းရေးဌာနခွဲရှိ သံချောင်းများ အရည်အသွေးစစ်ဆေးမှုနှင့် ခတ်ခွဲခန်းသုံးပစ္စည်းများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် သုတေသနနှင့် အရည်အသွေး ထိန်းသိမ်းရေးဌာနခွဲများရှိ ခတ်ခွဲခန်းများသည် နိုင်ငံတစ်ဝန်းတည်ဆောက်ရေးလုပ်ငန်းများအတွက် များစွာအရေးကြီးကြောင်း၊ တည်ဆောက်ရေးပစ္စည်းများ အရည်အသွေးပြည့်မီရေးအတွက် ခတ်ခွဲခန်းများသည် အရေးပါသည့် အခန်းကဏ္ဍတွင်ပါဝင်နေပါကြောင်း၊ ISO အသိအမှတ်ပြု လက်မှတ်ရရှိထားသောဌာနဖြစ်၍ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သောကုမ္ပဏီများမှအသုံးပြုမည့်တည်ဆောက်ရေးသုံးပစ္စည်းများ အရည်အသွေးစစ်ဆေးပေးရန်၊ ခတ်ခွဲခန်းသုံးပစ္စည်းများကို စနစ်တကျထိန်းသိမ်းအသုံးပြုရန်နှင့် လုပ်ငန်းခွင် အရည်အသွေး ထိန်းသိမ်းရေးအတွက် အကျိုးရှိရှိအသုံးပြုရန် မှာကြားသည်။

ထိုမှတစ်ဆင့် ရန်ကုန်-မန္တလေး အမြန်လမ်း(ရန်ကုန်- နေပြည်တော်လမ်းပိုင်း) ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာသွားလာနိုင်ရေး အပိုင်းလိုက်ပြုပြင်ထိန်းသိမ်းရန်လိုအပ်သည့် နေရာများတွင် စက်ယန္တရားများဖြင့် ကတ္တရာကွန်ကရစ်(AC) ခင်းကျင်းနေမှု၊ မိုင်တိုင်အမှတ်(၁၆၅/၁)ရှိဆွာချောင်းတံတား အသွားလမ်းနေရာတွင် အရှည် ပေ ၉၀၀ တံတားအသစ်တစ်စင်း ထပ်မံတည်ဆောက်နေသည့် လုပ်ငန်းခွင်တို့ကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

🏳 ရှေ့ဖုံးမှအဆက်

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပခဲ့ပြီးနောက် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်များပေါ်ပေါက်လာပါကြောင်း၊ မိမိတို့နိုင်ငံ၏လွှတ်တော်စနစ်သည် ဂျပန်နိုင်ငံ လွှတ်တော်စနစ်ကဲ့သို့ပင် လွှတ်တော်နှစ်ရပ်ရှိပါကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့များဖွဲ့စည်း၍ အခြားနိုင်ငံများနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဂျပန်အောက်လွှတ်တော်နှင့်လည်း ချစ်ကြည်ရင်းနှီးစွာဆက်ဆံနိုင်ရေးအတွက် မိမိတို့လွှတ်တော်တွင် မြန်မာ-ဂျပန်လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ အဆွေတော် ယခုကဲ့သို့ လာရောက်ခြင်းသည် မိမိတို့လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်ရန်အတွက် ပထမခြေလှမ်းပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် လွှတ်တော်ကဏ္ဍမှ စတင်ဆောင်ရွက်၍ရပါကြောင်း၊ မိမိတို့နှစ်နိုင်ငံကြား လွှတ်တော်အချင်းချင်းထိတွေ့ဆက်ဆံရေး၊ လွှတ်တော်ကော်မတီချင်းဆက်ဆံရေး၊ လူငယ်၊ အမျိုးသမီးနှင့် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ ချစ်ကြည်ရင်းနှီးမှုများဖြင့် ကာလကြာရှည်စွာဆက်ဆံရေးကောင်းမွန်သည့် မိမိတို့နှစ်နိုင်ငံအတွက် ဆက်ဆံရေးပြန်လည်တိုးမြှင့်ရန် ဆောင်ရွက်မှုများသည် အခက်အခဲရှိလိမ့်မည်မဟုတ်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ် Honorable Mr. TAKEI Shunsuke က မိမိတို့နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့်အခါတွင် အေးချမ်းသာယာသောအခြေအနေများကို တွေ့မြင်ရပြီး ပြင်ပတွင်ဖြစ်ပေါ်နေသောသတင်းများနှင့် ကွာခြားလျက်ရှိပါကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်နိုင်ရေး အဓိကကျသည့် ပြည်သူအချင်းချင်းချစ်ကြည်ရင်းနှီးမှုနှင့် မြန်မာနိုင်ငံ၏သာယာလှပသောသဘာဝနှင့်ယဉ်ကျေးမှုများ လေ့လာနိုင်ရန်အတွက် ခရီးသွားလုပ်ငန်းများကိုလည်း ပြန်လည်စတင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံတွင် လာရောက်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံမှ လုပ်သားဦးရေ တစ်သိန်းကျော်ရှိပြီး ကြိုးစားအားထုတ်မှုနှင့် ကောင်းမွန်သောအပြုအမူများကြောင့် နာမည်ကောင်းများ ရရှိထားပါကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့်လည်း Specified Skilled Worker (SSW) ကျွမ်းကျင်သည့် လုပ်သားစနစ်သစ်ဖြင့် အလုပ်သမားများခေါ်ယူရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိယခုလာရောက်သည့် ခရီးစဉ်ရည်ရွယ်ချက်မှာလည်း နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ပြန်လည်စတင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်နှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပြည်သူချင်းထိတွေ့ဆက်ဆံမှု ပြန်လည်ခိုင်မာလာစေရေးတို့အတွက် လာရောက်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော် ပို့ဆောင်ဆက်သွယ်ရေး၊ ဒစ်ဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီဥက္ကဋ္ဌ ဒေါက်တာနန္ဒာလှမြင့်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# သန်လျင်ရေနံချက်စက်ရုံ စီမံကိန်းအပိုင်း(၁)ကို စက်ရုံလည်ပတ်မှုနည်းစဉ်တစ်ဆင့်ချင်းအလိုက် စမ်းသပ်လည်ပတ်နေ

နေပြည်တော် စက်တင်ဘာ ၁၄

သန်လျင်ရေနံချက်စက်ရုံစီမံကိန်းအပိုင်း(၁)ကို စက်ရုံလည်ပတ်မှုနည်းစဉ်တစ်ဆင့်ချင်းအလိုက် စမ်းသပ်လည်ပတ်နေမှုကို ယနေ့တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ယနေ့အချိန်ကာလသည် ကမ္ဘာတစ်ဝန်းတွင် စက်မောင်းဆီအခက်အခဲများဖြစ်ပေါ်နေလျက်ရှိသည့်အပြင် ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စက်မောင်းဆီကို စနစ်တကျသုံးစွဲနိုင်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ကိုယ်တိုင်ထုတ်လုပ်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခမဖြစ်မီက စက်မောင်းဆီများသည် ရေနံစိမ်းကုန်ကြမ်းထက် ၃၀ ရာခိုင်နှုန်းခန့်သာပိုမိုသော်လည်း ယခုအချိန်တွင် နှစ်ဆခွဲခန့်ထိ မြင့်တက်နေသည့်အတွက် ရေနံချက်စက်ရုံများ လျင်မြန်စွာပေါ်ထွက်လာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယခုလည်ပတ်မည့်စက်ရုံသည် ထိန်းချုပ်မောင်းနှင်မှု၊ စောင့်ကြည့်မှု၊ ချိန်ညှိမှုများကို Control Room အတွင်းမှ ဆောင်ရွက်နိုင်သည့် ပထမဆုံးသော ရေနံချက်စက်ရုံဖြစ်သည်နှင့်အညီ ဝန်ထမ်းများကို စနစ်တကျ လေ့ကျင့်သင်ကြားပေးထားရန် လိုအပ်ကြောင်း ပြောကြားသည်။


မွန်းလွဲပိုင်းတွင် သာကေတနှင့် အလုံ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများကိုကြည့်ရှုစစ်ဆေးပြီး သဘာဝဓာတ်ငွေ့များသည် တန်ဖိုးကြီးမားသဖြင့် အကျိုးရှိထိရောက်စွာအသုံးပြုရန် လိုအပ်ကြောင်း၊ စက်များ၏စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ခြင်းဖြင့် သဘာဝဓာတ်ငွေ့သုံးစွဲမှု အနည်းဆုံး ၃၀ ရာခိုင်နှုန်း သက်သာသွားမည်ဖြစ်ရာ စက်များကို ပြန်လည်ပြင်ဆင်ခြင်း၊ စွမ်းဆောင်ရည်မြင့်မားသည့်စက်များဖြင့် အစားထိုးအသုံးပြုသွားနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။


ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေကြသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် အနှောင့်အယှက် အခက်အခဲများရှိနေသော်လည်း ဝန်ထမ်းများအားလုံး စုစည်းညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်နေကြပါကြောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၆ ခုနှစ်ထိ နှစ်စဉ်တစ်လချင်း ပျမ်းမျှဓာတ်အားဖြန့်ဖြူးနိုင်မှုကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ယခုနှစ်သည် အများဆုံးဖြစ်ပြီး တစ်လပျမ်းမျှ ယူနစ် ၁၉၇၈ သန်း ဖြန့်ဖြူးနေပါကြောင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံများ၊ မဟာဓာတ်အားလိုင်းများ ဖျက်ဆီးခံခဲ့ရခြင်းမရှိပါက တစ်လ ပျမ်းမျှ ယူနစ် သန်း၂၂၄၀ ထိ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ်နှင့် နှိုင်းယှဉ်ပါက တစ်လပျမ်းမျှဖြန့်ဖြူးနိုင်မှု ၂၁ ရာခိုင်နှုန်း တိုးတက်လာပါကြောင်း၊ ယခုကဲ့သို့ တိုးတက်လာမှုသည် ဓာတ်အားတိုးမြှင့်ထုတ်လုပ်ပေးနိုင်မှုအပြင် ဓာတ်အားခိုးယူသုံးစွဲမှုများကို ဖော်ထုတ်အရေးယူနိုင်ခြင်းသည်လည်း အဓိကပါဝင်ပါကြောင်း၊ ပြည်သူများ အားကိုးအားထားပြုရပြီး နိုင်ငံတော်စီးပွားဖွံ့ဖြိုးမှုအတွက် အားကိုးအားထားပြုရသည့် လျှပ်စစ်ဓာတ်အားပေးစနစ်ဖြစ်ပေါ်လာစေရေးအတွက် ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ဝန်ထမ်းများအားလုံးသည် စေတနာအရင်းခံ၍ ဝန်ဆောင်မှုပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့အတူ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်မီတာများ တိုးမြှင့်တပ်ဆင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေသည့် အစီအမံများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




# မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၄

ဗီယက်နမ်ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်နိုင်စေရန် ဗီယက်နမ်နိုင်ငံမှ ခရီးသွားကုမ္ပဏီများနှင့် သတင်းမီဒီယာများပါဝင်သော ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ် (FAM Trip)များ စီစဉ်ဖိတ်ခေါ်ပြီး မြန်မာနိုင်ငံ၏ ထင်ရှားကျော်ကြားသည့် ခရီးစဉ်ဒေသများကို ပို့ဆောင်ပေးခြင်းဖြင့် ဧည့်သည်များအနေဖြင့် ခရီးစဉ်ဒေသများ၏ သာယာလှပမှု၊ လုံခြုံစိတ်ချရမှု၊ သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝမှုစသည့် နိုင်ငံ၏ ပကတိအခြေအနေမှန်များကို မျက်မြင်ကိုယ်တွေ့သိရှိပြီး ယုံကြည်စိတ်ချစွာလာရောက် လည်ပတ်နိုင်ကြမည်ဖြစ်ကြောင်း ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ယနေ့မွန်းလွဲပိုင်းက အဆိုပါဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည့် မြန်မာ-ဗီယက်နမ် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။




ထို့အတူ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းများ အပြန်အလှန်တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းရှင်များ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့် မြန်မာနိုင်ငံသို့ ဗီယက်နမ်နိုင်ငံမှ ခရီးသွားဧည့်သည်များ ပိုမိုသိရှိပြီး လာရောက်လည်ပတ်စေရေး ဆောင်ရွက်နိုင်မည့် နည်း လမ်းများကို ဆွေးနွေးပြောကြားသည်။

အလားတူ အစည်းအဝေးသို့ Online မှ ပါဝင်တက်ရောက်ကြသည့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးမှ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် Ms. LE NGUYEN NGOC TRINH၊ ဗီယက်နမ်နိုင်ငံမှ ခရီးသွားကုမ္ပဏီများနှင့် ဗီယက်နမ်လေကြောင်းလိုင်းများမှ တာဝန်ရှိသူများက နှစ်နိုင်ငံခရီးသွားလုပ်ငန်း မြှင့်တင်မှုဖော်ဆောင်နိုင်ရန် အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မြန်မာ-ဗီယက်နမ် ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ MAI လေကြောင်းလိုင်းမှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၏ သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်သူအားလုံး စုစည်းညီညွတ်ဖို့ လို

ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ရအောင် လုပ်ပါမယ်၊ ဒီလိုနဲ့ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

## တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၅၆/၂၀၂၆)**
၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်
(၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)

**တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၇-၂-၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၃၂/၂၀၂၆)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးကို ယှဉ်တွဲပါအတိုင်းအစားထိုး ပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ကြည်း ၃၃၄၆၆<br>ဗိုလ်မှူးချုပ် ဉာဏ်သိန်းဦး | အစား | ကြည်း ၃၅၄၂၈<br>ဗိုလ်မှူးကြီး သူရိန်ဟန် |
| (ခ) | ကြည်း ၂၀၆၈၃<br>ဗိုလ်မှူးကြီး အောင်ကျော်ဦး | အစား | ကြည်း ၂၇၂၁၃<br>ဗိုလ်မှူးကြီး စိုးထွန်း |
| (ဂ) | ကြည်း ၂၃၃၅၃<br>ဗိုလ်မှူးကြီး ဝင်းကိုကို | အစား | ကြည်း ၂၈၂၇၄<br>ဗိုလ်မှူးကြီး သိန်းလွင် |
| (ဃ) | ကြည်း ၂၃၆၇၆<br>ဗိုလ်မှူးကြီး ဒေါ်စိုးမိုးခိုင် | အစား | အင်န် ၆၅၉<br>ဒုတိယဗိုလ်မှူးကြီး ဒေါ်ဥမ္မာမြင့် |
| (င) | ကြည်း ၂၃၆၇၅<br>ဒုတိယဗိုလ်မှူးကြီး ဒေါ်ခင်ဥမ္မာကြိုင် | အစား | အင်န် ၈၃၁<br>ဗိုလ်မှူး ဒေါ်အေးအေးမွန် |
| (စ) | ကြည်း ၂၅၅၁၅<br>ဒုတိယဗိုလ်မှူးကြီး ဒေါ်ခိုင်ခိုင်စု | အစား | အင်န် ၈၂၄<br>ဗိုလ်မှူး ဒေါ်အေးသက်သက်ခိုင် |
| (ဆ) | အင်န် ၆၃၇<br>ဗိုလ်မှူး ဒေါ်ခင်သူဇာ | အစား | အင်န် ၇၀၇<br>ဗိုလ်မှူး ဒေါ်သီတာလွင် |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၅၇/၂၀၂၆)**
၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်
(၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)

**တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၈-၂-၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၃၃/၂၀၂၆)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦးကို ယှဉ်တွဲပါအတိုင်းအစားထိုး ပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ကြည်း ၂၀၈၃၄<br>ဗိုလ်မှူးချုပ် ဝင်းကိုကို | အစား | ကြည်း ၂၅၀၆၅<br>ဗိုလ်မှူးချုပ် ခင်မောင်စိုး |
| (ခ) | လေ ၁၉၆၂<br>ဗိုလ်မှူးချုပ် မြင့်သောင်း | အစား | လေ ၂၂၁၄<br>ဗိုလ်မှူးချုပ် ဇော်ဇော်ထွန်း |
| (ဂ) | ကြည်း ၃၄၇၁၁<br>ဗိုလ်မှူး တင့်လွင်အေး | အစား | ကြည်း ၅၅၃၉၈<br>ဗိုလ်မှူး ဇင်ကိုဝင်း |
| (ဃ) | ကြည်း ၃၆၅၁၈<br>ဗိုလ်မှူး ဇေယျာဝင်း | အစား | ကြည်း ၂၈၆၅၄<br>ဗိုလ်မှူး ဇော်မင်းသိန်း |
| (င) | ကြည်း ၅၂၇၈၉<br>ဗိုလ်မှူး ကျော်ဇင်ဝင်း | အစား | ကြည်း ၅၄၉၃၅<br>ဗိုလ်မှူး နိုင်ဝင်း |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် သုံးဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၅၈/၂၀၂၆)**
၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်
(၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် သုံးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် သုံးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၁-၂-၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၃၅/၂၀၂၆)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် သုံးဦးကို ယှဉ်တွဲပါအတိုင်းအစားထိုး ပြောင်းလဲလိုက်သည်-

(က) **ကချင်ပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၅၁၄၃၃<br>ဗိုလ်ကြီး ရန်အောင်ခိုင် | အစား | ကြည်း ၃၃၉၁၄<br>ဗိုလ်ကြီး တင်ကိုကို |

(ခ) **ကယားပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၂၅၇၉၀<br>ဗိုလ်မှူးကြီး အောင်ကျော်မြင့် | အစား | ကြည်း ၃၀၂၁၆<br>ဗိုလ်မှူးကြီး ဇင်မင်းထွဋ် |

(ဂ) **ချင်းပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၃၅၄၁၉<br>ဗိုလ်မှူး အာကာကျော်မိုး | အစား | ကြည်း ၄၇၅၀၈<br>ဗိုလ်မှူး ရန်အောင်ဖြိုး |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရန်ကုန်မြို့ရှိ ရုရှားသံရုံးမှ စီးပွားရေးသံမှူး Mr. Andrei Iunak အား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၁၄**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရန်ကုန်မြို့ရှိ ရုရှားသံရုံးမှ စီးပွားရေးသံမှူး Mr. Andrei Iunak အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရုံးအမှတ်(၂၆)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ကြား ဘဏ္ဍာလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

Mr. Andrei Iunak အနေဖြင့် ရန်ကုန်မြို့ရှိ ရုရှားသံရုံးတွင် စီးပွားရေးသံမှူးအဖြစ် တာဝန်ထမ်းဆောင်မှုပြီးဆုံးပြီဖြစ်သဖြင့် ပြည်ထောင်စုဝန်ကြီးအား ဂါရဝပြုနှုတ်ဆက်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**❑ ညောင်တုန်းမြို့နယ်မှ**

ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာကို ရေလမ်းသောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်း၊ Floating Structure တည်ဆောက်ခြင်း၊ ကမ်းပြိုကာကွယ်ရေးသုံး Geo-textine ခင်းခြင်း၊ တာမိုင်(၁၁/၅) နှင့်(၁၁/၆)ကြား Steel Cable Groyne (သံမဏိကြိုးအသုံးပြုရေစီးထိန်းလုပ်ငန်း) ဆောင်ရွက်ခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



နယ်မြေခံတပ်မတော်သားများက တာကိုယ်ထည်တိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

ထိုသို့ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

**● တင်းနစ်ပြိုင်ပွဲမှ**

Sportskeeda Tennis သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲကစားချိန် ၃ နာရီ ၃၇ မိနစ်ခန့်ကြာမြင့်ခဲ့ကာ ဇာဗီရက်က (၆-၃)၊ (၇-၆)၊ (၅-၇)၊ (၆-၂) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဖလားကို ပထမဆုံးအကြိမ်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၉ နှစ်ရှိ ဇာဗီရက်သည် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်က U.S.Open အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့သော်လည်း ဒုတိယဆုဖြင့်သာကျေနပ်ခဲ့ရပြီး ယခုနှစ်ပြိုင်ပွဲတွင် ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမားဘဝ ပထမဆုံးအကြိမ်အဖြစ် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဇာဗီရက်သည် ယခုနှစ် အစောပိုင်းကလည်း ဂရန်းဆလင်းအဆင့်ပြိုင်ပွဲများဖြစ်သည့် ပြင်သစ်အိုးပင်းအမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင်လည်း ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သည့်အတွက် ယခုနှစ်အတွင်း ဒုတိယမြောက် ဂရန်းဆလင်းအဆင့်ဆုဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဇာဗီရက်က "U.S. Open အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့တာက ကျွန်တော့်အတွက် တကယ်ကိုထူးခြားတဲ့ခံစားချက်ပါ။ ကျွန်တော့်အနေနဲ့ ပွဲပြီးဆုံးချိန်မှာတောင် ပွဲပြီးသွားပြီဆိုတာ ချက်ချင်းမသိခဲ့ပါဘူး။ ချဲလ်တန်ကလဲ ကျွန်တော့်အတွက် ပြိုင်ဘက်ကောင်းတစ်ယောက်ပါ။ သူ့ရဲ့ရိုက်ချက်တွေကလဲ တကယ်ကိုကောင်းမွန်ပါတယ်။ အခုလို ပထမဆုံး U.S.Open အမျိုးသားတစ်ဦးချင်းတင်းနစ်ဆုဖလား ဆွတ်ခူးနိုင်ခဲ့တဲ့အတွက်လဲ တကယ်ကိုဂုဏ်ယူရပါတယ်"ဟု ပြောကြားခဲ့သည်။ **STA**

**◆ ဂေါက်သီးရိုက်ပြိုင်ပွဲမှ**

ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

Amgen Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လော်ရှိုင်သည် ပထမအကျော့မှ စတုတ္ထအကျော့ထိ စုစုပေါင်းရိုက်ချက် ၂၅၇ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၂၃ ချက်လျော့ရိုက်နိုင်ခဲ့ပြီး ဒုတိယနေရာမှ နီမန်းထက် ၁၁ ချက်အသာစီးရယူနိုင်ခဲ့ပြီးနောက် ချန်ပီယံဆုကို ဒုတိယအကြိမ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

လော်ရှိုင်သည် ဒုတိယနေရာမှ နီမန်းထက် စုစုပေါင်း ၁၁ ချက်ထိ လျော့ရိုက်နိုင်ခဲ့သည့်အတွက် Amgen Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ကွာဟမှု အများဆုံးဖြင့် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။

လော်ရှိုင်သည် ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်က Amgen Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ပြီး ယခု ၁၇ နှစ်အကြာတွင် ဒုတိယအကြိမ်မြောက် ချန်ပီယံဆုဖလားကို ထပ်မံဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **STA**

## ၁၄-၉-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၆ ~ ၃၆၆၇.၅ | ၅၅၈.၁ ~ ၅၅၈.၅ | ၁၂၅.၅ ~ ၁၂၅.၆ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၄,၆၀၈,၀၂၀.၄၀ | ၄၀,၀၀၀,၀၀၀.၀၀ | ၆၀,၁၇၅,၇၁၁.၈၉ | - |

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ လူငယ်နှင့်ဖြောင့်မတ်တည်ကြည်မှု လူငယ်စကားဝိုင်းကျင်းပ




**နေပြည်တော် စက်တင်ဘာ ၁၄**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုကို လက်သင့်မခံသည့် ဖြောင့်မတ်တည်ကြည်မှုရှိသည့် အသိုက်အဝန်းကိုတည်ဆောက်နိုင်ရန် လူငယ်ကဏ္ဍဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရန် ရည်ရွယ်၍ လူငယ်နှင့် ဖြောင့်မတ်တည်ကြည်မှု လူငယ်စကားဝိုင်းများကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသားလူငယ်များ ဦးဆောင်သည့်စကားဝိုင်းကို ကျင်းပသည်။

အဆိုပါစကားဝိုင်းတွင် ကျင့်ဝတ်နှင့်ညီသည့် ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်လာရန်အတွက် ငယ်စဉ်ကတည်းက ဖြောင့်မတ်တည်ကြည်မှုကို အခြေပြုရန် လိုအပ်မှုများနှင့်စပ်လျဉ်း၍ ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**❍ ဝဲန်မြစ်ရေကာတာမှ**

ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဝေန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဝေန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေး လုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများကို ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခြင်းများ ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(၅၀၁)**



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဒေသခံပြည်သူများက ရေဘေးတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

ရတနာသစ်တော ပြည့်သွေးကြော
သစ်တောရတနာ ထိန်းသိမ်းပါ။










ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များကို တာဝန်ရှိသူများက စနစ်တကျ ကြိုဆိုလက်ခံစဉ်။

☆ **ကျောဖုံးမှအဆက်**

လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လျက်ရှိကြသည်။

ထို့ပြင် တပ်မတော်အနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter–Terrorism Operation)များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် နယ်မြေများကို အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဆက်သွယ်ရေးလမ်းကြောင်းများကို အပြည့်အဝ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့် နီးစပ်ရာနယ်မြေခံတပ်စခန်းများနှင့် လုံခြုံရေးရဲကင်းများတွင် လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ဝင်များကို တိုင်းစစ်ဌာနချုပ် အသီးသီး၌ စနစ်တကျ ကြိုဆိုလက်ခံခဲ့ကြပြီး အလင်းဝင်ရောက်လာသူများကို တာဝန်ရှိသူများက တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများအတွက် ထိုက်တန်သည့် ဆုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများပေးအပ်၍ မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲပြောင်းအပ်နှံခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် သဘောထားအမှန်ကို သဘောပေါက်နားလည်ပြီး ၂၀၂၁ ခုနှစ်မှစ၍ ယနေ့ထိ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လာမှုအနေဖြင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၂၅ ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ၂၆ ဦး၊ လက်နက်မျိုးစုံ ၂၂ လက်နှင့်ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၃၄ ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၁၃၇ ဦး၊ လက်နက်မျိုးစုံ ၄၄ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ဦးရေ ၆၉၀၊ အမျိုးသမီး ၂၀၄ ဦး စုစုပေါင်း ၈၉၄ ဦး၊ လက်နက်မျိုးစုံ ၁၁ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၂၉၆ ဦး၊ အမျိုးသမီး ၂၉ ဦး စုစုပေါင်း ၃၂၅ ဦး၊ လက်နက်မျိုးစုံ အလက် ၉၀ နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား နှစ်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း လေးဦး၊ လက်နက်ငယ် တစ်လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၃ ဦး၊ လက်နက်မျိုးစုံ ၁၁ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၄၉ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၅၄ ဦး၊ လက်နက်မျိုးစုံ ၄၈ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၆၉ ဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ဦးရေ ၈၀၊ လက်နက်မျိုးစုံ ၂၇ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ဦးရေ ၁၇၀၊ အမျိုးသမီး ၂၈ ဦး စုစုပေါင်း ၁၉၈ ဦး၊ လက်နက်ငယ် တစ်လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၄၇ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၅၂ ဦး၊ လက်နက်မျိုးစုံ ၃၅ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊

**စာမျက်နှာ ၂၁ သို့**



နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်၊ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာမှုကို တွေ့ရစဉ်။



ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်စဉ်။



နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာမှုကို တွေ့ရစဉ်။





PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ် ၎င်းတို့နှင့်အတူ ပါရှိလာသည့် လက်နက်၊ ခဲယမ်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုစဉ်။

**စာမျက်နှာ ၂၀ မှအဆက်**

အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တွင် အမျိုးသား ၁၂ ဦး၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တွင် အမျိုးသား ၅၃၂ ဦး၊ အမျိုးသမီး ၄၈ ဦး စုစုပေါင်း ဦးရေ ၅၈၀၊ လက်နက်မျိုးစုံ ၁၃၃ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာန ချုပ်တွင် အမျိုးသား ၂၆၄၅ ဦး၊ အမျိုးသမီး ၂၈၁ ဦး စုစုပေါင်း ၂၉၂၆ ဦး၊ လက်နက်မျိုးစုံ ၂၂၉ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၅၂ ဦး၊ အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၁၇၁ ဦး၊ လက်နက်မျိုးစုံ အလက် ၆၀ နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း ဝင်ရောက်လာခဲ့ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာမှုအနေဖြင့် အမျိုးသား ၅၀၃၆ ဦးနှင့် အမျိုးသမီး ၆၃၆ ဦး စုစုပေါင်း ၅၆၇၂ ဦး ဖြစ်ပြီး လက်နက်မျိုးစုံ ၆၉၂ လက်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များသည် CRPH၊ NUG အကြမ်းဖက်အဖွဲ့များ၏ ၎င်းတို့ကိုယ်တိုင်ဖန်တီးခဲ့သော နိုင်ငံရေးဖြစ်စဉ်ကို အသုံးချ၍ ယုတ်မာစွာဖြင့် နည်းလမ်းမျိုးစုံအသုံးပြုကာ သွေးဆောင်စည်းရုံးမှု၊ ငွေကြေးဆိုင်ရာမက်လုံးပေးမှုများနှင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် PDF အကြမ်းဖက်အဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့တို့ထံ ဝင်ရောက်ခဲ့ရပြီး အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ် မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ နိုင်ငံရေးကိုကြွေးကြော်၍ လက်နက်ကိုင်ဆောင်ခဲ့သော်လည်း ကိုယ်တိုင်အကြမ်းဖက်သမားဘဝကိုရောက်ရှိနေကြောင်း သိမြင်လာခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်း၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။



PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအမည်ခံ လက်နက်ကိုင် အဖွဲ့ဝင်များ ဥပဒေဘောင် အတွင်းသို့ ပြန်လည် ဝင်ရောက်လာစဉ် ၎င်းတို့နှင့်အတူ ပါရှိလာသည့် လက်နက်၊ ခဲယမ်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုစဉ်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့် လက်တွဲ၍ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ဖော်ဆောင်လိုသည့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့ကြရန်နှင့် ထိုသို့ဆက်သွယ်သတင်းပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာ ပေးအပ်ချီးမြှင့်လျက်ရှိသည်။

**စာမျက်နှာ ၂၂ သို့**









ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များကို တာဝန်ရှိသူများက စနစ်တကျ ကြိုဆိုလက်ခံ၍ ဆုကြေးငွေနှင့်ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။









PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ် ၎င်းတို့နှင့်အတူ ပါရှိလာသည့် လက်နက်၊ ခဲယမ်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုစဉ်။

စာမျက်နှာ ၂၁ မှအဆက်

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"ကျွန်တော်ကတော့ PDF ထဲကို ၂၀၂၄ ခုနှစ် ၁၂ လပိုင်းလောက်မှာ စတင်ဝင်ရောက်ခဲ့ပါတယ်။ ကျွန်တော် PDF ထဲရောက်ရောက်ခြင်း အခြေခံသင်တန်းလေးလနဲ့ အထူးကွန်မန်ဒိုသင်တန်းလေးလကို တက်ရောက်ခဲ့ပါတယ်။ သင်တန်းဆင်းပြီးတဲ့ နောက်ပိုင်းမှာ တပ်စိတ်မှူးဖြစ်ခဲ့ပါတယ်။ တပ်စိတ်မှူးအဖြစ်နဲ့ KNU တပ်မဟာနဲ့ပူးပေါင်းပြီး နေထိုင်ရပါတယ်။ ကျွန်တော်တို့နေထိုင်တဲ့နေရာကတော့ ပုလောနယ်တစ်ခွင်မှာ လှုပ်ရှားသွားလာရပါတယ်။ သူတို့တွေက ကျွန်တော်တို့ PDF တွေကို ခွဲခြားဆက်ဆံပါတယ်။ အလုပ်ကြမ်းတွေ လုပ်ခိုင်းတယ်။ နှိမ်တယ်။ အသက်အန္တရာယ်ရှိတဲ့ အလုပ်တွေကို ကျွန်တော်တို့တွေက လုပ်ခဲ့ရပါတယ်။ စစ်တိုက်တဲ့ နေရာမှာဆိုရင်လဲ ကျွန်တော်တို့ PDF တွေကပဲ အဓိက လုပ်ကိုင်ရပါတယ်။ သူတို့တွေက စကားပြောစကတ်တွေနဲ့ အမိန့်ပေးပြီး အနောက်မှာ နေတာများပါတယ်။ တချို့ဆိုရင် ဂိတ်ကြေးတွေကောက်တယ်။ ဆက်ကြေးတွေ ကောက်တယ်။ တချို့တွေဆိုရင်လဲ ထိုင်းထဲမှာ ကိုယ်ပိုင်အိမ်တွေတောင် ဝယ်ထားကြပါတယ်။ တချို့ခေါင်းဆောင်တွေကတော့ စီးပွားရေးသမားတွေ များလာတာကို သိရှိလာရပါတယ်။ ကျွန်တော်တို့တွေကတော့ တောထဲမှာ ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲနဲ့ ဒုက္ခခံပြီးတော့နေရတာများပါတယ်။ ဘယ်နေ့သေမလဲဆိုပြီး တွေးပြီးတော့နေရတာ များပါတယ်။ အမြဲတမ်းကြောက်လန့်တဲ့ စိတ်တွေနဲ့ နေရတာလဲများပါတယ်။ ကျွန်တော် ထွက်ပြေးဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပါတယ်။ အခုမှပဲလွတ်မြောက်လာခြင်း ဖြစ်ပါတယ်။ ကျွန်တော် အခွင့်အရေးသာတဲ့အချိန်မှာ တပ်ခွဲမှူးရဲ့သေနတ်ကို ခိုးယူပြီးတော့ တပ်မတော်ဘက်ကို အလင်းဝင်လိုက်ပါတယ်။ အခုလို အလင်းဝင်လိုက်ပြီး နောက်ပိုင်းမှာ ကျွန်တော် ကောင်းကောင်းမွန်မွန်နေထိုင်ရတယ်။ ကောင်းကောင်းမွန်မွန်စားသောက်ရတယ်။ လူငယ်တစ်ယောက်ရဲ့ ဘဝပျော်ရွှင်မှုခံစားခွင့်တွေကိုလဲ ပြန်လည်ရရှိပါတယ်။ အဲဒီအတွက် ကျွန်တော် နိုင်ငံတော်နဲ့ တပ်မတော်အပေါ် အထူးကျေးဇူးတင်ပါတယ်။ တောထဲမှာကျန်ရစ်ခဲ့တဲ့ ညီအစ်ကိုမောင်နှမ၊ အပေါင်းအသင်းPDF တွေကိုလဲ အမြန်ဆုံးအလင်းဝင်ပြီး မှန်ကန်တဲ့လမ်းကို ရွေးချယ်ပါလို့ ကျွန်တော်ပြောချင်ပါတယ်"ဟုပြောသည်။

"မြင်းခြံ BLACK TIGER မှာ တာဝန်ထမ်းဆောင်ပါတယ်။ ဖောက်ခွဲရေးခေါင်းဆောင်ပါ။ ဒီတော်လှန်ရေး စလုပ်ခဲ့တာကတော့ ၁၄ နှစ်ကနေ စလုပ်ခဲ့တာပါ။ ပြောရရင် ၂၀၂၂ ခုနှစ်ကနေ စလုပ်ခဲ့တာပါ။ ရောက်ရောက်ချင်းမှာ သင်တန်းတက်ရပါတယ်။ သင်တန်းဆင်းပြီးတော့ ရှေ့တန်းတန်းသွားရပါတယ်။ ရှေ့တန်းမှာ မြင်းခြံမြောက်ဘက်မှာ မိုင်းခေါင်းဆောင်အနေနဲ့ နေခဲ့ပါတယ်။ တိုက်ပွဲပေါင်းစုံနဲ့တိုက်ခဲ့ပါတယ်။ နေရာပေါင်းစုံလဲ သွားခဲ့ရပါတယ်။ နေရာပေါင်းစုံသွားခဲ့ပြီးတဲ့ နောက်ပိုင်းမှာ အထက်ဖားအောက်ဖိ များခဲ့ပါတယ်။ ခေါင်းဆောင်တွေ တော်တော်များများကတော့ ဆေးခြောက်၊ WY ဆေး ချပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မလုပ်ခဲ့ပါဘူး။ တော်တော်များများ အကုန်လုံးက မူးယစ်ဆေးဝါးတွေ သုံးစွဲပါတယ်။ ပြောရရင် ရဲဘော်တွေပဲ အောက်မှာနေပြီးတော့ ဘာမှမရဘဲနဲ့ လုပ်ကိုင်နေရပါတယ်။ တပ်မတော်က တိုက်ခိုက်မှုလာပြီဆိုလဲ သူတို့ကားတွေမောင်းပြီး သူတို့ခေါင်းဆောင်တွေက ပြေးပါတယ်။ ရဲဘော်တွေ သေသေကျေကျေ ထားခဲ့ပါတယ်။ သူတို့လက်နက်တွေ အကုန်လုံးယူပြီးတော့ ပြေးပါတယ်။ ကျွန်တော်ဒီထဲကို အလင်းဝင်လာတာ သူတို့ယုတ်မာရိုင်းစိုင်း နှိပ်စက်တာတွေကြောင့် ကျွန်တော်အလင်းဝင်လာတာဖြစ်ပါတယ်။ ကျွန်တော် ဒီလိုအလင်းဝင်လာတဲ့ အချိန်မှာ တပ်မတော်ကနွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ သူတို့ပြောတဲ့အတိုင်း သတ်မယ်၊ ဖြတ်မယ်၊ သူတို့ဘက်က ပြောတဲ့အတိုင်း မဟုတ်ပါဘူး။ နောက်လာမယ့်ညီအစ်ကိုတွေလဲ ညီလေးတွေ၊ မောင်နှမတွေ အကုန်လုံးလဲလာခဲ့ပါလို့ ဖိတ်ခေါ်ပါတယ်"ဟုပြောသည်။

"ကျွန်မ အကြမ်းဖက်အဖွဲ့အစည်း







ထဲကို စဝင်ခါစက ကျွန်မအသက်က ၁၅ နှစ်ပဲ ရှိပါသေးတယ်။ အကြမ်းဖက်အဖွဲ့အစည်းထဲကိုဝင်သွားတဲ့ အကြောင်းရင်းကတော့ အကြမ်းဖက်အဖွဲ့အစည်းက ကျွန်မတို့ရွာကိုလာပြီးတော့ စည်းရုံးရေးဆင်းတယ်။ ဟောပြောပွဲတွေလုပ်တယ်။ တစ်အိမ်တစ်ယောက်မနေရတဲ့ ပုံစံမျိုးတွေနဲ့ ကောက်ခံတယ်။ သူတို့တစ်အိမ်တစ်ယောက်မှ မလိုက်လို့ရှိရင် မိသားစုတွေကို ဒုက္ခပေးမယ်။ အဖေ၊ အမေတွေကို သတ်ပစ်မယ် ဘာညာနဲ့ပြောတော့ ကျွန်မတို့လဲ ကြောက်ပြီးတော့ အဲဒီထဲကိုဝင်သွားတာဖြစ်ပါတယ်။ အကြမ်းဖက်အဖွဲ့အစည်းထဲကိုရောက်တော့ ကျွန်မတို့ စစ်သင်တန်းသုံးလတက်ရတယ်။ စစ်သင်တန်း သုံးလမှာဆိုရင်လဲ ဆေးဝါးလုံလောက်မှု မရှိဘူး။ အဲဒါကြောင့်မို့လို့ တချို့လူတွေ အဲ့ဒီဒဏ်ကို မခံနိုင်လို့ ထွက်ပြေးတဲ့သူတွေလဲရှိတယ်။ ထွက်ပြေးလို့မိလို့ရှိရင်လဲ သူတို့ကသတ်ပစ်တယ်။ ရိုက်နှက်တယ်။ နှိပ်စက်တယ်။ အဲဒါကြောင့်မို့လို့ ကျွန်မတို့လဲ ကြောက်ပြီးတော့ စစ်သင်တန်းကို ကျွန်မတို့ ပြီးဆုံးအောင်တက်ခဲ့တယ်။ စစ်သင်တန်းပြီးတော့ ကျွန်မတို့တွေ ပြည်သူ့ဆက်ဆံရေးမှာ တာဝန်ကျတယ်။ ပြည်သူ့ဆက်ဆံရေးကားလမ်းမကြီးမှာ ဂိတ်ကင်းစောင့်ရတယ်။အခွန်ကောက်ခံတဲ့ ပုံစံမျိုးနဲ့သူတို့က ဆက်ကြေးတွေ ကောက်ခံတယ်။ ဆီပီပါတွေဆိုရင်လဲ ထက်ဝက်ဈေးတွေနဲ့ ကောက်ခံတယ်။ ဆီပီပါထက်ဝက်ဈေးနဲ့ ကောက်ခံလို့ တချို့ပြည်သူတွေဆို မပေးနိုင်ဘူး။ မပေးနိုင်တဲ့ ပြည်သူတွေဆိုရင် ဆီပီပါတွေဆွဲချတာတွေရှိတယ်။ ပစ္စည်းတွေ ဆွဲယူတာတွေရှိတယ်။ အဲဒါကြောင့်မို့ တချို့ပြည်သူတွေဆိုရင်လဲ သံသယအနေနဲ့ ခေါ်တယ်။ ခေါ်ပြီးတော့ သူတို့တွေက နှိပ်စက်တယ်။ ရိုက်နှက်တယ်။ လက်သည်း၊ ခြေသည်းခွံတွေကို ခွာတယ်။ ခေါင်းတွေကို ရေနွေးပူတွေနဲ့ လောင်းတယ်။ သူတို့ပြောတာကျ ပြည်သူသာအမိ ပြည်သူသာအဖဆို သူတို့လုပ်နေတာတွေနဲ့ သူတို့ပြောနေတာတွေက လက်တွေ့မှာ တခြားစီပဲ။ ကျွန်မတို့ ရဲဘော်တွေဆိုရင်လဲ တန်းတူတန်းတူဆိုပြီး သူတို့အရာရှိတွေကျတော့ KTV သွားတယ်။ မကောင်းတဲ့ မိန်းမတွေနဲ့ ပျော်ပါးတယ်။ သောက်စားတယ်။ K ရှူတယ်။ ရာမတွေ သုံးတယ်။ သူတို့တစ်ညတစ်ည သွားပြီဆို ရာချီထောင်ချီကုန်တယ်။ ရဲဘော်တွေဆိုရင်လဲ မိန်းကလေးတွေကို အဓမ္မပြုကျင့်တယ်။ သင်တန်းသူကောင်မလေးကို ညကြီးအချိန်မတော် စကားပြောချင်တယ်ဆိုပြီး ခေါ်ပြီးတော့ ကောင်မလေးကို အဓမ္မပြုကျင့်တယ်။ ကောင်မလေးကိုလဲ ဘာတာဝန်မှမယူဘဲနဲ့ ကောင်မလေးကိုကျနယ်ကိုပြန်ပို့တယ်။ ကောင်လေးကိုကျတော့လဲ ဘာပြစ်မှုပြစ်ဒဏ်မှမပေးဘဲနဲ့ ဒီအတိုင်းထားတယ်။ အဲဒါကြောင့်မို့ ကျွန်မတို့လဲ အဲဒီထဲမှာနေရတာ ကျွန်မတို့ကိုယ်တိုင် မလုံခြုံဘူးလို့ထင်တယ်။ ကျွန်မတို့လဲ အဲဒီကျွန်မတို့ဘဝကို ဒီထဲမှာနေပြီး အဆုံးရှုံးမခံနိုင်တာ အဲဒါကြောင့်မို့ ကျွန်မတို့ ထွက်ပြေးခဲ့တယ်။ ထွက်ပြေးပြီးတော့ ကျွန်မအလင်းဝင်ဖို့ ကြိုးစားတယ်။ သူတို့က ကျွန်မတို့ကို နားရိုက်သွင်းခဲ့တယ်။ နင်တို့အဲဒီ တပ်မတော်ဘက်ကို အလင်းဝင်လို့ရှိရင် နင်တို့တွေ မိန်းကလေးတွေဆိုရင်လဲ အဓမ္မပြုကျင့်မှာ၊ ယောကျ်ားလေးတွေဆိုရင်လဲ အသက် ၁၈ နှစ်ပြည့်ရင် စစ်မှုထမ်းခေါ်မှာ ဘာညာနဲ့ ကျွန်မတို့ကို ပြောတော့ ကြောက်တော့ ရှေ့မှာအလင်းဝင်တဲ့ သူငယ်ချင်းကိုမေးတယ်။ သူငယ်ချင်း အားလုံးအဆင်ပြေလား။ သူငယ်ချင်းက အဆင်ပြေတယ်။ ဘာမှစိတ်မပူနဲ့ တပ်မတော်ဘက်ကလဲ နင်တို့ကို နွေးနွေးထွေးထွေးကြိုဆိုနေတယ်။ ကျွန်မတို့လဲ ဒီကရှိတဲ့ တာဝန်ရှိတဲ့ ဗိုလ်ကြီးတွေနဲ့ ဆက်သွယ်ပြီးတော့မှ ကျွန်မတို့ ဒီမှာ အလင်းဝင်ခဲ့တယ်။ ကျွန်မတို့ ဒီမှာ ရောက်တော့လဲ အားလုံးနွေးနွေးထွေးထွေး ကြိုဆိုတယ်။ ကျွန်မတို့ကိုလဲ အစစအရာရာ လုပ်ပေးတယ်။ သူတို့နေသလို နေရတယ်၊ သူတို့စားသလို စားရတယ်၊ ကျွန်မတို့ အမှောင်ထဲကနေ အလင်းကို ပြန်ဝင်လာတာ ကျွန်မတို့ အရမ်းကို မှန်တယ်။ အဲဒါကြောင့်မို့လို့ ဟိုမှာရှိခဲ့တဲ့ သူငယ်ချင်း ညီအစ်ကိုမောင်နှမတွေကိုလဲ အဲဒီထဲမှာနေပြီး ကိုယ့်ဘဝကိုယ် အနစ်မွန်းမခံပါနဲ့၊ တပ်မတော်ဘက်ကို လာပြီး အလင်းဝင်ပါ။ ကျွန်မတို့က ဒီကနေ အလင်းဝင်ပြီး ပြန်လို့ရှိရင်လဲ ကိုယ့်မိဘ၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက် ကောင်းကောင်းမွန်မွန်နဲ့ နေထိုင်ပြီးတော့ ကောင်းကောင်းမွန်မွန်နဲ့ လုပ်ကိုင်စားသောက်ပြီးတော့ ကျွန်မတို့လဲ နောက်နောင် ဒီလိုအမှားမျိုးကို မကျူးလွန်တော့ပါဘူးလို့ ကတိသစ္စာပြုပါတယ်"ဟု ပြောသည်။ (၅၀၁)




# စစ်ကိုင်းမြို့ရှိ ဆွမ်းဦးပုညရှင်ဘုရား၊ လေးကျွန်းမာန်အောင်ဘုရား၊ မရှိခဏဘုရား၊ စေတီလှစေတီတို့တွင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်



**မန္တလေး စက်တင်ဘာ ၁၄**

စစ်ကိုင်းမြို့ရှိ ဆွမ်းဦးပုညရှင်ဘုရား၊ လေးကျွန်းမာန်အောင်ဘုရား၊ မရှိခဏဘုရား၊ စေတီလှစေတီတို့တွင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ရှေးဟောင်းသမိုင်းဝင်ဘုရားများကို ပြန်လည်ပြုပြင်ရာတွင် ရှေးမူမပျက်ပြုပြင်သွားရန်၊ အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေးပစ္စည်းများကိုသာ အသုံးပြုသွားရန်၊ မိုးရေစိမ့်ဝင်ခြင်းမရှိအောင် ဂရုပြုဆောင်ရွက်သွားရန်နှင့် လျှပ်စစ်ရေ ပါအဝင် သဘာဝဘေးအန္တရာယ်များပါ ကာကွယ်နိုင်ရန် ထည့်သွင်းစဉ်းစားတွက်ချက်၍ (SOP) လုပ်ထုံးလုပ်နည်းများအတိုင်း အရည်အသွေးပြည့်မီအောင် ပြုပြင်သွားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် အမရပူရမြို့နယ်ရှိ ဗားကရာကျောင်း၊ ဆင်ကြို့ရွှေကူဘုရား၊ မဟာမင်းထင် သစ်သားဘုန်းတော်ကြီးကျောင်း ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လုပ်ငန်းပိုင်းဆိုင်ရာတင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယမန်နေ့ကလည်း မန္တလေးတိုင်းဒေသကြီးရှိ မန္တလေးနန်းမြို့ရိုး၊ သူရဲခို၊ မီးတား၊ ပြအိုး၊ ပြာသာဒ်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရမည့်(SOP)အတိုင်း အရည်အသွေးပြည့်မီအောင် ပြုပြင်သွားရန်နှင့် နန်းမြို့ရိုးတစ်လျှောက်တွင် ရေဝပ်ဧရိယာများနှင့် စိုထိုင်းဆဖြစ်နေသော အကြောင်းရင်းများကို စနစ်တကျ Survey ပြုလုပ်၍ ကွင်းဆင်းဆောင်ရွက်သွားရန် မှာကြားသည်။

ထို့ပြင် လျှောက်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပဟိုရ်စင်နှင့် စွယ်တော်စင် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများနှင့် တံခါးနီတံခါးတူးဖော်သုတေသနပြုထားသည့် နေရာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "San Sin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် မြန်မာခါးရိုးရပ်ကွက်နေ မေရီဆန်စင်အား မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လားရှိုးနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

## ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၅၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**




# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုအမှတ်(၂/၂၀၂၆)ကို ဆုံးဖြတ်ချက်(အမိန့်)ချမှတ်

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မိုးမြင့်၊ ဦးအောင်လွင်ဦး၊ ဦးမြင့်ဦး၊ ဦးခင်မောင်ဦး၊ ဦးမြင့်သိန်း၊ ဦးကိုကိုလွင်၊ ဦးသန်းအောင်ကျော်၊ ဦးခင်ဇော်၊ ဦးသန်းထွတ်သိန်း၊ ဦးအောင်မြင့်လွင်၊ ဦးခင်မောင်ကြီး၊ ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဒေါ်ခင်သင်းဝေတို့ပါဝင်သည့် စုံညီခုံရုံးသည် ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ရုံးအမှတ်(၂၂) စုံညီခုံရုံး၌ ရုံးထိုင်၍ ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုအမှတ်(၂/၂၀၂၆)ကို ဆုံးဖြတ်ချက်(အမိန့်)ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“တော်လှန်ရေးအကြောင်းပြ လက်နက်ကိုင်ခြိမ်းခြောက်၍ အပြစ်မဲ့ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်း၊ သံဃာတော်တွေကို ဆက်ကြေးကောက်၊ ဓားပြတိုက်၊ ပြန်ပေးဆွဲ၊ ငွေညှစ်၊ လုယက်သတ်ဖြတ်နေသည့် အကြမ်းဖက် PDF များ”** ခေါင်းစဉ်ဖြင့် ၁၆-၉-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၃-၉-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီ တွင် **“အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးအတွက် များစွာအထောက်အကူပြုတဲ့ ပို့ဆောင်ရေးလမ်းကြောင်းများကို ပစ်မှတ်ထားဖောက်ခွဲဖျက်ဆီးနေတဲ့ အကြမ်းဖက် PDF သမားများ ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၀၉၀၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ စီးပွားရေးသံမှူးကို လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၄

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Andrei Iunak အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁) အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံကြား ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့်အတူ ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ နှစ်နိုင်ငံကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# မန္တလေးတိုင်းဒေသကြီးအတွင်း ဝါစေ့ဆီကြမ်းမှ အဆင့်မြင့်စားသုံးဆီသန့်အဖြစ် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




မန္တလေး စက်တင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီးအတွင်း ဝါစေ့ဆီကြမ်းမှ အဆင့်မြင့်စားသုံးဆီသန့် အဖြစ်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အတွင်းရေးမှူး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနီနီအေး၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မိုရ်စိုး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး(အစားအသောက်) ဒေါက်တာပြည့်ဖြိုး၊ သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးဆီကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းတို့မှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဝါစေ့ဆီလုပ်ငန်း စီမံချက်ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး(အစားအသောက်)က ဝါစေ့ဆီကြမ်းမှ အဆင့်မြင့်စားသုံးဆီသန့်အဖြစ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းစီမံချက်နှင့် ပတ်သက်၍ တွေ့ရှိချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝါစေ့ဆီကြမ်းမှ အဆင့်မြင့်စားသုံးဆီသန့်အဖြစ် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တက်ရောက်လာကြသူများက တိုင်းဒေသကြီးအတွင်း ဆီစက်လုပ်ငန်းများလည်ပတ်နေမှုအခြေအနေများ၊ ဝါစေ့ဆီထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သည့် ကုန်ကြမ်းများ၊ စက်ပစ္စည်းများ၊ နည်းပညာများဖြည့်တင်းပေးနိုင်ရေး ရှင်းလင်းတင်ပြချက်များ၊ အတွေ့အကြုံများ၊ ကြုံတွေ့နေရမှုများကို ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များ၊ ဖြည့်စွက်ဆွေးနွေးချက်များ၊ အကြံပြုချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

■ မူးယစ်ဆေးဝါးများဖမ်းဆီးရမိမှု

စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲ ၁ နာရီခွဲခန့်တွင် သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ တာလေ့ရပ်ကွက် တာလေ့ဈေးအနီး၌ မျိုးမြင့်ဦး ခေါ် မျိုးမင်းဦး ၃၀ နှစ် (ဘ) ဦးဖြူထွေး ပုန်းထွန်ရပ်ကွက်နေသူသည် တာလေ့ရပ်ကွက် ဦးအောင်ဇေယျလမ်းဘက်မှ အမှတ်(၁) မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားထိပ် နာရီစင်အဝိုင်းအနီး လမ်းလျှောက်လာစဉ် မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေခဲ့ရာ ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှ ကက်တမင်းအဆီရည် ၂၈၁ ဒသမ ၆ မီလီလီတာခန့်(ဒေသတန်ဖိုးငွေကျပ် ၈၈၄ ဒသမ ၈ သိန်း)ခန့်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူ မျိုးမြင့်ဦး ခေါ် မျိုးမင်းဦး၏ ဖြေကြားချက်အရ ၎င်းထံမှ သိမ်းဆည်းရမိသော ကက်တမင်းအဆီရည်များကို လှိုင်ဝင်းတင့် ၃၇ နှစ် (ဘ) ဦးလှအောင် တာချီလိတ်မြို့ ပါဆပ်ရပ်ကွက်နေသူထံမှ ပြန်လည်ရောင်းချရန် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ လှိုင်ဝင်းတင့် ၃၇ နှစ် (ဘ) ဦးလှအောင်သည် ပစ္စည်းဖိုးငွေရယူရန်အတွက် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ J My King ဟိုတယ်ရှေ့တွင် စောင့်ဆိုင်းနေကြောင်း သိရှိရသဖြင့် ပူးပေါင်းအဖွဲ့များက မွန်းလွဲ ၁ နာရီခွဲခန့်တွင် သွားရောက်ရှာဖွေဖမ်းဆီးခဲ့ရာ ယာဉ်အမှတ် 7L---------- FORTUNER အမျိုးအစား အနက်ရောင်ယာဉ်ဖြင့်တွေ့ရှိရသဖြင့် ထိန်းသိမ်းရှာဖွေစစ်ဆေးခဲ့ရာ ၎င်းနေအိမ်၌ မူးယစ်ဆေးဝါးများကျန်ရှိသေးကြောင်း ထွက်ဆိုသဖြင့် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ ခန့်တွင် ၎င်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်းမှ အစိမ်းရောင် ပလတ်စတစ်ခြင်းဖြင့် ထည့်ထားသည့် Polly Polar စာတန်းပါ ပန်းရောင်သံဘူးအတွင်းမှ အိုက်စ် သုည ဒသမ ၀၄ ကီလိုဂရမ်ခန့် (ဒေသတန်ဖိုးငွေကျပ် ၃၂၀၀၀၀ ခန့်)၊ ကက်တမင်း သုည ဒသမ ၀၀၅ ကီလိုဂရမ်ခန့် (ဒေသတန်ဖိုးငွေကျပ် ၄၂၅၀၀ ခန့်)၊ ပလတ်စတစ်အကြည်ဖြင့်ထည့်လျက် အဆင့်နိမ့်ဘိန်း သုည ဒသမ ၀၁၆ ကီလိုဂရမ် (ဒေသတန်ဖိုးငွေကျပ် ၆၄၀၀ ခန့်)၊ အစိမ်းရောင်ပလတ်စတစ်ခြင်းအတွင်းမှ ကက်တမင်းအဆီရည် ၃ ဒသမ ၉၂ လီတာခန့် (ဒေသတန်ဖိုးငွေကျပ် သိန်း ၁၁၇၆၀ ခန့်)၊ ကက်တမင်းအဆီ သုည ဒသမ ၈ မီလီလီတာပါ Pop ခေါင်း ၁၅ ခု(ဒေသတန်ဖိုးငွေကျပ် ၃၆ သိန်းခန့်) စုစုပေါင်း ကက်တမင်းအဆီရည် ၃ ဒသမ ၉၃၂ လီတာ ကာလတန်ဖိုး ၁ ဒသမ ၁၇၉ ဘီလီယံခန့်နှင့် နေအိမ်အောက်ထပ် မီးဖိုခန်းအတွင်းမှ ဘိန်းစာရွက် တစ်ကီလိုဂရမ်ခန့်၊ ကာလတန်ဖိုးငွေကျပ် ၄၀၀၀၀ ခန့်နှင့် ချောင်းဆိုးပျောက်ဆေးရည် သုံးလီတာခန့် ဒေသတန်ဖိုးငွေကျပ် ၁၅၀၀၀၀ တို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများကို ဥပဒေအရထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနယ်မြေရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံပြီး အမှုဖွင့်ဆောင်ရွက်ထားရှိကာ ဆက်စပ်တရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။

❖ ဂုဏ်ပြုကြိုဆိုမှ

လူမှုရေးအသင်းအဖွဲ့များ၊ အရာရှိ၊ စစ်သည်၊မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တပ်နယ်မှတာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ခရိုအေးရှားနိုင်ငံ ဘရက်ကျွန်းတွင် လောင်ကျွမ်းနေသောတောမီး ကျေးရွာများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အဆောက်အအုံများဆီသို့ ကူးစက်လာ



ဇာဂရက် စက်တင်ဘာ ၁၄

ခရိုအေးရှားနိုင်ငံ ဘရက်ကျွန်း၌ ရက်ပေါင်းများစွာကြာ လောင်ကျွမ်းနေသော တောမီးသည် ယနေ့တွင် မီလ်နာမြို့ရှိကျေးရွာများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အဆောက်အအုံများဆီသို့ ကူးစက်လောင်ကျွမ်းလာခဲ့ကြောင်း ခရိုအေးရှားအရေးပေါ် မီးငြိမ်းသတ်ရေးဆိုင်ရာဌာနမှ သိရသည်။

ပြင်းထန်သော လေပြင်းတိုက်ခတ်မှုကြောင့် တောမီးသည် မီလ်နာမြို့ဘက်သို့ ဦးတည်ရွေ့လျားလာခဲ့ပြီး အာဏာပိုင်များအနေဖြင့် ဒေသခံများ၏အသက်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ဒေသခံဦးရေ ၂၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

အရေးပေါ် မီးငြိမ်းသတ်ရေးဆိုင်ရာ အကြီးအကဲဖြစ်သူ ဆလက်ဗ်ကို တူကာကိုဗစ်က လူအချို့ မီးခိုးငွေ့များရှူမိသဖြင့် အသက်ရှူကျပ်ခဲ့သော်လည်း ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်း ပြောကြားခဲ့သည်။

ခရိုအေးရှားနိုင်ငံတွင် ပူပြင်းခြောက်သွေ့သော ရာသီဥတုအခြေအနေများကြောင့် တောမီးလောင်ကျွမ်းမှုများ ဆက်တိုက်ဖြစ်ပွားလျက်ရှိပြီး ပြီးခဲ့သည့်ဩဂုတ်လက ခရိုအေးရှားနိုင်ငံ တောင်ပိုင်းရှိ ကမ်းရိုးတန်းမြို့ဖြစ်သော အိုမစ်ရှ်မြို့အနီးတွင် လောင်ကျွမ်းခဲ့သည့် တောမီးကြောင့် လူသုံးဦး သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# သီရိလင်္ကာနိုင်ငံတွင် မိုးခေါင်နေသဖြင့် သောက်သုံးရေခက်ခဲမှုနှင့် တောရိုင်းတိရစ္ဆာန်များ သေဆုံးမှုမြင့်တက်လာ

ကိုလံဘို စက်တင်ဘာ ၁၄

သီရိလင်္ကာနိုင်ငံတွင် မိုးခေါင်နေသဖြင့် သောက်သုံးရေခက်ခဲမှုနှင့် တောရိုင်းတိရစ္ဆာန်များ သေဆုံးမှု မြင့်တက်လာကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောရိုင်းတိရစ္ဆာန်များ သေဆုံးမှုမြင့်တက်လာသည့်အပြင် မွေးမြူရေးကဏ္ဍတွင်လည်း တိရစ္ဆာန်များသေဆုံးသည့် အကောင်ရေ မြင့်တက်လာသည့်အတွက် သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးကဏ္ဍနှင့် စားနပ်ရိက္ခာကဏ္ဍအတွက် ကြီးမားသည့် ခက်ခဲမှုများရှိလာကြောင်း၊ မိုးခေါင်မှုနှင့် မြေအောက်ရေထုအရင်းအမြစ် ခန်းခြောက်မှုများကြောင့် တောရိုင်းတိရစ္ဆာန်များအနေဖြင့် စားကျက်များခက်ခဲလာသကဲ့သို့ စိုက်ပျိုးမွေးမြူရေးကဏ္ဍတို့တွင်လည်း ရေရရှိနိုင်ရန် ခက်ခဲလာ၍ စိုက်ခင်းများ ပျက်စီးမှုရှိလာခဲ့ကြောင်း ထုတ်ပြန်သည်။

"မိုးခေါင်မှုနဲ့ ကာလရှည်ကြာစွာ ရင်ဆိုင်လာခဲ့ရပြီးတဲ့နောက် သောက်သုံးရေပေးဝေနိုင်ဖို့ အခက်အခဲတွေရှိလာတယ်။ တောရိုင်းတိရစ္ဆာန်တွေလဲ ရေခက်ခဲမှုကြောင့် စားကျက်တွေရှားပါးလာပြီးတော့ သေဆုံးမှုနှုန်းတွေ မြင့်တက်လာတယ်။ ပြည်သူတွေအနေနဲ့လဲ ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေပြီး ကဏ္ဍအသီးသီးကို ကြီးမားတဲ့ရိုက်ခတ်မှုတွေဖြစ်ပေါ်စေပါတယ်။ တောမီးလောင်ကျွမ်းမှု အန္တရာယ်တွေနဲ့လဲ ရင်ဆိုင်ရလာနိုင်တဲ့အတွက် တော်တော်လေးကို ခက်ခဲတဲ့ အခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်"ဟု သီရိလင်္ကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပွားနေသဖြင့် လမ်းမကြီးများကိုပိတ်ထား

ဝါရှင်တန် စက်တင်ဘာ ၁၄

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပွားနေသဖြင့် အဓိက ဆက်သွယ်သွားလာရေး လမ်းမကြီးများ ရေလွှမ်းနေသည့်အတွက် ယာယီပိတ်ထားကြောင်း အမေရိကန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေလွှမ်းနေသည့် လမ်းမကြီးတချို့ကို ဖြတ်သန်းမောင်းနှင်ခဲ့သော မော်တော်ယာဉ်တချို့ ပိတ်မိခဲ့ပြီးနောက် ကယ်ဆယ်ရေးဝန်ထမ်းများက အရေးပေါ်အခြေအနေဖြင့် ယာဉ်မောင်းများနှင့် ယာဉ်ပေါ် လိုက်ပါလာသူများကို ကယ်ထုတ်ပေးခဲ့ရကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် အဓိက ရင်ဆိုင်နေရသည့် ဒေသများမှာ ဘာဂန်မြို့၊ အက်ဇက်မြို့၊ ဟက်ဆန်မြို့နှင့် ပက်စီယက်မြို့တို့ ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။



"နယူးဂျာစီပြည်နယ်မှာ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ လမ်းမကြီးတချို့ ရေလွှမ်းနေပြီးတော့ ရေလွှမ်းနေတဲ့လမ်းမကြီးတချို့ကို ယာယီပိတ်ထားရပါတယ်။ လျှပ်စစ်မီးပြတ်တောက်မှုတွေလဲ ဖြစ်ပေါ်နေပါတယ်။ နေရှင်နယ်မိုးလေဝသဦးစီးဌာနကလဲ မိုးရေချိန်ဆက်လက်မြင့်မားလာနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ထားပါတယ်"ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းနေသဖြင့် ဒေသခံ ၃၁၅၆၄ ဦး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရ

ပေကျင်း စက်တင်ဘာ ၁၄

တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ်တွင် မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းနေသဖြင့် ရေဘေးအန္တရာယ်ရှိနိုင်သည့် ဒေသများမှ ဒေသခံ ၃၁၅၆၄ ဦးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဟိုင်နန်ပြည်နယ် ဘေးအန္တရာယ်ကာကွယ်ရေး၊ လျှော့ချရေးနှင့် ကယ်ဆယ်ရေးကော်မတီ၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

ဟိုင်နန်ပြည်နယ်ရှိ ဝမ်နင်း၊ လင်ရှွေနှင့် ချုံဟိုင်မြို့တို့ အပါအဝင် မြို့ ၂၄ မြို့တွင် မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းပြီး မိုးရေချိန် မီလီမီတာ ၃၀၀ ကျော်ထိ ရောက်ရှိခဲ့ကြောင်း၊ လက်ရှိအချိန်ထိလည်း မိုးထပ်မံသည်းထန်စွာ ရွာသွန်းနေဆဲ ဖြစ်ကြောင်း သိရသည်။

မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းမှုကြောင့် ဟိုင်နန်ပြည်နယ်တွင် စက်တင်ဘာ ၁၃ ရက်ကစပြီး ရေအရင်းအမြစ်ဝန်ကြီးဌာနနှင့် တရုတ်မိုးလေဝသဌာနတို့ ပူးပေါင်း၍ ရေဘေးထိန်းချုပ်ရေး အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုအဆင့် ၂ သို့ တိုးမြှင့်သတ်မှတ်လိုက်ကြောင်း၊ ထို့ပြင် ကျောင်းများပိတ်ထားရန် ဒေသအာဏာပိုင်များက ညွှန်ကြားထားပြီး အလည်အပတ်သွားရာ နေရာအချို့ကိုလည်း ယာယီပိတ်ထားကြောင်း၊ ရေကြီးရေလျှံနေသည့် လမ်းများတွင်လည်း ယာဉ်သွားလာမှုကို ကန့်သတ်ထိန်းချုပ်ထားကြောင်း သိရသည်။

ဒေသဆိုင်ရာ အာဏာပိုင်များသည် မိုးရေချိန်နှင့် ရေကြီးနိုင်မှုအခြေအနေများကို အနီးကပ်စောင့်ကြည့်လျက်ရှိပြီး ရေလှောင်ကန်များ၏ လုပ်ငန်းလည်ပတ်မှုကို ထိန်းညှိခြင်း၊ ရေကြီးရေလျှံမှုနှင့် မြို့တွင်း ရေဝပ်မှုများကို ကာကွယ်ထိန်းချုပ်ခြင်း၊ ဘူမိဗေဒဆိုင်ရာ ဘေးအန္တရာယ်များ ဖြစ်ပွားနိုင်သည့် နေရာများတွင် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း တို့ကို အရှိန်မြှင့် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ဥရောပအာကာသအေဂျင်စီ(ESA) က တောမီးလောင်ကျွမ်းမှုကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရေး ထုတ်ပြန်ပေးနိုင်ရန် စီစဉ်နေ

ပဲရစ် စက်တင်ဘာ ၁၄

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် အခြေစိုက်သည့် ဥရောပအာကာသအေဂျင်စီ(ESA) က တောမီးလောင်ကျွမ်းမှုများကို အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ရန် စီစဉ်နေကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကောင်းကင်ဂြိုဟ်တုစနစ်များဖြင့် တောမီးလောင်ကျွမ်းမှုများကို ကင်းထောက်သွားမည်ဖြစ်သကဲ့သို့ မြေပြင်မှလည်း အာရုံခံကိရိယာများဖြင့် ကင်းထောက်ကာ တောမီး လောင်ကျွမ်းမှုများကို အချိန်ပြည့် စောင့်ကြည့်ကင်းထောက်မှု ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ကင်းထောက်မှုများကို ESA မှ သုတေသီတစ်ဦးဖြစ်သူ မာကိုစီလက်စတီက ဦးဆောင်သွားမည်ဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီ (ESA) က ထုတ်ပြန်သွားခဲ့သည်။

"ဥရောပနိုင်ငံတွေမှာ ၂၀၂၆ ခုနှစ် နွေရာသီကာလအတွင်း အပူလှိုင်းဖြတ်သန်းပြီးတော့ အပူချိန် စံချိန်တင်မြင့်တက်မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ စံချိန်တင် အပူချိန် မြင့်တက်မှုနဲ့ဆက်စပ်ပြီး ကျန်းမာရေးလုံခြုံမှုတွေကို ထိခိုက်စေခဲ့ပါတယ်။ တောမီးလောင်ကျွမ်းမှုတွေလဲ နိုင်ငံတော်တော်များများမှာ ဖြစ်ပေါ်ခဲ့တယ်။ လောင်ကျွမ်းခဲ့တဲ့တောမီးမှာ အရေးပေါ် အခြေအနေ ထုတ်ပြန်ခဲ့ရတဲ့ အကြိမ်ရေများတာကို တွေ့ရတယ်။ တောမီးလောင်ကျွမ်းမှုကို အချိန်မီ မသိရခဲ့တဲ့အတွက်ကြောင့် ကြီးမားတဲ့ ဆုံးရှုံးမှုတွေ၊ မလိုလားအပ်တဲ့ ဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကြောင့် တောမီးလောင်ကျွမ်းမှုကို အချိန်နဲ့တစ်ပြေးညီသိရှိစေနိုင်ဖို့အတွက် ကောင်းကင်ဂြိုဟ်တုစနစ်တွေ၊ မြေပြင်ကနေ အာရုံခံကိရိယာတွေနဲ့ ကင်းထောက်စောင့်ကြည့်တာတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်"ဟု ဥရောပအာကာသအေဂျင်စီ (ESA)မှ သုတေသီတစ်ဦးဖြစ်သူ မာကိုစီလက်စတီက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# ပြည်သူများရဲ့ခွန်အား

ဗညားကျန်းထော

❖ လူတစ်ယောက်ဟာ အရည်အချင်း၊ အရည်အသွေး၊ အသိဉာဏ် ပညာတော်ရုံတတ်ရုံသာမက အထက်ဖော်ပြပါ သင့်၊ မသင့်၊ လျော်၊ မလျော်ဆိုတာကို ချင့်ချိန်ဝေခွဲတတ်ဖို့ သမ္မာဒိဋ္ဌိတရားလေးပါးထဲက (၁) အကျိုးရှိ၊ မရှိဆိုတာနဲ့ (၂) လျောက်ပတ်၏၊ မလျောက်ပတ်၏ ကို သိတတ်ခြင်းဟာ အလွန်ပဲအရေးကြီးပေတာပဲ။ ဘဝတစ်ကွေ့ တွေ့ရတဲ့ရွေးချယ်မှုမှာ လုပ်ရမှာနဲ့ လုပ်သင့်တာကိုမလုပ်ဘဲ မလုပ်သင့်တာ မလုပ်ရမယ့်အရာကို ပြုမိမှားလို့ ဘဝတစ်သက်တာလုံး ဆုံးရှုံးနစ်နာရတဲ့သင်ခန်းစာတွေဟာ သာဓကပြစရာအများကြီးပေါ့။ ❖

အားလုံးကတော့ သိကြပြီးသားတွေပါပဲ။ သို့ပေမယ့် သိသလိုလိုနဲ့ ဂဃနဏခွဲခြားရှင်းပြစမ်းပါ ဆိုလာရင်တော့ ကွဲကွဲပြားပြားသူတစ်ပါးနားလည် ရှင်းလင်းအောင်ရှင်းပြနိုင်သူ ရှားပါတယ်။ ဒီတော့ သိပြီးသားပါဆိုပေမယ့်လည်း ထပ်ပြီးဖော်ပြခွင့်ပြုပါ။

ကောင်းစွာသိခြင်း၊ အပြားအားဖြင့် သိခြင်းဟာ အမှန်တော့ ပညာသဘောပါပဲ။ ပညာဟူသော်ကား အကြောင်းနှင့်အကျိုး၊ အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်၊ သဲကွဲစွာဝေခွဲရွေးချယ်ဆုံးဖြတ်နိုင်စွမ်း ရှိခြင်းလို့ ရှေးကပညာရှိများ အဓိပ္ပာယ်ဖွင့်လေ့ရှိကြတယ်။

ဆရာကြီးဒဂုန်ဦးထွန်းမြင့်(၁၉၀၈-၁၉၇၂)ပြုစုတဲ့ ပါဠိသက်ဝေါဟာရအဘိဓာန်ကျမ်းမှာ **ပညာ** ဆိုတာ အသိဉာဏ်လို့ဖော်ပြထားပြီး အပြားအားဖြင့် သိတတ်သောဉာဏ်၊ ဆည်းပူးသင်ယူရသောအသိဉာဏ်၊ ယင်းအသိဉာဏ်ကို ရရာရကြောင်းရှာဖွေဆည်းပူးအပ်သောအတတ်တဲ့။

သိခြင်းသဘောမှာ အဆင့်သုံးခုရှိတယ်လို့ အချို့က ခွဲခြားဖော်ပြလေ့ရှိကြတယ်။

၁။ Knowledge = **ဗဟုသုတ၊ အပေါ်ယံသိခြင်း၊**

၂။ Skill = **How to do. ဘယ်လိုလုပ်ရမလဲသိခြင်း၊**

၃။ Wisdom Knowing = What to do. What is the best to choose. **ဘာကိုလုပ်ရမည်ကိုသိခြင်း၊**

အဲဒါတွေ ဘယ်ကရတာလဲမေးရင်တော့ ဟိုကဒီကရှာဖွေစုဆောင်းခဲ့ရပြီး ကူးချထားတာတွေပေါ့။ ဥပမာ ပညာနဲ့ပတ်သက်လို့ ဟားဘတ်နယူတန်ကက်ဆန်(၁၈၆၉-၁၉၅၁) ဆိုသူ ရေးဖူးတာထဲက တွေ့ဖူးတာလေးပါ။

"Skill is knowing how to do.

Wisdom is knowing what to do."

ဟားဘတ်ကက်ဆန်ဆိုတာ မြန်မာစာဖတ်ပရိသတ် သိကြမှာပါ။ သူက ကနေဒါနိုင်ငံမှာမွေးဖွားပြီး အင်္ဂလန်မှာ အသက် ၈၁ နှစ်မှာ ကွယ်လွန်ခဲ့ပါတယ်။ Efficiency Journal လုပ်ရည်ကိုင်ရည်ဂျာနယ်ကို ထူထောင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်းများစွာစာအုပ်တွေ ရေးသားထုတ်ဝေသွားခဲ့တယ်။ သူရေးတဲ့စာအုပ်တွေ ဘယ်လောက်များသလဲ စာရင်းကောက်ကြည့်လိုက်တော့ စာအုပ်ပေါင်း ၁၆၈ အုပ်ရေးခဲ့ပါသတဲ့။ ယနေ့ထိလည်း သူ့ရဲ့စာအုပ်အချို့ဟာ ရောင်းကောင်းနေဆဲပါပဲ။ မြန်မာဘာသာပြန်ဆိုပြီးသားစာအုပ်တွေလည်း မနည်းပါဘူး။ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀၊ ၅၀ က ဟားဘတ်နယူတန်ကက်ဆန် ရေးခဲ့တာတွေက မြန်မာတွေ **"လုပ်ရည်ကိုင်ရည်"**အရေးကြီးကြောင်း ပိုမိုပြီးသိမြင်လာချိန်နဲ့တော့ အတော်ပဲပေါ့။ စာရေးသူတို့ဟာ အနောက်နိုင်ငံတွေထက် နှစ် ၅၀ လောက်နောက်ကျကျန်ရစ်နေခဲ့တယ်လို့ မဆိုလိုပါဘူး။ ပညာဆိုတာ လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀၀ ကျော်က အင်းဝခေတ်စာဆိုအကျော် ရှင်မဟာသီလဝံသတို့၊ ရှင်မဟာရဋ္ဌသာရတို့ရဲ့ အဆိုအမိန့်တွေဟာလည်း ကနေ့ထိ ခေတ်မီနေဆဲ၊ မှန်ကန်နေဆဲ၊ အသုံးကျနေဆဲပဲမဟုတ်လား။ ဉာဏ်ပညာအကြောင်း အင်္ဂလိပ်တွေမှ သိကြတာတော့မဟုတ်ပါ။ ရှေးရှေးက မြန်မာဘိုးဘွားဘီဘင်အဆက်ဆက်ကလည်း အလေးထားအရေးပေးခဲ့ကြတာဖြစ်ပါတယ်။

ဘာသာရေးမှာတော့ သတိဆိုတဲ့တရားကိုအထူးနေရာပေးကြရတာ တွေ့ရမှာပေါ့။ သဒ္ဓါ၊ သတိ၊ သမာဓိနဲ့ ဝီရိယ၊ ပညာ၊ ဗိုလ်ငါးဖြာတဲ့။ သတိနဲ့ သမာဓိက မတူဘူးလား။ မတူကြပါဘူး။ တစ်ခုစီ၊ တစ်မျိုးစီပါ။ ထားပါတော့။ ပညာနဲ့သတိဟာ သဟဇာတ၊ အညမညအကျိုးပြုကြတဲ့ စေတသိက်များဖြစ်ကြပေမယ့် သိခြင်းပညာသဘောရှိတဲ့သမ္မာဒိဋ္ဌိဆိုတာလည်းရှိသေးတယ်။ မြန်မာက သိမ်းသွင်းယူလိုက်တဲ့ဝေါဟာရအနေနဲ့တော့ သမ္မာဒိဋ္ဌိလို့ ခေါ်တာပေါ့။ သမ္မာဒိဋ္ဌိတရားက လေးပါးရှိပါတယ်။

၁။ **သာတ္ထကသမ္မာဒိဋ္ဌိ** = ပစ္စုပ္ပန် သံသရာတို့တွင် အကျိုးရှိ၏၊ မရှိ၏ဟု သိတတ်ခြင်း။

၂။ **သပ္ပါယသမ္မာဒိဋ္ဌိ** = ပစ္စုပ္ပန်သံသရာ၌ လျောက်ပတ်၏၊ မလျောက်ပတ်၏ဟု သိတတ်ခြင်း။

၃။ **ဂေါစရသမ္မာဒိဋ္ဌိ** = ကမ္မဋ္ဌာန်းပုတ် လေးပါး၌ သမထဘာဝနာဝိပဿနာကမ္မဋ္ဌာန်းကို မပြတ်မလပ်အာရုံပြုရမည်ကို သိတတ်ခြင်း။

၄။ **အသမ္မောဟသမ္မာဒိဋ္ဌိ** = ကမ္မဋ္ဌာန်းပုတ် လေးပါး၌ ရုပ်၊ နာမ် စသည်တို့ကို သိတတ်ခြင်းတို့ ဖြစ်ကြပါတယ်။

လူတစ်ယောက်ဟာ အရည်အချင်း၊ အရည်အသွေး၊ အသိဉာဏ်ပညာ တော်ရုံတတ်ရုံသာမက အထက်ဖော်ပြပါ သင့်၊ မသင့်၊ လျော်၊ မလျော်ဆိုတာကို ချင့်ချိန်ဝေခွဲတတ်ဖို့ သမ္မာဒိဋ္ဌိတရား လေးပါးထဲက (၁) အကျိုးရှိ၊ မရှိဆိုတာနဲ့ (၂) လျောက်ပတ်၏၊ မလျောက်ပတ်၏ကို သိတတ်ခြင်းဟာ အလွန်ပဲအရေးကြီးပေတာပဲ။

ဘဝတစ်ကွေ့တွေ့ရတဲ့ရွေးချယ်မှုမှာ လုပ်ရမှာနဲ့ လုပ်သင့်တာကိုမလုပ်ဘဲ မလုပ်သင့်တာ မလုပ်ရမယ့်အရာကို ပြုမိမှားလို့ ဘဝတစ်သက်တာလုံး ဆုံးရှုံးနစ်နာရတဲ့သင်ခန်းစာတွေဟာ သာဓကပြစရာအများကြီးပေါ့။

ဇာတ်တော် ၅၅၀၊ ဇာတ်ကြီးဆယ်ဘွဲ့၊ ဓမ္မပဒကျမ်းစသည်တို့မှာလည်း ဖတ်ရှုလေ့လာနိုင်တယ်။ မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်းဖြစ်စဉ်တွေမှာလည်း သင်ခန်းစာယူနိုင်တယ်။ ဝေးဝေးရှာနေစရာမလိုဘဲ ၂၀ ရာစု မြန်မာ့နိုင်ငံရေးလှုပ်ရှားမှုတွေကိုပဲကြည့်ဦး။ အမျိုးသားရေးအတွက် စည်းလုံးညီညွတ်လို့ နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေးအရေးတော်ပုံတွေမှာ ထိရောက်အောင်မြင်ခဲ့ပေမယ့် တို့ဗမာအစည်းအရုံး နိုင်ငံရေးခေါင်းဆောင်တွေထဲမှာ သဘောထားကွဲလွဲမှုတွေရှိလာတာ ရင်ကြားစေ့လို့မရအောင် ဖြစ်လာခဲ့တယ်။ Win-Win Theory ဘယ်သူမှမနစ်နာမဆုံးရှုံးဘဲ နှစ်ဦးနှစ်ဖက်စလုံး ကောင်းကျိုးရရှိပြီး နိုင်ငံနဲ့လူမျိုးကောင်းကျိုးဖြစ်စေမယ့် နည်းလမ်းမျိုးကို မရွေးချယ်တတ်ကြဘူး။ အတ္တမာန၊ ငါမှငါဆိုတာပဲ လွှမ်းမိုးခဲ့ကြတယ်။ တို့ဗမာအစည်းအရုံးကြီးမှာသာ ကွဲခဲ့ပြဲခဲ့တာမဟုတ်ဘူး။ လွတ်လပ်ရေးတိုက်ပွဲအရေးတော်ပုံကြီးမှာ ဦးဆောင်တဲ့ ဖဆပလ၊ ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးလည်း ကွဲကြပြဲကြပြန်တာပဲ။ သခင်အောင်ဆန်းနဲ့ သခင်သန်းထွန်းတို့ဟာ (မြောင်းမြမြို့မှ ဦးဖိုးညွင်း ခေါ် အဗ္ဗဒုလာစုလတန်မာမွတ်ဆိုသူရဲ့ သမီးနှစ်ယောက်နဲ့ လက်ထပ်ခဲ့ကြတဲ့) မယားညီအစ်ကိုဖြစ်ကြပေမယ့် တစ်ယောက်မျက်နှာတစ်ယောက် မကြည့်ချင်လောက်အောင်ရန်စောင်ပြီး ဖဆပလနဲ့ ကွန်မြူနစ်ပါတီတို့ဟာ (ခေါင်းဆောင်ချင်းကွဲကြလေတော့) နှစ်ဖက်ရန်သူဖြစ်ကာ လက်နက်ကိုင်တိုက်ပွဲတွေနဲ့ ပြည်သူတွေကို ပြာပုံထဲပို့ခဲ့ကြတာပဲ။

တိုင်းပြည်ဆိုတာ စစ်ဖြစ်ရင် မွဲစမြဲပဲလေ။

စစ်ဖြစ်ပြီး ချမ်းသာတာက စစ်လက်နက်ပစ္စည်းရောင်းတဲ့နိုင်ငံပဲ။ စစ်ပစ္စည်းမထုတ်လုပ်နိုင်ဘဲနဲ့ စစ်အနိုင်တိုက်ရေးလမ်းစဉ်ရွေးခဲ့တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်တွေရဲ့ အရည်အသွေးဟာ တော်သလား၊ ချော်သလား၊ လက်တွေ့ကျသလား၊ စိတ်ကူးယဉ်ဆန်သလား။

အကောင်းအဆိုး၊ အမှန်အမှား၊ သမိုင်းစာမျက်နှာမှာသာမက ယနေ့အထိ ဆင်းရဲငတ်မွတ်နေရတဲ့ အောက်ကျနောက်ကျအခြေအနေဆိုက်နေပုံကြည့်လေ။ စစ်ဆိုတာ မနိုင်ရင်မတိုက်ရဘူးလေ။ သေချာပေါက်နိုင်မယ်ထင်တာတောင်မှ ကြက်ပွဲ၊ နွားပွဲ၊ ဖဲဝိုင်းလိုပဲ။ ရှုံးချင်ရှုံးတတ်သေးတယ်။ စစ်ဆိုတာ စဖို့ လွယ်ပါတယ်။ စစ်ကို အနိုင်နဲ့အဆုံးသတ်ဖို့တော့ မလွယ်ဘူး။ **စစ်နဲ့ငြိမ်းချမ်းရေးကို အရွေးမှန်အောင် နိုင်ငံရေးလုပ်သူတွေက ခွဲခြားချင့်ချိန်တတ်ဖို့ လိုပေတယ်။**

အဝေးကလူတွေက မြင်ကြတယ်။

ဘေးကကြည့်နေသူတွေက သိကြတယ်။

ကိုယ်တိုင် လက်နက်ကိုင်ထားကြသူတွေက လက်နက်၊ အာဏာ၊ ငွေဆိုတာတွေကို အရသာတွေ့ပြီး လက်မလွှတ်ချင်ဘူး။ အတ္တမာန၊ အတ္တလောဘ၊ တိမ်သလာပိတ်ဖုံးပြီး အမှန်မမြင်နိုင်တတ်ဘူး။

ကိုယ်သိတဲ့ဗဟုသုတလေးကို လုံလောက်ပြီလို့ပဲ ယူဆထင်မြင်နေတတ်ကြတယ်။

အခွင့်အရေးဆိုတာ အမြဲတမ်းမရဘူး။

ရွေးချယ်ပိုင်ခွင့်ဆိုတာ အချိန်တစ်ခုအကန့်အသတ်ရှိတယ်။

ရွေးချယ်နိုင်သေးတဲ့အချိန် စည်းဘောင်အတွင်းမှာ အကောင်းအဆိုး၊ အကျိုးအပြစ်၊ သင့်၊ မသင့်နဲ့ မိမိ၊ သူတစ်ပါး၊ ပြည်သူအများရဲ့ အကျိုးစီးပွားတို့ကို မြော်မြော်မြင်မြင်ထည့်သွင်းစဉ်းစားတတ်ဖို့ လိုအပ်ပါတယ်။

ကိုယ်လိုချင်တာကိုပဲ တစ်ဖက်သတ်ပြောမနေသင့်ဘူး။

ကိုယ်ဖြစ်ချင်တာကိုပဲ မဖြစ်ဖြစ်အောင်လုပ်ဆောင်မှာပဲလို့ ခေါင်းမာလို့မရဘူး။

ကိုယ်ရချင်တာကမှ တရားတယ်၊ မှန်တယ်လို့ တရားသေစွဲကိုင်ထားဖို့မသင့်ဘူး။

ပညာရှိသတိဖြစ်ခဲဆိုသလိုပဲ။ စိတ်ခံစားမှုအတိုင်း စွတ်ရွတ်ရွေးချယ်လိုက်မိတာကြောင့် မုချရှုံးနိမ့်မယ့်စစ်ပွဲကို မိုက်မိုက်မဲမဲ ဆက်ပြီးဆင်နွှဲချင်နေတယ်ဆိုရင်တော့ ကိုယ့်လူမျိုး၊ ကိုယ့်ပြည်သူတွေကို ဒုက္ခနွံအတွင်း တွန်းချနေသလိုပဲဖြစ်ရှာတော့မှာပဲ။ စစ်ဆိုတာဟာ မီးပုံကြီးပါ။

စစ်သမိုင်းတွေကို လေ့လာကြည့်ပါ။

နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှုတွေကို ကမ္ဘာကြည့် ကြည့်မြင်သုံးသပ်လိုက်ပါ။

**"၂၁ ရာစု"**ဟာ ၂၀ ရာစုနဲ့မတူညီတော့ဘူး။

၂၀၀၁ ခုနှစ်မှ ၃၀၀၀ ပြည့်နှစ်အထိ မိမိတို့ရှေ့ဆက်ရမယ့်အနာဂတ်ကာလဟာ လူ့သမိုင်းတစ်လျှောက်မှာ ဘယ်တုန်းကနဲ့မှမတူတဲ့ လျင်မြန်တဲ့အရှိန်အဟုန်နဲ့ ခေတ်သစ်နည်းပညာရဲ့ အခုန်အကူး၊ ဆန်းသစ်ဆန်းကြယ်မှုတွေနဲ့ **"တတိယထောင်စုနှစ်"**(The Third Millennium)ကျွန်ုပ်တို့အားလုံးရဲ့ရှေ့မှောက်မှာ ရောက်နေပြီဆိုတဲ့အချက်ကို သတိသမ္မာဒိဋ္ဌိနဲ့အာရုံစိုက်ပြီး မျက်မှောက်ပြုလိုက်ပါ။

ယနေ့သည် ၂၀ ရာစုမဟုတ်တော့ပါ။

အတိတ်ကို စွဲလမ်းမနေပါနဲ့တော့။

ပြောင်းလဲခဲ့ပြီ။ ပြောင်းလဲနေပြီ။

အစစအရာရာ အများကြီးပြောင်းလဲနေတယ်။

စစ်ဘေးစစ်ဒဏ်အထုပ်အပိုးကြီးကို သယ်လာပြီး အမိနိုင်ငံကို ပြာပုံထဲမှာ မွဲပြာကျအောင်လွှတ်မချပါနဲ့။ **ငြိမ်းချမ်းရေးကို လိုလားတောင့်တမျှော်လင့်နေကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမ၊ ပြည်သူပြည်သားသန်းပေါင်းများစွာရဲ့ ပြင်းပြတဲ့လိုအင်ဆန္ဒကို တန်ဖိုးထားလေးစားနားလည်ကြပါ။**

စစ်ပွဲများနဲ့ ဆက်ပြီးဖျက်ဆီး၊ ဆိုးကျိုးတွေပဲပေးနေဦးမလား။

ငြိမ်းချမ်းရေးနဲ့တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး(အိမ်နီးချင်းနိုင်ငံတွေကို လှမ်းကြည့်လိုက်ပါဦး)တတိယထောင်စုနှစ်မှာ မိမိတို့ရဲ့ အဓိကတာဝန်က ဖျက်ဆီးရေးလား၊ ထူထောင်ရေးလား။ ဒီနေ့တော့ ရွေးချယ်ဆုံးဖြတ်ချက် မှန်ကန်ဆီလျော်တဲ့ဘက်ရောက်လာမယ်လို့ ယုံကြည်တယ်။ ပြည်သူအများရဲ့ဆန္ဒခွန်အားကို နားလည်ကြပါ။

# မော်လိုက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၆၇၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

**မော်လိုက် စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၆၇၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မော်လိုက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၆၇၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မော်လိုက်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာ စတဲ့ ဟင်းသီးဟင်းရွက်တွေကို အများဆုံး စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးသွားပါမယ်" ဟု မော်လိုက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိန်ဦးက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်စိန်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ၂၄ ပြည်ဝင်ဇီယာဆန်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဝါးခယ်မ စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ၂၄ ပြည်ဝင်ဇီယာဆန် အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လ တစ်လအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဩဂုတ်လအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ရန်ကုန်ဈေးကွက်ဘက်ကို ဇီယာဆန်အိတ်ရေအများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ဝါးခယ်မမြို့ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကထား တင်ပို့ရောင်းချနေပါတယ်။ ဒီဇီယာဆန်က စားလို့ကောင်းတဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်။ အဲဒီဆန်တွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ဇီယာဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေတယ်။ အခြားဆန်တွေနဲ့ ယှဉ်ရင် လတ်တလောအနေနဲ့ ဒီဆန်အမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်" ဟု ဝါးခယ်မမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြသည်။



အဆိုပါ ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဇီယာဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သံတောင်ကြီးမြို့နယ် မယ်ဇလီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သံတောင်ကြီး စက်တင်ဘာ ၁၄**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မယ်ဇလီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်မျိုးအောင်၊ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစောဟဲဒိုစိုးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မယ်ဇလီကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရသည့် စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါမယ်ဇလီကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၂၁ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၁၆ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၅ ဦးကို ရန်ပုံငွေကျပ် ၃၇ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချိုလေး**

# ပွင့်ဖြူမြို့နယ် ညောင်ပင်သာကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ပွင့်ဖြူ စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖလံတောကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း အကြောင်းအရာများ၊ အကျိုးကျေးဇူးများ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း လက်စွဲစာစောင်ပါ ကော်မတီဝင် ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်အချက်များ၊ ကျေးရွာသူ၊ ကျေးရွာသားများမှ ပူးပေါင်းဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ကော်မတီဝင်ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ညောင်ပင်သာကျေးရွာ၌ ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ဖြင့် ဦးစီးဌာနဝန်ထမ်းများက နည်းပညာပံ့ပိုးကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်က ပြောပြ၍ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ရေနံချောင်းမြို့နယ် သဖန်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေနံချောင်း စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘဲဆိပ်ကျေးရွာအုပ်စု သဖန်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ တတိယအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၃ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာကြည်က သဖန်းချောင်းကျေးရွာ၌ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါညွှန်ကြားချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ အရင်း၊ အတိုးပေးဆပ်ရမည့် ကာလများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၆၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သဖန်းချောင်းကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၁၁၄ ဦးကို ငွေကျပ် ၃၃၄ သိန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ်ခြောက်သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁၆ သိန်း၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် လေးသိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၆၀ ထုတ်ချေးပေးခဲ့ကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နော်လူး**

# တော်သလင်းလနှင့် လှေပြိုင်ပွဲ

**ကိုယဉ်ချစ်(မန္တလေး)**

မြန်မာတို့၏ ဆယ့်နှစ်လရာသီတွင် တော်သလင်းလသည် ဆဋ္ဌမမြောက်လဖြစ်ပြီး မိုးဥတုတွင် ကျရောက်သည့်လဖြစ်သည်။ တော်သလင်း၏ အနက်ကိုလေ့လာရာတွင် တော်သည် မြင့်မြတ်ခြင်း၊ အထွတ်အထိပ်၊ အထက်ကောင်းကင်ဖြစ်သည်။ သလင်းသည် သာယာထွန်းလင်းခြင်းဖြစ်ပြီး သာလင်းမှ ကူးပြောင်းလာသည်။ ထို့ကြောင့် တော်သလင်းလသည် ကောင်းကင်ပြင်တွင် သာယာထွန်းလင်းသည့်လဟု ဆိုနိုင်သည်။

တော်သလင်းလသည် မိုးကာလဖြစ်သော်လည်းမိုးသားမိုးတိမ်များ ကြည်လင်နေတတ်သကဲ့သို့ ကောင်းကင်ယံ၌ ညိုရောင်မှိုင်းပျနေသည့်တိမ်များကြားတွင် နေရောင်သည် မလင်းတစ်လှည့် လင်းတစ်လှည့် ဖြစ်နေတတ်သည်။ တိမ်သားများကင်းစင်သည့်အချိန်တွင် နေရောင်ခြည်တိုက်ရိုက်ကျရောက်မှုကြောင့် ပူပြင်းသည့် ရာသီဥတုဒဏ်ကို ခံစားကြရသည်။ ထို့ကြောင့် "တော်သလင်းနေ၊ ပုစွန်သေ"ဟု ဆိုခဲ့ကြသည်။ အများအားဖြင့် လေပြင်းမုန်တိုင်းကျရောက်ခြင်းနည်းပါးသွားပြီး မြစ်များသည် ရေစီးမသန်၊ လှိုင်းမထန်တော့ဘဲ မြစ်ရေပြင်များသည် ညီညာပြန့်ပြူးနေခြင်းကြောင့် "တော်သလင်း မြစ်တွင်း၊ သင်ဖြူးခင်း"ဟုလည်း ဆိုကြသည်။

တော်သလင်းလသည် တစ်ခါတစ်ရံ မိုးသည်းထန်စွာရွာသွန်းတတ်သည်။ လယ်ကန်သင်းများ ကျိုးပေါက်သည်ထိ သည်းထန်စွာ ရွာသွန်းတတ်ခြင်းကြောင့် "တော်သလင်းမိုး၊ ကန်သင်းကျိုး"ဟု ဆိုစကား ရှိခဲ့သည်။ ရှေးက စားဖိုသည် ထမင်းချက်သမားတို့သည် မစဲသောမိုးရေရွှဲရွှဲထဲတွင် ပင်ပန်းဆင်းရဲစွာချက်ပြုတ်ခဲ့ကြရသဖြင့် "တော်သလင်း တိမ်ညို၊ စားဖိုသည်ဆင်းရဲ၊ မိုးမစဲ" ဟု ဆိုစကားဖြင့် ဖော်ပြခဲ့ကြသည်။

တော်သလင်းလသည် ရက်စုံလဖြစ်ခြင်းကြောင့် ရက်ပေါင်း ၃၀ ရှိသည်။ မြန်မာတို့၏ ဆယ့်နှစ်လရာသီကို နက္ခတ်ဗေဒပညာရှင်များ၏ မှတ်တမ်းများအရ တော်သလင်းလ၏ရာသီမှာ ကန်ရာသီ၊ နက္ခတ်မှာ ပြုဗ္ဗဘဒြပိုဒ်နက္ခတ်၊ ရာသီရုပ်မှာ လက်တစ်ဖက်က ကောက်ဆုပ်၊ လက်တစ်ဖက်က ဆီမီးတိုင်ကိုင်လျက် လှေစီးသော မိန်းမပျိုရုပ်၊ ရာသီပန်းမှာ ရင်းမာပန်း၊ ရာသီပွဲတော်မှာ လှေသဘင်ပွဲတော်တို့ဖြစ်ကြောင်း သိရသည်။ ကြာသပတေးနေ့နှင့် စနေနေ့များသည် ရက်ရာဇာများဖြစ်ပြီး ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့များသည် ပြဿဒါးရက်များဖြစ်သည်။ နဂါးဦးခေါင်းမှာ အရှေ့အရပ်သို့ပြုသည်။

**လှေသဘင်ပွဲတော်**

ရှေးမြန်မာမင်းများလက်ထက်က ဘုရင့်တပ်မတော်များတွင် ရေတပ်မတော်သည် အဓိကအခန်းမှပါဝင်ခဲ့သည်။ စစ်မက်ရေးရာတွင် ရေတပ်မတော်ကို အားကိုးအားထားပြုခဲ့ကြသည်။ ရေတပ်မတော်သားများကို လက်ရွေးစင်စစ်သည်များဖြင့် ဖွဲ့စည်းခဲ့ကြသည်။ ရေတပ်မတော်သားတစ်ဦးဖြစ်ရန်မှာမလွယ်ကူပေ။ ခြေလျင်တပ်သားဘဝတွင် အောင်ပွဲ ၁၀ ပွဲရပြီးမှ မြင်းစီးတပ်သားတာဝန်ထမ်းဆောင်ရသည်။ မြင်းစီးတပ်သားဘဝဖြင့် အောင်ပွဲ ၁၀ ပွဲ အောင်မြင်ပြီးမှ ဆင်စီးတပ်သားဖြစ်ရသည်။ ဆင်စီးတပ်သားဘဝတွင် အောင်ပွဲ ၁၀ ပွဲရပြီးမှသာ ရေတပ်သားတစ်ဦးဖြစ်ခွင့်ရှိသည်ဟု မှတ်သားဖူးသည်။

ရှေးခေတ်ဘုရင်များသည် စစ်မက်ရေးရာအတွက် စစ်ရေးကြိုတင်လေ့ကျင့်ပေးရာတွင် ရေတပ်မတော်သားများကို ကြိုတင်လေ့ကျင့်ခြင်း၊ သူရဲကောင်းမွေးထုတ်ခြင်းတို့ကို အစဉ်အလာမပျက်

❖ **လှေသဘင်ပွဲတော်များကို တော်သလင်းလတွင် လဆန်း ၈ ရက်၊ လပြည့်နေ့၊ လပြည့်ကျော် ၈ ရက်နေ့နှင့် လကွယ်နေ့တို့တွင် ခမ်းနားထည်ဝါစွာ ကျင်းပခဲ့ကြသည်။ ပြိုင်ပွဲဝင်လှေအမျိုးအစားကြီးများမှာ လှော်ကားလှေ၊ လှော်လှေ၊ ခတ်လှေ၊ လောင်းလှေ၊ ရဲလှေတို့ဖြစ်ကြသည်။ ပြိုင်ပွဲတွင် ဘုရင့်ရေတပ်မတော်သားများက အစုအသင်းများဖွဲ့စည်းကာ လှေအမျိုးအစားအလိုက် ယှဉ်ပြိုင်ကြသည်။ အားပေးကြသည့် ပရိသတ်များကလည်း အိုးစည်၊ ဗုံမောင်းများတီးမှုတ်၍ ပျော်ရွှင်စွာကခုန်ကြသည်။** ❖

ပြုလုပ်ခဲ့ကြသည်။ မြစ်များအတွင်း လှိုင်းလေငြိမ်သက်ချိန်တွင် ရေတပ်သားများ ရွေးချယ်ခြင်း၊ လေ့ကျင့်ခြင်းများကို ပြုလုပ်ကြခြင်းမှ အစပြု၍ လှေသဘင်ပွဲတော်ပေါ်ပေါက်ခဲ့သည်ဟု ဆိုကြသည်။

ရှေးခေတ်က လှေသဘင်ပွဲတော်များကို ဘုရင်မင်းမြတ်ကိုယ်တိုင် ချီးမြှောက်အားပေးခဲ့သည်။ ဘုရင်မင်းမြတ်နှင့်တကွ မိဖုရား၊ သားတော်၊ သမီးတော်၊ မှူးကြီးမတ်ရာများသည် "ပြည်ကြီးမွှန်" ရွှေလှေကြီးပေါ်မှ လှေသဘင်ပွဲကို အားပေးရှုစားကြသည်။

လှေသဘင်ပွဲတော်များကို တော်သလင်းလတွင် လဆန်း ၈ ရက်၊ လပြည့်နေ့၊ လပြည့်ကျော် ၈ ရက်နေ့နှင့် လကွယ်နေ့တို့တွင် ခမ်းနားထည်ဝါစွာ ကျင်းပခဲ့ကြသည်။ ပြိုင်ပွဲဝင် လှေအမျိုးအစားကြီးများမှာ လှော်ကားလှေ၊ လှော်လှေ၊ ခတ်လှေ၊ လောင်းလှေ၊ ရဲလှေတို့ဖြစ်ကြသည်။ ပြိုင်ပွဲတွင် ဘုရင့် ရေတပ်မတော်သားများက အစုအသင်းများဖွဲ့စည်းကာ လှေအမျိုးအစားအလိုက် ယှဉ်ပြိုင်ကြသည်။ အားပေးကြသည့် ပရိသတ်များကလည်း အိုးစည်၊ ဗုံမောင်းများတီးမှုတ်၍ ပျော်ရွှင်စွာကခုန်ကြသည်။

ပြိုင်ပွဲ၌ ပန်းဝင်မည့်နေရာတွင် ရွှေသားစက်ကွင်းထားရှိပြီး ပြိုင်ပွဲဝင်လှေများက တာလွှတ်သည့်နေရာမှ ရွှေသားစက်ကွင်းရှိသည့်နေရာသို့ ယှဉ်ပြိုင်လှော်ခတ်ကြရသည်။ ရွှေသားစက်ကွင်းကို အဝါရောင်စက္ကူအလယ်တွင် အမည်းရောင်ဖြင့် စက်ကွင်းအမှတ်အသားပြုထားပြီး ပန်းတိုင်အဖြစ် သတ်မှတ်ထားသည်။ ပန်းတိုင်သို့ ဦးစွာပန်းဝင်လာသည့် ပြိုင်ပွဲဝင်များသည် ရွှေသားစက်ကွင်းမှ ပန်းတိုင်ကို ဆွတ်ယူကြရသည်။ ဤသို့ ဆွတ်ယူသည်ကို ပန်းဆွတ်သည်ဟု ခေါ်ဝေါ်ကြသည်။

ဦးစွာပန်းဝင်သော်လည်း ပန်းဆွတ်မကျွမ်းကျင်၍ ရေထဲသို့လိမ့်ကျသွားပါက ရှုံးနိမ့်ရခြင်းကြောင့် ပန်းဆွတ်ကျွမ်းကျင်သူများကို လှေဦးတွင်ထား၍ ယှဉ်ပြိုင်ကြသည်။ ဤသည်ကိုအစွဲပြု၍ ပန်းလုသဘင်ပွဲဟုလည်း ခေါ်ဆိုကြသည်။ ဆုရရှိသူများကို ဘုရင်မင်းမြတ်က ဆုတော်လာဘ်တော်များ ချီးမြှင့်ခြင်း၊ ရာထူးရာခံတိုးမြှင့်ပေးခြင်းများဖြင့် မြှောက်စားကာ ရေတပ်မတော်၏စွမ်းရည်ကို မြှင့်တင်ခဲ့သည်။ လှေလှော်ပြိုင်ပွဲပြီးဆုံးသွားပါက ဘုရင်မင်းမြတ်စီးနင်းလိုက်ပါလာသည့် လှေတော်ကြီးက ရှေ့ဆုံးမှ ဦးဆောင်၍ ရာထူးရာခံများစီးနင်းသည့် လှေများ၊ ပြိုင်ပွဲဝင်လှေများသည် အစုန်အဆန် လှော်ခတ်ခဲ့ကြကြောင်း မှတ်သားရသည်။

လှေသဘင်ပွဲတော်ဆင်နွှဲရာတွင် လှေတော် ၁၂ ပါး၊ လှေလှော်စွမ်းရည်တွင်လှေလှော်ခြင်း၊ တက်ရေး ၃၇ မျိုးစသည်ဖြင့် မြန်မာတို့၏ လှေလှော်ခတ်မှုပညာရပ်များသည် နက်နဲကျယ်ဝန်းလှသည်။ ရှေးမြန်မာမင်းများလက်ထက်က ကျင်းပခဲ့သည့် လှေသဘင်ပွဲတော်များသည် ပျော်ပွဲရွှင်ပွဲတစ်ခုသာမဟုတ်ဘဲ မြန်မာ့ရေတပ်မတော်၏ စွမ်းရည်မြှင့်တင်ပေးခြင်း၊ သူရဲကောင်းများ ရွေးချယ်ခြင်းများနှင့် ဆက်စပ်ကျင်းပပေးခဲ့ကြောင်း လေ့လာသိရှိနိုင်သည်။

မျက်မှောက်ကာလတွင် တော်သလင်းလ၌အစဉ်အလာအတိုင်းကျင်းပသည့် လှေသဘင်ပွဲတော်များ တိမ်မြုပ်လုနီးပါးဖြစ်သော်လည်း အချို့ဒေသများတွင် ဘုရားပွဲတော်များ၊ အထိမ်းအမှတ်ပွဲတော်များတွင် ကျင်းပလျက်ရှိသည်။

**ဂရုဓမ္မအခါတော်နေ့**

မြန်မာတို့၏ ဆယ့်နှစ်လရာသီတွင် လအလိုက် ရာသီပွဲတော်များကျင်းပကြသကဲ့သို့ ဘာသာရေးနှင့် သက်ဆိုင်သည့် နေ့ထူးနေ့မြတ်များလည်းရှိသည်။ တော်သလင်းလ၏ နေ့ထူးနေ့မြတ်မှာ ဂရုဓမ္မအခါတော်နေ့ ဖြစ်သည်။

ငါးပါးသီလကိုအကြောင်းပြု၍ တော်သလင်းလပြည့်နေ့ကို သူတော်ကောင်းများ အလေးဂရုပြုကျင့်သုံးဆောက်တည်ကြသောနေ့ကို ဂရုဓမ္မအခါတော်နေ့ဟုခေါ်ဆိုကြခြင်းဖြစ်သည်။ ဂရုဓမ္မသည် "ကုရုဓမ္မ"မှ ဆင်းသက်လာခြင်းဖြစ်သည်။

မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သည့် တိကနိပါတ် ကုရုဓမ္မဇာတ်တော်တွင် ကုရုတိုင်းနှင့် ကလိင်္ဂတိုင်း နှစ်ပြည်ထောင်တို့တွင် ကုရုတိုင်းသည် မိုးလေဝသမှန်ကန်ပြီး သာယာဝပြောခဲ့သည်။ ကလိင်္ဂတိုင်းသည် မိုးလေဝသမမှန်ဘဲ ငတ်မွတ်ခေါင်းပါးသည့်ဘေးကို ရင်ဆိုင်နေကြရသည်။ ကုရုမင်း ကောရဗျ၌ ဆင်ဖြူတော်ရှိ၍ မိုးလေဝသကောင်းသည်ဟု ကြားသိရသည့်အတွက် ကလိင်္ဂမင်းက ဆင်ဖြူတော်ကို အလှူခံသည်။

ဆင်ဖြူတော်ရောက်ရှိသော်လည်း မိုးမရွာသဖြင့် မိုးရွာစေသည့် အခြားနည်းလမ်းကို တောင်းခံခဲ့ရာ ကုရုမင်းက သူနှင့် တိုင်းသူပြည်သားများ ကျင့်သုံးနေသော ဂရုဓမ္မငါးပါးသီလကို ရွှေပေလွှာ၌ ရေးပေးလိုက်သည်။ ကလိင်္ဂမင်းနှင့် ကလိင်္ဂတိုင်းသူပြည်သားများသည် ငါးပါးသီလကို တော်သလင်းလတွင်ရရှိခဲ့ပြီး စတင်ဆောက်တည်ခဲ့ကြရာ မိုးလေဝသမှန်ကန်လာပြီး စားနပ်ရိက္ခာပေါများ၍ သာယာဝပြောလာခဲ့သည်။ ကုရုတိုင်းမှ ပြည်သူပြည်သားတို့၏ အမြဲမပြတ် စောင့်ထိန်းကြသည့် ငါးပါးသီလကိုအကြောင်းပြု၍ တော်သလင်းလပြည့်နေ့ကို ကုရုဓမ္မမှ ဂရုဓမ္မအခါတော်နေ့ဟု သတ်မှတ်ခဲ့သည်။

အချုပ်အားဖြင့်ဆိုရသော် မြန်မာတို့၏ ဆယ့်နှစ်လရာသီ ပွဲတော်များသည် ပျော်ပွဲရွှင်ပွဲ သက်သက် ကျင်းပခြင်းမျိုးမဟုတ်ဘဲ ရိုးရာယဉ်ကျေးမှုများထိန်းသိမ်းခြင်းနှင့်စည်းလုံးညီညွတ်မှုများကို ဖော်ညွှန်းပြသခြင်း၊ နိုင်ငံနှင့်လူမျိုးအပေါ် ချစ်မြတ်နိုးစိတ်များကို နှိုးဆော်ခြင်း၊ ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှုများဖြင့် ရပ်တည်နေထိုင်ခဲ့သူများအဖြစ် ပေါ်လွင်စေခြင်း စသည့် အချက်များကြောင့် မျိုးချစ်စိတ်ဓာတ်များကို မြှင့်တင်ပေးနေသည့်ပွဲတော်များ ဖြစ်ကြသည်။ ဤကောင်းမွန်သည့် အစဉ်အလာကောင်းများကို နောင်လာနောက်သားတို့က ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **ဝိသုဒ္ဓက(ပဲခူး)၏ ဗုဒ္ဓေါ တပတိ တေဇသာ။**
- **ပန်းတိုင် ဦးသန်းမောင်၏ ဆယ့်နှစ်လရာသီ ပွဲတော်များနှင့် မှတ်တမ်းကဗျာများ။**
- **နေ့စဉ်ထုတ် သတင်းစာများ။**

**မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ**

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းကာကွယ်ရေး

ကိုအောင်(ထုတ်လုပ်)

အိုဇုန်းလွှာသည် နေမှကမ္ဘာမြေသို့ ကျရောက်သည့်အန္တရာယ်ရှိသော ခရမ်းလွန်ရောင်ခြည်ဒဏ်မှ ကာကွယ်ပေးသည်။ ဤအလွှာသည် ကမ္ဘာ့လေထု၏ ဒုတိယအလွှာဖြစ်သည့် စထရာတိုစဖီးယားတွင် တည်ရှိပြီး ကမ္ဘာမြေမျက်နှာပြင်အထက် ၁၅ ကီလိုမီတာမှ ကီလိုမီတာ ၅၀ ခန့်အမြင့်တွင် တည်ရှိသည်။ အောက်ဆီဂျင်မော်လီကျူးများသည် နေရောင်ခြည်ကြောင့် အက်တမ်နှစ်ခုအဖြစ် ကွဲထွက်သွားပြီး အခြားအောက်ဆီဂျင်မော်လီကျူးတစ်ခုနှင့် ဓာတ်ပြုမိသောအခါ အိုဇုန်းမော်လီကျူးများဖြစ်ပေါ်လာကာ ၎င်းတို့စုဝေးနေသည့်နေရာကို အိုဇုန်းလွှာဟုခေါ်ဆိုသည်။ ဤအလွှာသည် နေ၏အန္တရာယ်ရှိသော ခရမ်းလွန်ရောင်ခြည်အများစုကို စုပ်ယူနိုင်စွမ်းရှိသောကြောင့် ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါများအတွက် အကာအကွယ်တစ်ခုအဖြစ် ဆောင်ရွက်ပေးသောအလွှာဖြစ်သည်။

**အိုဇုန်းလွှာ၏ အဓိကလုပ်ငန်းဆောင်တာများ**

အိုဇုန်းလွှာသည် ကမ္ဘာ့ဂေဟစနစ်နှင့် လူသားတို့၏ ကျန်းမာရေးအတွက် မရှိမဖြစ်အရေးပါသော လုပ်ငန်းဆောင်တာများစွာကို ဆောင်ရွက်ပေးသည်။ ပထမဦးစွာ ၎င်းသည် ခရမ်းလွန်ရောင်ခြည်အထူးသဖြင့် ခရမ်းလွန်-ဘီ (UV-B) နှင့် ခရမ်းလွန်-စီ (UV-C) ရောင်ခြည်များကို စစ်ထုတ်စုပ်ယူပေးသည်။ ထိုရောင်ခြည်များသည် ပမာဏများစွာဖြင့် ကမ္ဘာမြေမျက်နှာပြင်သို့ ရောက်ရှိပါကသက်ရှိများကို ဆိုးရွားစွာထိခိုက်စေနိုင်သည်။ ဒုတိယအချက်မှာ လူ့ကျန်းမာရေးကို ကာကွယ်ပေးခြင်းဖြစ်သည်။ အိုဇုန်းလွှာသည် အရေပြားကင်ဆာ၊ အတွင်းတိမ်နှင့် ခရမ်းလွန်ရောင်ခြည်လွန်ကဲစွာ ထိတွေ့မှုကြောင့် ဖြစ်ပေါ်လာသောအခြားကျန်းမာရေးပြဿနာများကို ကာကွယ်လျှော့ချပေးသည်။ တတိယအချက်မှာ ဂေဟစနစ်ကို ထိန်းသိမ်းပေးခြင်းဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်ကို ထိန်းချုပ်ပေးခြင်းဖြင့် အပင်များ၊ ရေနေသတ္တဝါများနှင့် အစာကွင်းဆက်တစ်ခုလုံး၏ တည်ငြိမ်မှုကို အထောက်အကူပြုသည်။ စတုတ္ထအချက်မှာ ရာသီဥတုထိန်းညှိခြင်းဖြစ်သည်။ အိုဇုန်းလွှာသည် လေထုအပူချိန်ကို ထိန်းညှိပေးပြီး ရာသီဥတုပုံစံများနှင့် ရာသီဥတုတည်ငြိမ်မှုကို အကျိုးသက်ရောက်စေသည်။ ပဉ္စမအချက်အနေဖြင့် ပစ္စည်းများကို ကာကွယ်ပေးခြင်းဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်ကြောင့် ပလတ်စတစ်၊ သစ်သားနှင့် ရော်ဘာကဲ့သို့သော ပစ္စည်းများပျက်စီးယိုယွင်းမှုကို လျှော့ချပေးကာ ၎င်းတို့၏ အသုံးဝင်သောသက်တမ်းကို တိုးစေပြီး မကြာခဏ အစားထိုးရန် လိုအပ်မှုကို လျှော့ချပေးသည်။

**အိုဇုန်းလွှာ ပျက်စီးရခြင်းအကြောင်းရင်းများ**

၂၀ ရာစုနှောင်းပိုင်းတွင် လူသားတို့၏ လုပ်ဆောင်ချက်များကြောင့် အိုဇုန်းလွှာ သိသိသာသာပျက်စီးလာခဲ့ရသည်။ အိုဇုန်းဓာတ်လျော့နည်းခြင်း၏ အဓိကအကြောင်းရင်းမှာ လူလုပ်ဓာတုပစ္စည်းများ၏ ထုတ်လွှတ်မှုဖြစ်သည်။ အထူးသဖြင့် ကလိုရိုဖလူရိုကာဗွန်(CFCs)၊ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန်(HCFCs)၊ ဟိုက်ဒရိုဘရိုမိုဖလူရိုကာဗွန်(HBFCs)နှင့် ဘရိုမိုကလိုရိုမီသိန်း (Bromochloromethane)တို့သည် အိုဇုန်းလွှာကို အဓိကပျက်စီးစေသော ဒြပ်ပစ္စည်းများဖြစ်သည်။ ဤဓာတုပစ္စည်းများကို လေအေးပေးစက်၊ ရေခဲသေတ္တာ၊ မီးသတ်ဆေးဘူးများ၊ ပိုးသတ်ဆေးများ၊ ရုပ်ကြွင်းလောင်စာများနှင့် စက်မှုလုပ်ငန်းလုပ်ငန်းစဉ်များမှ ထုတ်လွှတ်လေ့ရှိသည်။ ထို့ပြင် မီးတောင်ပေါက်ကွဲမှုနှင့် တောမီးလောင်ကျွမ်းမှုကဲ့သို့သော သဘာဝအကြောင်းရင်းများကလည်း အိုဇုန်းလွှာကို ပျက်စီးစေသော ဒြပ်စင်များကို ထုတ်လွှတ်ပေးသော်လည်း သဘာဝရင်းမြစ်များမှ ထွက်ရှိမှုသည် လူလုပ်ဓာတုပစ္စည်းများနှင့် နှိုင်းယှဉ်ပါက သိသိသာသာနည်းပါးသည်။

**❖ အိုဇုန်းဓာတ်လျော့နည်းခြင်းသည် သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့၏ ကျန်းမာရေးအတွက် ဆိုးရွားသော အကျိုးဆက်များစွာကို ဖြစ်ပေါ်စေနိုင်သည်။ ပထမဦးစွာ အရေပြားကင်ဆာဖြစ်ပွားနှုန်း မြင့်တက်လာခြင်းဖြစ်သည်။ ကမ္ဘာမြေမျက်နှာပြင်သို့ ရောက်ရှိသည့် ခရမ်းလွန်ရောင်ခြည်ပမာဏမြင့်မားလာသည်နှင့်အမျှ အရေပြားကင်ဆာဖြစ်ပွားမှုတိုးလာနိုင်သည်။ ဒုတိယအချက်မှာ အတွင်းတိမ်နှင့် မျက်လုံးပျက်စီးခြင်းဖြစ်သည်။ ❖**

**အိုဇုန်းလွှာ ကာကွယ်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းမှုများ**

အိုဇုန်းလွှာ ပျက်စီးမှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြသည်။ ၁၉၈၅ ခုနှစ်တွင် အိုဇုန်းလွှာ ကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းကို ချမှတ်ခဲ့ပြီး ၁၉၈၇ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကနေဒါနိုင်ငံ မွန်ထရီရယ်မြို့၌ အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်ကို ချုပ်ဆိုခဲ့သည်။ ဤစာချုပ်အရ အိုဇုန်းလွှာကို ပျက်စီးစေသော ကလိုရိုဖလူရိုကာဗွန်(CFCs)နှင့် ဟေလွန်(Halon) ဒြပ်ပစ္စည်းရှစ်မျိုးကို အပြီးသတ်ရပ်ဆိုင်းနိုင်ခဲ့သည်။ နောက်ပိုင်းတွင် အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းအသစ်များ ထပ်မံတွေ့ရှိလာသည့်အတွက် မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်ကို ငါးကြိမ်တိုင်တိုင် ပြင်ဆင်ခဲ့ရပြီး အဆိုပါဒြပ်ပစ္စည်းများ ထုတ်လုပ်သုံးစွဲမှုကို ထပ်မံကန့်သတ်ထိန်းချုပ်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ရဝမ်ဒါနိုင်ငံ ကီဂါလီမြို့၌ ကျင်းပသည့်အဖွဲ့ဝင်နိုင်ငံများ၏ ၂၈ ကြိမ်မြောက်အစည်းအဝေးတွင် ကမ္ဘာကြီးပူနွေးမှုဖြစ်စေသော ဟိုက်ဒရိုဖလူရိုကာဗွန်ထုတ်လုပ်သုံး စွဲမှုလျှော့ချရေးဆိုင်ရာ ကီဂါလီပြင်ဆင်ချက်ကို ထပ်မံသဘောတူချမှတ်ခဲ့ကြသည်။ ထို့ပြင် နှစ်စဉ် စက်တင်ဘာ ၁၆ ရက်ကို ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အဖြစ် ကုလသမဂ္ဂက သတ်မှတ်ခဲ့ပြီး အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ အသိပညာပေးလှုပ်ရှားမှုများကို နှစ်စဉ်ကျင်းပလျက်ရှိသည်။

မြန်မာနိုင်ငံတွင်လည်း အမျိုးသားအိုဇုန်းယူနစ်ကိုဖွဲ့စည်းကာ အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် မွန်ထရီရယ် သဘောတူစာချုပ်၏ ပြင်ဆင်ချက်များအပါအဝင် နိုင်ငံတကာ သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ပြီး အိုဇုန်းလွှာထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးတို့တွင် ကမ္ဘာ့နိုင်ငံများအားလုံးနှင့်အတူ တက်ကြွစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများထုတ်လုပ်မှုနှင့် သုံးစွဲမှုနည်းပါးသော နိုင်ငံဖြစ်သော်လည်း မွန်ထရီရယ် သဘောတူစာချုပ်ပါ ကတိကဝတ်များနှင့်အညီ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများသုံးစွဲမှုကို အဆင့်ဆင့်လျှော့ချလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ကလိုရိုဖလူရိုကာဗွန်တင်သွင်းမှုကို ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် အပြီးသတ်ရပ်ဆိုင်းထားခဲ့သည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခြင်းအမိန့်ကို ၂၀၁၄ ခုနှစ် ဧပြီ ၂၅ ရက်၌ ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည်။ အဆိုပါအမိန့်တွင်ပါဝင်သော လိုက်နာဆောင်ရွက်ရမည့်အချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူ (သို့မဟုတ်) တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ ပုဒ်မ-၃၂ အရ အရေးယူခြင်း ခံရမည်ဖြစ်သည်။

**အိုဇုန်းလွှာပျက်စီးခြင်း၏ ဆိုးကျိုးများ**

အိုဇုန်းဓာတ်လျော့နည်းခြင်းသည် သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့၏ ကျန်းမာရေးအတွက် ဆိုးရွားသော အကျိုးဆက်များစွာကို ဖြစ်ပေါ်စေနိုင်သည်။ ပထမဦးစွာ အရေပြားကင်ဆာဖြစ်ပွားနှုန်း မြင့်တက်လာခြင်းဖြစ်သည်။ ကမ္ဘာမြေမျက်နှာပြင်သို့ ရောက်ရှိသည့် ခရမ်းလွန်ရောင်ခြည်ပမာဏမြင့်မားလာသည်နှင့်အမျှ အရေပြားကင်ဆာဖြစ်ပွားမှု တိုးလာနိုင်သည်။ ဒုတိယအချက်မှာ အတွင်းတိမ်နှင့် မျက်လုံးပျက်စီးခြင်းဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်သည် အတွင်းတိမ်နှင့် အခြားမျက်စိရောဂါများကို ဖြစ်စေနိုင်ပြီး မကုသပါက အမြင်အာရုံဆုံးရှုံးသည်ထိ ဖြစ်စေနိုင်သည်။ တတိယအချက်မှာ ခုခံအားစနစ်အားနည်းခြင်းဖြစ်သည်။ ခရမ်းလွန်ရောင်ခြည် ထိတွေ့မှုများလာခြင်းသည် ကိုယ်ခံအားစနစ်ကို ကျဆင်းစေကာ ကူးစက်ရောဂါများခံရနိုင်ခြေကို ပိုမိုများပြားစေပြီး ကာကွယ်ဆေးများ၏ ထိရောက်မှုကိုလည်း လျော့ကျစေသည်။ စတုတ္ထအချက်မှာ တိရစ္ဆာန်များအပေါ်သက်ရောက်မှုဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်သည် အစာကွင်းဆက်ကို ထိခိုက်စေပြီး ရေနေသတ္တဝါများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျန်းမာရေးကို ဆိုးရွားစွာ သက်ရောက်စေသည်။ ပဉ္စမအချက်မှာ အပင်များအပေါ်သက်ရောက်မှုဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်မြင့်မားခြင်းသည် အပင်တစ်သျှူးများကို ပျက်စီးစေပြီး ကြီးထွားမှု၊ ကုန်ထုတ်စွမ်းအားနှင့် ခံနိုင်ရည်တို့ကို ထိခိုက်စေကာ သီးနှံအထွက်နှုန်းကျဆင်းစေပြီး စားနပ်ရိက္ခာဖူလုံမှုကို ခြိမ်းခြောက်သည်။ ဆဋ္ဌမအချက်မှာ ရာသီဥတုနှင့် လေထုအပေါ်သက်ရောက်မှုဖြစ်သည်။ အိုဇုန်းဓာတ်လျော့နည်းခြင်းသည် လေထုအပူချိန်နှင့် လည်ပတ်မှုပုံစံများကို လွှမ်းမိုးနိုင်ပြီး ရာသီဥတုပြောင်းလဲမှုကို အထောက်အကူပြုသည်။ သတ္တမအချက်မှာ စီးပွားရေးအပေါ်သက်ရောက်မှုဖြစ်သည်။ သီးနှံအထွက်နှုန်းကျဆင်းခြင်းနှင့် ပစ္စည်းများပျက်စီးခြင်းတို့ကြောင့် စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများတွင် စီးပွားရေးဆုံးရှုံးမှုများဖြစ်ပေါ်နိုင်သည်။

အိုဇုန်းလွှာသည် ကမ္ဘာမြေနှင့် လူသားတို့၏ ရှင်သန်ရပ်တည်ရေးအတွက် အသက်တမျှ အရေးပါသော သဘာဝ၏အကာအကွယ်လွှာကြီးဖြစ်သည်။ မွန်ထရီရယ် သဘောတူညီချက်နှင့် ကီဂါလီပြင်ဆင်ချက်ကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည် အိုဇုန်းလွှာပြန်လည်ကောင်းမွန်လာမှုဆီသို့ ခိုင်မာသော ခြေလှမ်းများဖြစ်သည်။ သို့သော် ကျွန်ုပ်တို့တစ်ဦးချင်းစီ၏ နေ့စဉ်ဘဝတွင် စိမ်းလန်းသော နည်းပညာများကို ဦးစားပေးအသုံးပြုခြင်း၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော ထုတ်ကုန်များကို ရွေးချယ်သုံးစွဲခြင်း၊ အိုဇုန်းလွှာထိန်းသိမ်းရေး၏အရေးပါမှုကို ပတ်ဝန်းကျင်အား အသိပညာပေးခြင်း စသည့်လုပ်ဆောင်ချက်ငယ်များဖြင့်လည်း အိုဇုန်းလွှာကာကွယ်ရေးလုပ်ငန်းစဉ်တွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နိုင်သည်။

ကျွန်ုပ်တို့တစ်ဦးချင်းစီသည် မိမိတို့၏နေ့စဉ်ဘဝတွင် စွမ်းအင်ချွေတာခြင်း၊ အန္တရာယ်ရှိသော ဓာတုပစ္စည်းများအသုံးပြုမှုကို လျှော့ချခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာများ ဖြန့်ဝေခြင်း စသည့်သေးငယ်သော လုပ်ဆောင်ချက်များမှတစ်ဆင့် အိုဇုန်းလွှာကို ကာကွယ်ရာတွင် အစိတ်အပိုင်းတစ်ခုဖြစ်နိုင်သည်။ ထို့ကြောင့် အားလုံးပူးပေါင်းပါက ကျန်းမာသန်စွမ်းသော အိုဇုန်းလွှာကို မျိုးဆက်သစ်များအတွက် လက်ဆင့်ကမ်းပေးနိုင်မည်ဟု ယုံကြည်ကြောင်းရေးသားလိုက်ရပါသည်။

**ကိုးကား**

**- အိုဇုန်းလွှာအကြောင်း သိကောင်းစရာ (မြန်မာ့အလင်း၊ Sep 15, 2020၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၆)
## (၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

( ခ ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

( ဂ ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။

( ခ ) ၂၀၂၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။

( ဂ ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

( င ) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

( ခ ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

( ဂ ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၂၆ ရက်မှ ၂၇-၉-၂၀၂၆ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| နေပြည်တော် | ဖုန်း | - | ၀၉ -၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆ |
| | | | ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း | - | ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း | - | ၀၉-၆၈၈၈၈၃၅၅၈ |


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


## မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၇၇၅၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၇၇၅၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် နေကြာ ၇၇၅၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မုံရွာမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၇၇၅၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပြည်ပမှ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးရေးဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်။ နေကြာကို ဆောင်းမှာဘဲ အဓိကထားစိုက်ကြတာပါ"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

## ကဝမြို့နယ် ထာဝကျေးရွာ၌ ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်း စစ်ဆေး

**ကဝ စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထာဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို စက်တင်ဘာ ၁၃ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်နှင့်ဝန်ထမ်းများက ထာဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများကို ဆောင်ရွက်ပြီးလုပ်ငန်းများအား ရေရှည်တည်တံ့အောင် စနစ်တကျထိန်းသိမ်းကြရန်နှင့် လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါထာဝကျေးရွာ၌ ဂဝံမြေလမ်းအရှည်ပေ ၈၄၀၊ အကျယ် ၁၀ ပေ၊ အမြင့်မြေသားဒု ငါးပေ၊ ဂဝံမြေဒု လေးလက်မခင်းခြင်းလုပ်ငန်းဆောင်ရွက်ခြင်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၀ ဒသမ ၂ သန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လတတိယပတ်မှ စတင်၍ တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်ထံမှ သိရသည်။

**အေးမြတ်**







ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၁၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

## အမည်မှန်

အမရပူရမြို့နယ်၊ မှန်တန်းရပ်၊ ပလစ(၂)၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့်အခြေခံပညာအထက်တန်းကျောင်း၊ Grade-12 စိုက်ပျိုးရေးတွင် ပညာသင်ကြားနေသော (ဘ) ဦးဝင်းမင်းဦး၏သမီး မလင်းလက်ဖြိုးသူ၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မလင်းလဲ့ဖြိုးသူ** ဖြစ်ပါကြောင်း။

မလင်းလဲ့ဖြိုးသူ

## ဖခင်အမည်မှန်

စဉ့်ကိုင်မြို့နယ်၊ ပါရမီ(ပလိပ်) ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော မပန်းအိဖြူ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးကျော်ဇင်ဝင်း** ဖြစ်ပါကြောင်း။

ဦးကျော်ဇင်ဝင်း(၉/စကတ(နိုင်)၀၉၄၀၈၈)

## ကိုစိန်နွယ်ဦး (ခ) R ကြီး အသက် (၄၁)နှစ်

စဉ့်ကိုင်မြို့ မြို့မရပ်နေ **ဦးစိန်သောင်း + ဒေါ်နှင်းနွယ်စိုး** တို့၏သားကြီး၊
တရုတ်စုရပ်နေ **ကိုနေလင်းထက် (ခ) ဖိုးလုံး + မစိုးပပဝင်း (ခ) သဲသဲ**၊
မူဆယ်မြို့ **ကိုဝမ်ကိုကို + မထက်ထက်အောင်** တို့၏အစ်ကို၊
တန့်ယန်းမြို့နေ **မသိန်းသိန်းဝင်း**၏ ခင်ပွန်း၊ **ဆူမို (ခ) စွမ်းထက်နိုင်** ၏ဖခင်

**ကိုစိန်နွယ်ဦး (ခ) R ကြီး (အသက် ၄၁)နှစ်သည်**

(၁၂-၉-၂၀၂၆) ရက်နေ့ (၇:၁၅)အချိန်တွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့်
ကွယ်လွန်အနိစ္စရောက်သွားပါသောကြောင့်
**၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း (၃)ရက် ၁၄-၉-၂၀၂၆(တနင်္လာနေ့) ညနေ(၃:၀၀)**
နာရီအချိန်တွင် **စဉ့်ကိုင်မြို့၊ မြို့မရပ်ကွက်၊ အိမ်အမှတ်(မမ-၁၄၃)နေအိမ်မှ**
**မြို့မသုသာန်**သို့ ပို့ဆောင်သင်္ဂြိုလ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟ
အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍
ရက်လည်ဆွမ်းသွတ်တရားတော်နာခြင်းကို **၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း(၄)ရက်**
**၁၅-၉-၂၀၂၆(အင်္ဂါနေ့) နံနက် (၅:၃၀)**အချိန်မှ **(၁၀:၀၀)နာရီ**အချိန်ထိ
စဉ့်ကိုင်မြို့ မြို့မရပ် **ဦးစိန်သောင်း + ဒေါ်နှင်းနွယ်စိုး** တို့၏နေအိမ်တွင်
ပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်ဆည်မြို့နယ်၊ ကိုးပင်ကျေးရွာအုပ်စု၊ ဇလဲကျေးရွာနေ မမေဆုရှင်(၉/ကဆန(နိုင်)၂၅၆၅၂၃)၏ဖခင်အမည် **ဦးဟန် (ခ) ဦးဟန်စိန်** မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဟန် (ခ) ဦးဟန်စိန်(၉/မခန(နိုင်)၁၃၅၃၉၆)**

## အမည်မှန်

ပြည်ကြီးတံခွန်မြို့နယ်၊ သူရသီဟကိုယ်ပိုင်အလယ်တန်းကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော (ဘ) ဦးဇင်ကိုလတ်၏သား မောင်ဘုန်းသျှံခန့်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မောင်ဘုန်းလျှံခန့်** ဖြစ်ပါကြောင်း။

**မောင်ဘုန်းလျှံခန့်**

## အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သူရသီဟ(၂) ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12(A)တွင် ပညာသင်ကြားနေသော (ဘ) ဦးဝင်းဇော်၏သမီး မပန်းခြူးသွယ်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မပန်းခြူးသွယ်** ဖြစ်ပါကြောင်း။

**မပန်းခြူးသွယ်**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သူရသီဟ-၂ ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မသက်ဦးမေ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမင်းမင်းနိုင်** ဖြစ်ပါကြောင်း။

**ဦးမင်းမင်းနိုင်(၉/ခမစ(နိုင်)၀၃၀၀၇၂)**

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ထိခိုက်ပျက်စီးစေသော အကြမ်းဖက်လုပ်ရပ်များကိုစက်ဆုပ်ရွံရှာခြင်း၊ အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်လိုခြင်း၊ အေးချမ်းစွာပညာသင်ကြားလိုခြင်း၊ နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံလာခြင်းတို့ကြောင့် PDF အမည်ခံ အဖွဲ့ဝင်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လျက်ရှိ



နေပြည်တော် စက်တင်ဘာ ၁၄

တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်ပျက်စီးစေသော အကြမ်းဖက်လုပ်ရပ်များကို စက်ဆုပ်ရွံရှာခြင်း၊ အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်လိုခြင်း၊ အေးချမ်းစွာပညာသင်ကြားလိုခြင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေပြဋ္ဌာန်း၍ လက်ကမ်းကြိုဆိုခဲ့မှုကြောင့် ဥပဒေ၏ အရိပ်အောက်တွင် မိသားစုနှင့်အတူ ပေါင်းစည်းကာ လွတ်လပ်စွာနေထိုင်လုပ်ကိုင်လိုခြင်း၊ ဥပဒေဘောင်အတွင်း ဝင်ရောက်ရာတွင်လည်း လုံခြုံမှုရှိစွာဖြင့် ပြည်သူလူထုအတွင်း လွတ်လပ်စွာ နေထိုင်လုပ်ကိုင်ခွင့်ရရှိအောင် သက်ဆိုင်ရာတာဝန်ရှိသူများက စီမံဆောင်ရွက်ပေးခြင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာခြင်းတို့ကြောင့် PDF အမည်ခံ အဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များသည်

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံလက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ် ၎င်းတို့နှင့်အတူ ပါရှိလာသည့် လက်နက်၊ ခဲယမ်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုစဉ်။

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

## Amgen Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အိုင်ယာလန်ကစားသမား လော်ရှိုင် ချန်ပီယံဆု ဆွတ်ခူး

ဒဗ္ဗလင် စက်တင်ဘာ ၁၄

အိုင်ယာလန်နိုင်ငံတွင် ကျင်းပခဲ့သည့် Amgen Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား လော်ရှိုင်က ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သည်ဟု DP Tour သတင်းဝက်ဘ်ဆိုက်က

စာမျက်နှာ ၁၉ ကော်လံ ၁ ◆




## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၄

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ သက်စွန့်ကြိုးပမ်းထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အင်းမမြို့ရှိ နယ်မြေခံတပ်၌ ပြုလုပ်ရာ တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊

စာမျက်နှာ ၂၄ ကော်လံ ၄ ❖



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

## တာချီလိတ်မြို့တွင် ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၂၆ ဘီလီယံ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ မူးယစ်ဆေးဝါးရောင်းဝယ်သူများကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

နေပြည်တော် စက်တင်ဘာ ၁၄

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေပြီး လူသားမျိုးနွယ်တစ်ခုလုံးကို လူညွန့်တုံးပျက်စီးစေသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို အလုံးစုံပပျောက်ကင်းရှင်းစေရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တားဆီးနှိမ်နင်းတိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံအတွင်းရှိ ရနိုင်သမျှသော စွမ်းအားစု၊ အရင်းအမြစ်များ အသုံးပြုပြီး ပြည်သူလူထုနှင့်ပူးပေါင်း၍

စာမျက်နှာ ၂၄ ကော်လံ ၁ ■



## U.S. Open အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ဂျာမနီတင်းနစ်ကစားသမား ဇာဗီရက် ချန်ပီယံဆုဆွတ်ခူး

ဝါရှင်တန် စက်တင်ဘာ ၁၄

အမေရိကန်နိုင်ငံတွင် ကျင်းပခဲ့သည့် U.S. Open အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ဂျာမနီတင်းနစ်ကစားသမား ဇာဗီရက်နှင့် အမေရိကန်တင်းနစ်ကစားသမား ချဲလ်တန်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဇာဗီရက်က အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်ဟု

စာမျက်နှာ ၁၉ ကော်လံ ၁ ●